# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ကဆုန်လဆန်း ၁၂ ရက်၊ ကြာသပတေးနေ့။ Thursday 26 April 2018 ၄၂၆၈


**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

# မဟာဗျူဟာမြောက် စီးပွားရေးစင်္ကြံတည်ဆောက်ရေးနှင့် ရခိုင်ဒေသ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေး နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ခေါင်းဆောင်များနှင့် အကြီးအကဲများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်လည်ပတ်ရေး၊ ပိုးလမ်းမကြီးနှင့် ပတ်သက်၍ မဟာဗျူဟာမြောက် စီးပွားရေးစင်္ကြံတည်ဆောက်ရေး၊ နှစ်နိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ရခိုင်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်လည်း တက်ရောက်သည်။ **သတင်းစဉ်**

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ**

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် **ကာကွယ်ရေးဝန်ကြီးဌာန** နှင့် **စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့** တို့၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပို (၈) မျက်နှာဖြင့် ဖော်ပြထားပါသည်။

**ဂျပန်နိုင်ငံအစိုးရက ရေဝတီတိုင်းဒေသကြီးတွင် ဒေါ်လာ ၉၇၇၆၄ တန်ဖိုးရှိ စာသင်ကျောင်း ထောက်ပံ့ကူညီ**

စာမျက်နှာ - ၅

**ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ တောင်ပြိုလက်ဝဲ နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းအနီးသို့ သွားရောက်သတင်းရယူ**

စာမျက်နှာ - ၁၀




ကြေးမုံ

# ပြည်သူ့ကျန်းမာရေးကို အလေးထားရှေးရှု

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံကြီး မီးလောင်ကျွမ်းမှုဖြစ်ပေါ်နေသည်မှာ ယနေ့ဆိုလျှင် ငါးရက်ကြာမြင့်ခဲ့ပြီ ဖြစ်သည်။ အမှိုက်ပုံကြီး မီးလောင်မှုကြောင့် ဆက်စပ်မြို့နယ်များနေ ပြည်သူများ စိုးရိမ်ပူပန်မှုဖြစ်ကြရသည့်အပြင် အဆိုပါအမှိုက်ပုံမီးလောင်မှုမှ ပေါ်ထွက်လာသော မီးခိုးများကြောင့် ပြည်သူများ ကျန်းမာရေး ထိခိုက်မှု မရှိစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရမည် ဖြစ်သည်။

အမှိုက်ပုံမီးလောင်မှုမှာ ဖြစ်ရိုးဖြစ်စဉ်ဟုဆိုသော်လည်း ယခု လောင်ကျွမ်းနေသော ထိန်ပင်အမှိုက်ပုံမီးလောင်မှုမှာ ရက်ကြာရှည်နေ သည့်အပြင် မီးလောင်ကျွမ်းနေသည့် အမှိုက်များ၏ဧရိယာမှာ ကြီးမား ကျယ်ပြန့်လှသဖြင့် အမှိုက်မီးလောင်မှုကြောင့် အမှုန်အမွှားများ၊ မီးခိုးအနံ့ များ၊ ဓာတ်ငွေ့များမှာ ပတ်ဝန်းကျင်ရှိ လေထုထဲတွင် လွင့်ပါနေသည်။ ယခုဆိုလျှင် အဆိုပါမီးခိုးအနံ့များကို ရှူရှိုက်မိသည့် ပြည်သူအချို့မှာ အသက်ရှူကျပ်သည့် ဝေဒနာများ ခံစားနေရသည်ဟု ကြားသိရသည်။

ထိန်ပင်အမှိုက်ပုံကွင်းပြင်ကြီးမှာ ဧက ၁၂၀ ခန့်ကျယ်ဝန်းသည့်အနက် ဧက ၈၀ ခန့်မှာ အမှိုက်များနှင့် ပြည့်နှက်နေပြီး မေ ၂၁ ရက် နံနက်ပိုင်းမှ စတင်မီးလောင်ကျွမ်းကြောင်း သိရသည်။ မီးလောင်ကျွမ်းမှုကို စတင် သိရှိလျှင်သိရှိချင်း သက်ဆိုင်ရာတို့က မီးသတ်ကားများ၊ ရေဖျန်းကားများ ဖြင့် ငြိမ်းသတ်ခဲ့သော်လည်း လောင်စာအမှိုက်များအတွင်း လှိုက်လောင်ကျွမ်း နေသည့်အပြင် မီးလောင်ရာလေပင့်သောကြောင့် ယနေ့ထက်တိုင် ငြိမ်းသတ်နိုင်ခြင်းမရှိသေးဘဲ မေ ၂၇ ရက်ခန့်ရောက်မှသာ လောင်စာကုန် မီးငြိမ်းသဘောဖြင့် ရပ်တန့်သွားလိမ့်မည်ဟု သက်ဆိုင်ရာက ခန့်မှန်း ထားသည်။

အမှိုက်ပုံမီးကို ငြိမ်းသတ်ရာတွင် လောင်ကျွမ်းမှုဧရိယာမှာ ကျယ်ပြန့် သောကြောင့် လွှမ်းခြုံရေဖျန်းနိုင်မှု မပြုလုပ်နိုင်ရာ မီးကွင်းမီးကျန်မှ မီးခိုးလုံးများ အဆက်မပြတ် ပေါ်ထွက်လျက်ရှိသည်။ မီးခိုးငွေ့များတွင် ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနောက်ဆိုက်ဓာတ်ငွေ့များ ပါဝင်လာ သဖြင့် ထိုမီးခိုးငွေ့များ ရှူရှိုက်မိသော ပြည်သူများအနက် နှလုံး၊ အသက်ရှူ လမ်းကြောင်းနှင့် အဆုတ်ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များမှာ အထူးသတိထားပြီး နှာခေါင်းစည်းများ တပ်ဆင်ထားရန် လိုအပ်ပေသည်။

မီးခိုးငွေ့ကြောင့် ဖြစ်ပေါ်နိုင်သော သာမန်ကျန်းမာရေးပြဿနာ များမှာ ချောင်းဆိုးခြင်း၊ လည်ချောင်းယားယံခြင်း၊ မျက်စိစပ်ခြင်းနှင့် မျက်ရည်ကျခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်းတို့ ဖြစ်တတ်သည်။ မီးခိုးငွေ့ကြောင့် အပြင်းအထန်ဖြစ်နိုင်သော ကျန်းမာရေးပြဿနာများမှာ အသက်ရှူမြန်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ နှလုံး၊ အသက်ရှူလမ်းကြောင်း နှင့် ရင်ကျပ်ပန်းနာရောဂါများ ပိုမိုဆိုးရွားစေခြင်း၊ အသက်ရှူကျပ်ခြင်း၊ ချောင်းဆိုးခြင်းတို့ ဖြစ်စေနိုင်သည်။ ကာဗွန်မိုနောက်ဆိုက် ဓာတ်ငွေ့ကြောင့် ဖြစ်စေနိုင်သောပြဿနာများမှာ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ အားနည်းခြင်း၊ အန်ခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းတို့ကို ဖြစ်စေတတ်သည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့မှာ အများသိကြ သည့်အတိုင်း ရေရှည်တွင် အဆုတ်ကင်ဆာရောဂါအထိ ဖြစ်စေတတ် သည်ဟု ကျန်းမာရေးဆိုင်ရာက အသိပေးထားသည်။

သို့ဖြစ်ရာ အမှိုက်ပုံဟူသည်မှာ ဓာတ်ပြုမှုများဖြစ်ပွားပြီး အလိုအလျောက် မီးလောင်စေတတ်သည့်အပြင် နွေရာသီကာလတွင် မီးလောင်တတ်သည့် သဘောရှိသောကြောင့် အမှိုက်ပုံမီးမှတစ်ဆင့် ပေါ်ထွက်လာသော အနံ့ဆိုးများ၊ ဓာတ်ငွေ့များအား ရှူရှိုက်မိသည့် ပြည်သူများ ကျန်းမာရေးအတွက် အလေးထား ကာကွယ်စောင့်ရှောက်ပေး ရမည်ဖြစ်သည်။ ထို့အပြင် အမှိုက်ပုံ ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ပြည်သူများ ကျန်းမာရေးအတွက် ဘေးအန္တရာယ်မဖြစ်စေရေးကို သက်ဆိုင်ရာတို့က ကြိုတင်မြော်တွေး၍ စနစ်တကျထားရှိရေး၊ စနစ်တကျ ဖျက်သိမ်းရေးတို့ တီထွင်ကြံဆလုပ်ကိုင်ခြင်းဖြင့် အများပြည်သူအကျိုးကို ရှေးရှုကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သုတေသနနှင့် မျိုးပွားခြံများအနေဖြင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ ပေါ်ထွန်းလာရေးကို မျှော်မှန်းဆောင်ရွက်ရန်လိုအပ်



**နေပြည်တော် မေ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကရင်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ဘားအံမြို့နယ် နောင်ဘိုကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများနှင့် ကျေးရွာစာကြည့်တိုက်တို့ကို ကြည့်ရှုအားပေးပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကျေးရွာစာကြည့်တိုက်အတွက် စိုက်ပျိုးရေးနည်းပညာပေး စာအုပ်၊ စာစောင်များပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေး၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးချုပ်များ နှင့်အတူ မုဒုံမြို့နယ် ကန်ကလေးဥယျာဉ်ခြံသို့လည်းကောင်း၊ နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံသို့လည်းကောင်း ရောက်ရှိကြပြီး သစ်သီးဝလံ မျိုးကောင်းမျိုးသန့်များ မျိုးပွားထုတ်လုပ်ပေးနေမှု၊ GAP နှင့် အော်ဂဲနစ်ဆိုင်ရာ နည်းပညာများ ပြန့်ပွားရေး ဆောင်ရွက်နေမှု၊ သုတေသနဖွံ့ဖြိုးရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

မေ ၂၂ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပေါင်မြို့နယ် ကျုံကဥယျာဉ်ခြံသို့ ရောက်ရှိကြပြီး ခြံအတွင်းရှိ ပရဆေးပင်များ၊ ကိုကိုးပင်များ၊ မင်းကွတ်၊ ကြက်မောက်နှင့် ဒူးရင်းပင်များ အောင်မြင် ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ခြံတာဝန်ခံတို့က ရှင်းလင်းတင်ပြကြသည်။

ဥယျာဉ်ခြံများသို့ ရောက်ရှိစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးမှာကြားရာ၌ ဌာနပိုင်ခြံများအနေဖြင့် သစ်သီးဝလံမျိုးများ ထိန်းသိမ်းခြင်း၊ မျိုးသစ်များ ရှာဖွေစုဆောင်းခြင်းနှင့် ဈေးကွက်ဝင် သီးနှံမျိုးများ ပွားများထုတ်လုပ်ပေးနိုင်ရေး ဆောင်ရွက်ပေးခြင်းအပြင် သုတေသနနှင့် တောင်သူပညာပေးလုပ်ငန်းများကို ပိုမိုအားစိုက်ဆောင်ရွက်ကြစေလိုကြောင်း၊ ခေတ်မီစိုက်ပျိုးနည်းစနစ် လိုက်နာကျင့်သုံးမှု၊ ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးချမှု အပါအဝင် သီးနှံဈေးကွက်ဆိုင်ရာ သတင်းအချက်အလက် လေ့လာအကဲခတ်ခြင်းစသည့် စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ ဗဟုသုတများသည် တောင်သူများအတွက် လတ်တလော ဖြည့်ဆည်းပေးရမည့် လိုအပ်ချက်များဖြစ်ကြောင်း၊ ဌာနပိုင်ခြံများအနေဖြင့် မိမိတို့၏ သုတေသနရလဒ်များနှင့် နည်းပညာပံ့ပိုးပေးမှုတို့ကြောင့် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများပေါ်ထွန်းလာရေးကို မျှော်မှန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင် ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးနှင့် ဌာနဆိုင်ရာများသည် ကညော်၊ မုနိုင်း၊ ကမာမိုး၊ ကျိုက်တဲ၊ ရွာလွတ်၊ ဇုတ်သုတ်၊ ဥတ္တမာကျေးရွာများတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ရှင်းလင်းတင်ပြသည်။

မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကို ၂၀၁၂ ခုနှစ် နိုဝင်ဘာလမှစတင်၍ ၂၀၂၁ ခုနှစ် မတ်လအထိ မြို့နယ် ၆ ခု မြို့နယ်ရှိ ကျေးရွာများတွင် ဆောင်ရွက်သွားမည်ဖြစ်ကာ လမ်း၊ တံတား၊ ရေပေးဝေရေး၊ မီးလင်းရေး၊ စာသင်ကျောင်း၊ ကျေးရွာခန်းမ၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ကျေးလက်ဈေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအပြင် ဖွံ့ဖြိုးရေးသင်တန်းများ ပို့ချပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဥတ္တရသီရိမြို့နယ် မီးလောင်ကုန်းကျေးရွာ၌ သောက်သုံးရေရရှိ၍ အဆင်ပြေ

**နေပြည်တော် မေ ၂၅**

နေပြည်တော် ဥတ္တရသီရိမြို့နယ် မီးလောင်ကုန်းကျေးရွာတွင် ရာသီမရွေး သောက်သုံးရေရရှိပြီ ဖြစ်၍ ဒေသခံပြည်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ဒီရွာမှာ ဘယ်နေရာမှာ တူးတူး ရေငန်ပဲ ထွက်လို့ နွေရာသီမှာ သောက်ရေရဖို့ တစ်နာရီကျော် အချိန်ပေးပြီး ချောက်ထဲက ရေတွင်းမှာ အနည်းငယ်ထွက်တဲ့ ရေကိုစစ်ပြီး ခပ်နေရတာပါ၊ အခုတော့ ပြည်သူရယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ ယူနီဆက်တို့ပူးပေါင်းပြီး အခုနှစ် ဇန်နဝါရီလမှစတင်ပြီး ရေချိုထွက်ရှိတဲ့ ဘေးနားက အောင်ချမ်းသာကျေးရွာမှာ စက်ရေတွင်း(တွင်းနက်) တူးဖော်ပေးပါတယ်။ စင်မြင့်ရေစင် တည်ဆောက်ခြင်းနဲ့ ကျေးရွာထဲမှာ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန် တစ်ကန် တည်ဆောက်ပေးခဲ့ပြီး မီးလောင်ကုန်းကျေးရွာအရောက် ရေပိုက်လိုင်း သွယ်တန်းခြင်း လုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်၊ အခုဆို ရာသီမရွေး သောက်သုံးရေ လုံလောက်စွာ ရရှိခဲ့ပြီဖြစ်ပါတယ်” ဟု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်က ပြောသည်။

စက်ရေတွင်းနှင့် ရေကန်တို့ကိုလည်း ရေရှည်အသုံးပြုနိုင်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းရမည့် လုပ်ငန်းစဉ်များကိုလည်း ကျေးရွာရေကော်မတီများနှင့် ဆွေးနွေးခဲ့ကြောင်း ၎င်းကဆက်လက်ပြောသည်။

**ရွှေရဲရင့်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၅**

ရန်ကုန်(ရွှေဈေး) ၉၄၂၀၀၀ - ၉၄၂၀၀၀    မန္တလေး(ရွှေဈေး) ၉၄၂၀၀၀ - ၉၄၂၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၂၀/၈၃၅ ကျပ်၊ | ၈၅၀/၈၉၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၃၅/၈၅၀ ကျပ်၊ | ၈၉၀/၉၄၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၈၅/၈၀၅ ကျပ်၊ | ၈၅၅/၈၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၅/၈၅၀ ကျပ်၊ | ၈၆၀/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၁၀/၈၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၁၅/၈၂၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၅/၇၈၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၃၁. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၂၈. ၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၁. ၀၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၃၂၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၀. ၆၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၄၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၃. ၅၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၀. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၆. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရန်းကန် ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ နိုင်ငံတကာမျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့ နိုင်ငံနဲ့ ကျွန်တော်တို့ ပြည်သူတွေ ဒီကနေ့တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်တွင် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စုပေါင်းအင်အား

ယခုလာမယ့် မြန်မာသက္ကရာဇ် ၁၃၈၀ ပြည့်နှစ်အတွက် ကျွန်မတို့အစိုးရအနေနဲ့ "စုပေါင်းအင်အား"ကို အလေးထားပြီး နိုင်ငံရဲ့ စိန်ခေါ်မှုကြီးများကို ကျော်ဖြတ်ဖို့ သန္နိဋ္ဌာန်ချလိုက်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## နိုင်ငံတော်သမ္မတ ဓာတ်ပုံများ ဆက်သွယ်ဝယ်ယူနိုင်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ဓာတ်ပုံ(ခေါင်းပေါင်း၊ တိုက်ပုံအနက်နှင့် ရွှေစလွယ်ဝတ်ဆင်ထားသည့် အတည်ပြုသတ်မှတ်ထားသောပုံ)ကို ရုံးဌာနအသီးသီးနှင့် အဖွဲ့အစည်းအသီးသီးတို့အတွက် ဝယ်ယူလိုပါက နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ အောက်ပါ စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်-

| | | |
|---|---|---|
| (က) | ပြန်ကြားရေးဝန်ကြီးဌာန | ၀၆၇-၃၄၁၂၃၂၈ |
| | အုပ်ချုပ်ရေးနှင့်လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ | ၀၉-၄၄၈၅၄၄၉၈၃ |
| (ခ) | ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန | ၀၆၇-၃၄၁၂၇၃၁၊ ၀၁-၈၃၇၁၃၄၀ |
| | ထုတ်လုပ်ရေးဌာနခွဲ | ၀၉-၅၀၅၇၀၁၄ |
| (ဂ) | စာပေဗိမာန်အရောင်းဆိုင်(နေပြည်တော်) | ၀၆၇-၃၄၁၄၆၈၁ |
| | တ(၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော် | ၀၉-၇၉၀၄၀၃၂၈၈ |
| (ဃ) | စာပေဗိမာန်အရောင်းဆိုင်(ရန်ကုန်) | ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ |
| | အမှတ်(၅၂၉/၅၃၁)၊ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ၀၉-၄၃၁၆၉၆၃၄ |
| (င) | စာပေဗိမာန်အရောင်းဆိုင်(မန္တလေး) | ၀၂-၃၀၁၈၆ |
| | (၈၆) လမ်း(၂၀ လမ်းနှင့် ၂၂ လမ်းကြား)၊ မန္တလေးမြို့ | ၀၉-၄၀၂၆၈၈၁၈၈ |

ပုံအရွယ်အစားအလိုက် ကျသင့်သော ဈေးနှုန်းကို www.moi.gov.mm Webpage တွင် ဖော်ပြထားပြီး ရုံး၊ ဌာနအဖွဲ့အစည်းများအလိုက် မှာယူလိုသော ဓာတ်ပုံအရေအတွက်၊ ပေးပို့စေလိုသည့် နေရာတို့အား ဖော်ပြ၍ ဆက်သွယ်မှာယူနိုင်ပါကြောင်းနှင့် သက်ဆိုင်ရာဌာနနှင့် နေရာများအရောက် ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဖြည့်စွက်ခန့်ထား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၂၀/၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁၁ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်)

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင် ဖြည့်စွက်ခန့်ထားခြင်း**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၁၉ ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ခန့်ထားလိုက်သည်-

(၁) ဦးစိန်သန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
(၂) ဦးညွန့်တင်
သံအမတ်ကြီး(ငြိမ်း)
(၃) ဒေါက်တာဒေါ်တင်မေထွန်း
ပါမောက္ခ(ငြိမ်း)
အဝေးသင်တက္ကသိုလ်(ရန်ကုန်)

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## နယ်စပ်ဖြတ်ကျော်မှုခင်းအစီအစဉ်အရ ငွေကြေးဆိုင်ရာ မှုခင်းများနှင့် ငွေကြေးခဝါချမှုများကို တရားစွဲဆို ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး၏ ကူညီမှုဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အမေရိကန်ပြည်ထောင်စုတရားရေးဌာနတို့ ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော်မှုခင်း အစီအစဉ်အရ ငွေကြေးဆိုင်ရာ မှုခင်းများနှင့် ငွေကြေးခဝါချမှုများကို တရားစွဲဆို ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို နေပြည်တော် ဟီလ်တန်ဟိုတယ်၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီးနှင့် အမေရိကန်ပြည်ထောင်စုတရားရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့၊ မှုခင်းတပ်ဖွဲ့နှင့် သတင်းတပ်ဖွဲ့တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် ဥပဒေအရာရှိ ၂၄ ဦးတို့ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး Mr. Scot Marciel တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံဖြတ်ကျော် မှုခင်းများ တိုက်ဖျက်ရာ၌ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြသူများ၏ အရည်အချင်းများမြင့်မားပြီး ငွေကြေးဆိုင်ရာမှုခင်းများနှင့် ငွေကြေးခဝါချမှုများအား တိုက်ဖျက်ရာတွင် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းမှုလုပ်ငန်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းများ၊ ငွေကြေးဆိုင်ရာ မှတ်တမ်းများနှင့် သက်သေခံချက်များကို တရားရုံးတွင် တင်ပြခြင်း၊ အခြားနိုင်ငံများမှ သက်သေခံချက်များ ရယူခြင်းနှင့် တရားစွဲ အဖွဲ့အစည်းများအကြား ပူးပေါင်း ဆောင်ရွက်ခြင်းတို့ကို အမေရိကန်ပြည်ထောင်စုတရားရေးဌာနမှ ပညာရှင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာ မှုခင်းနှိမ်နင်းရေးရဲတပ်ဖွဲ့တို့မှ ကျွမ်းကျင်ပညာရှင်များက ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၆ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပရန် ထိုင်းဆန္ဒရှိ

**ဗန်ကောက် မေ ၂၅**

မိမိ၏နိုင်ငံသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့၏ ထိပ်သီးဆွေးနွေးပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် ဆန္ဒရှိကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီး ဒွန်ပရာမွတ်ဒွင်နိုင်းက ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့်နေရာနှင့်ပတ်သက်၍ ထင်ကြေးပေးပြောဆိုသံများ ပေါ်ထွက်နေချိန်အတွင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက သတင်းထောက်များကို အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

သမ္မတထရန့်နှင့် ခေါင်းဆောင်ကြီးကင်တို့၏ ထိပ်သီးဆွေးနွေးပွဲအတွက် အထောက်အကူပေးရန်နှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် အသင့်ရှိကြောင်း၊ သို့ရာတွင် ယင်းထိပ်သီးဆွေးနွေးပွဲ ကျင်းပရေးနှင့် ပတ်သက်၍ မိမိတို့ကို ဆက်သွယ်လာမည့်အလားအလာ မတွေ့မြင်ရသေးကြောင်း ဝန်ကြီးဒွန်က ပြောကြားသည်။ ဗန်ကောက်ရှိ အမေရိကန်သံရုံးကမူ ၎င်း၏ပြောကြားချက်နှင့် စပ်လျဉ်း၍ မှတ်ချက်ပေးပြောဆိုရန် ငြင်းဆိုသည်။

မြောက်ကိုရီးယားခေါင်းဆောင်ကင်သည် တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းနှင့် မေ ၂၇ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်။ ကိုရီးယားနှစ်နိုင်ငံ ထိပ်သီးဆွေးနွေးပွဲသည် ရှေ့ဆင့်နောက်ဆင့် ကျင်းပရန် စီစဉ်ထားသော အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲအတွက် ရှေ့ပြေးထူးခြား ဖြစ်စဉ်တစ်ရပ်အဖြစ် ရှုမြင်ကြသည်။

မိမိနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ထိပ်သီးဆွေးနွေးပွဲမှာ ဇွန်လအစောပိုင်းတွင် ကျင်းပနိုင်ဖွယ်ရှိပြီး ကျင်းပရန် အဆိုပြုထားသည့် နေရာငါးနေရာအနက် မည်သည့်နေရာတွင် ကျင်းပမည်ကို စဉ်းစားသုံးသပ်နေဆဲဖြစ်ကြောင်း သမ္မတထရန့်က ဧပြီလအစောပိုင်းတွင် ပြောကြားခဲ့သည်။





ထိပ်သီးဆွေးနွေးပွဲ ကျင်းပမည့်နေရာအတိအကျကို ထရန့်က ထုတ်ဖော်ပြောကြားခြင်း မရှိသဖြင့် ယင်းထိပ်သီးဆွေးနွေးပွဲကို မွန်ဂိုလီးယား၊ စကန်ဒီနေဗီးယားနိုင်ငံများ၊ စင်ကာပူ စသည့်နိုင်ငံတစ်နိုင်ငံတွင် ကျင်းပဖွယ်ရှိသည်ဟု ထင်ကြေးပေးပြောဆိုမှု များပေါ်ထွက်လျက်ရှိသည်။

ထိုင်းနိုင်ငံသည် အမေရိကန်၏ မဟာမိတ်နိုင်ငံဖြစ်ပြီး မြောက်ကိုရီးယားနှင့်လည်း သံတမန်ဆက်ဆံရေး ထူထောင်ထားသည်။

**အေအက်ဖ်ပီ**

# အာချေးပြည်နယ်၌ ရေနံတွင်း မီးလောင်မှု လူ ၁၅ ဦးထက်မနည်း သေဆုံး

**ဂျကာတာ မေ ၂၅**

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်၌ လိုင်စင်မဲ့ လုပ်ကိုင်နေသော ရေနံတွင်းတစ်တွင်းတွင် မီးအကြီးအကျယ် လောင်ကျွမ်းမှုဖြစ်ပွားရာ လူ ၁၅ ဦးထက်မနည်း သေဆုံးရပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ယနေ့တွင် သတင်းထုတ်ပြန်သည်။

အာချေးပြည်နယ် အရှေ့ပိုင်းရှိ ဥပဒေမဲ့လုပ်ကိုင်နေသော ရေနံတွင်းတစ်တွင်းတွင် ရေနံယိုဖိတ်ရာမှ မီးစွဲလောင်မှု ဖြစ်ပွားခဲ့ရာ လူ ၁၅ ဦးထက်မနည်း မီးလောင်ဒဏ်ရာရရှိပြီး သေဆုံးခဲ့ကြောင်း၊ မေ ၂၄ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီခွဲခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး သုံးနာရီကြာမျှ ဆိုးဆိုးရွားရွား ပြင်းပြင်းထန်ထန် လောင်ကျွမ်းနေခဲ့ကြောင်း သဘာဝဘေးအန္တရာယ် လျှော့ချရေး အေဂျင်စီ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါနိုင်ဂူရူဟိုက ပြောကြားသည်။



ရေနံတွင်းမှ ရေနံပန်းထွက်နေချိန်အတွင်း မီးစွဲလောင်ခဲ့ခြင်းဖြစ်ပြီး မီးလောင်ခြင်းမရှိမီ ရေနံစုဆောင်းယူနိုင်ရန် ရေနံတွင်းအနီးအနား၌ လုပ်ကိုင်နေကြသော ဒေသခံအလုပ်သမားများ မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လူ ၁၉ ဦးထက်မနည်း မီးလောင်ဒဏ်ရာရရှိခဲ့ကြပြီး နေအိမ်ငါးလုံး မီးဝါးမြိုခံခဲ့ရကြောင်း၊ လောင်စာအားကောင်းနေသဖြင့် မီးကို ထိန်းချုပ်နိုင်ရန် ခက်ခက်ခဲခဲ ကြိုးပမ်းရကြောင်း ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ် အရှေ့ပိုင်းဒေသ၌ ဥပဒေမဲ့လုပ်ကိုင်နေသော ရေနံတွင်းအများအပြား ရှိနေကြောင်း၊ ဒေသခံရွာသူရွာသားများက ရေနံတွင်းငယ်များကို လိုင်စင်မရှိဘဲ လုပ်ကိုင်နေကြပြီး ဘေးအန္တရာယ် လုံခြုံရေးဆိုင်ရာ ဥပဒေစည်းမျဉ်းများ လိုက်နာမှုမရှိခြင်းကြောင့် ရေနံတွင်းမီးလောင်မှုဖြစ်စဉ်များမှာ ဖြစ်ရိုးဖြစ်စဉ်ပင်ဖြစ်နေကြောင်း မီးသတ်တပ်ဖွဲ့က ပြောကြားသည်။ **အေအက်ဖ်ပီ**

# စင်ကာပူနိုင်ငံတွင် ပထမဆုံး သားပေါက်ခဲ့သည့် ဝင်ရိုးစွန်းဝက်ဝံကြီး သေဆုံး

**စင်ကာပူ မေ ၂၅**

စင်ကာပူနိုင်ငံသားများနှင့် ခရီးသွားဧည့်သည်များ ချစ်ခင်ကြသည့် အန်နုကာအမည်ရှိ ဝင်ရိုးစွန်းဝက်ဝံကြီးသည် ၎င်းအား ယခင်နှင့်ယခု ပြုစုစောင့်ရှောက်ပေးသူများဝန်းရံလျက်ရှိစဉ် သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း ယနေ့တွင် ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အသက် ၂၇ နှစ် အရွယ်ရှိပြီဖြစ်သည့် ဝင်ရိုးစွန်းဝက်ဝံအထီးကြီး အန်နုကာ၏ နောက်ဆုံးထွက်သက်ကုန်ဆုံးချိန် ယနေ့ညနေပိုင်းအထိ ၎င်းနှင့်ပတ်သက်သည့် ဓာတ်ပုံများကို စင်ကာပူတိရစ္ဆာန်ဥယျာဉ်က အသေးစိတ်ထုတ်ပြန်ပေးခဲ့သည်။

အန်နုကာ၏ ဝမ်းဗိုက်နှင့် ခြေချောင်းများရှိ အနာများကို စင်ကာပူနိုင်ငံ တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေးဌာန ဒုတိယအကြီးအကဲနှင့် အသက်ဇီဝဆိုင်ရာ သိပ္ပံရေးရာအရာရှိ ဒေါက်တာချမ်းဝမ်ဟွာက စစ်ဆေးနေသည့် ဓာတ်ပုံများကို ထုတ်ခဲ့သည်။ ဝင်ရိုးစွန်းဝက်ဝံကြီး အန်နုကာသည် အပူပိုင်းဇုန်တွင် ပထမဆုံးသားပေါက်ခဲ့သည့် တစ်ကောင်တည်းသော ဝင်ရိုးစွန်းဝက်ဝံဖြစ်ပြီး စင်ကာပူတိရစ္ဆာန်ဥယျာဉ်က မွေးမြူစောင့်ရှောက်လာခဲ့သည်။

ဝင်ရိုးစွန်းဝက်ဝံကြီး အင်နုကာကို လွန်ခဲ့သည့် ရက်သတ္တသုံးပတ်ကတည်းက အထူးကုသမှုများ ပြုလုပ်ပေးခဲ့သော်လည်း ဝမ်းဗိုက်တွင်ဖြစ်ပေါ်သည့်အနာများမှာ ထူးခြားစွာ ပျောက်ကင်းတိုးတက်မှု မရှိခဲ့ပေ။

စင်ကာပူတိရစ္ဆာန်ဥယျာဉ်မှ တာဝန်ရှိသူများက ဝင်ရိုးစွန်းဝက်ဝံကြီးအား ၎င်းခံစားနေရသည့်ရောဂါဝေဒနာမှ ညင်သာစွာလွန်မြောက်နိုင်ရေးအတွက် မေ့ဆေးပေးရန် ဆုံးဖြတ်ခဲ့သည်။

စင်ကာပူတိရစ္ဆာန်ဥယျာဉ်မှ ထုတ်ပြန်သည့် အခြားဓာတ်ပုံတစ်ပုံတွင် ပြုစုစောင့်ရှောက်မှုပြုနေသူတစ်ဦးက ဝက်ဝံကြီး၏ လက်သည်းများရှိသည့် လက်ပေါ်တွင် ၎င်း၏လက်အစုံကိုတင်ကာ နောက်ဆုံးနှုတ်ဆက်စကားပြောကြားနေပုံ ဖော်ပြထားသည်။

ဝက်ဝံကြီး အန်နုကာသည် ပြုစုစောင့်ရှောက်ကြသူများ အလယ်တွင် လဲလျောင်းနေစဉ် ဒေါက်တာမက်သရူးက ၎င်းအား မေ့ဆေးပေးနိုင်ရေး ဆေးထိုးပေးနေပုံကို တတိယမြောက်ထုတ်ပြန်သည့်ဓာတ်ပုံတွင် ဖော်ပြသည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံတွင် အသေခံဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ ရဲအရာရှိ ခြောက်ဦးသေဆုံး

**အစ္စလာမ္မာဘတ် မေ ၂၅**

ပါကစ္စတန်နိုင်ငံ ဘာလိုချီစတန်စီရင်စု အနောက်တောင်ပိုင်းရှိ ကာဝေတာမြို့တွင် အသေခံဗုံးသုံးလုံး ပေါက်ကွဲခဲ့ရာ အနည်းဆုံးရဲအရာရှိ ခြောက်ဦးသေဆုံးခဲ့ပြီး ၁၅ ဦးထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့အေအက်ဖ်ပီသတင်းတစ်ရပ်အရ သိရသည်။

ရဲတပ်ဖွဲ့ဝင်များနှင့် ပါကစ္စတန်တပ်ဖွဲ့များက အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းလျက်ရှိသည့်အတွက် အိုင်အက်စ်စစ်သွေးကြွများက လက်တုံ့ပြန်သည့်အနေဖြင့် အဆိုပါအသေခံဗုံးဖောက်ခွဲမှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ နယ်စပ်ဂိတ်တွင် လုံခြုံရေးရဲအရာရှိများက သင်္ကာမကင်းဖြစ်သဖြင့် ပထမအသေခံဗုံးဖောက်ခွဲသမားအား စစ်ဆေးမေးမြန်းစဉ် ၎င်းကအသေခံဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီး ဂူလမ်အလီဘာလို့ချ်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောသည်။




မကြာမီအချိန်တွင် ဒုတိယအသေခံဗုံးဖောက်ခွဲသမားသည် လုံခြုံရေးအရာရှိများနှင့် သေနတ်များ အပြန်အလှန်ပစ်ခတ်ခဲ့ပြီး အသေခံဗုံးဖောက်ခွဲခဲ့ခြင်း ဖြစ်သည်။

အခင်းဖြစ်ပွားခဲ့ပြီး နာရီဝက်ခန့်အကြာတွင် လေဆိပ်သို့သွားသည့်လမ်းပေါ်ရှိ ရဲအရာရှိများ လိုက်ပါစီးနင်းခဲ့သော ထရပ်ကားကို တတိယမြောက်အသေခံဗုံးဖောက်ခွဲသမားက ဆိုင်ကယ်ဖြင့်ဝင်ရောက်တိုက်ခဲ့ပြီး ဗုံးဖောက်ခွဲခဲ့ရာ ရဲအရာရှိခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဗုံးဖောက်ခွဲမှုသည် ပြင်းထန်လွန်းသည့်အတွက် ထရပ်ကား မှောက်သွားခဲ့ကြောင်း ကာဝေတာမြို့ ရဲချုပ်မိုဇမ်ဂျာအာန်ဆာရီက ဆိုသည်။ **အေအက်ဖ်ပီ**

# တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပမည်

**ရန်ကုန် မေ ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူးကျင်းပသော အကြိမ် (၇၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ် ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲအခမ်းအနားကို ၁၃၈၀ ပြည့်နှစ် နယုန်လဆန်း ၄ ရက် (မေ ၁၈ ရက်) (သောကြာနေ့) နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာမဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်များသည် မေ ၁၇ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်နှင့် ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်ထားကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ ပုစ္ဆကဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆိုရေးဖြေ အောင်မြင်တော်မူကြသော တိပိဋကဓရ တစ်ပါး၊ မူလအာဘိဓမ္မိက နှစ်ပါး၊ ဒီဃနိကာယကောဝိဒ တစ်ပါး၊ ဒီဃဘာဏက ခြောက်ပါး၊ ဝိနယကောဝိဒ လေးပါး၊ ဝိနယဓရ ၁၃ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ၁၀ ပါး၊ ဥဘတောဝိဘင်္ဂဓရ ၅၁ ပါး စုစုပေါင်း သာသနာ့အာဇာနည် စာအောင်သံဃာ ၈၈ ပါး အပါအဝင် သံဃာတော် ၂၅၉ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြရန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာန စာမေးပွဲဌာနခွဲ ဖုန်း-၀၁-၀၁၆၆၄၅၇၈၊ ၀၉-၂၆၄၄၃၆၅၄၅ နှင့် ၀၉-၂၆၁၀၉၀၂၄၄ တို့ကို ဆက်သွယ်၍ ကြိုတင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဂျပန်နိုင်ငံအစိုးရက ဧရာဝတီတိုင်းဒေသကြီးတွင် ဒေါ်လာ ၉၇၇၆၄ တန်ဖိုးရှိ စာသင်ကျောင်းထောက်ပံ့ကူညီ

**ညောင်တုန်း မေ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အောင်ပန်းမြိုင် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ ပထမအတွင်းဝန် Mr. Hiroki KUNII၊ တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ဂျိုးမြတ်မြတ်သူ၊ ညောင်တုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းလွင်၊ ဆောက်လုပ်ရေးစီမံကိန်းမှ ကော်မတီဥက္ကဋ္ဌ၊ ကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အောင်ပန်းမြိုင် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်းတွင် ကျောင်းသား ကျောင်းသူအရေအတွက်များပြားလာမှုကြောင့် ပင်မကျောင်းဆောင်အပြင် ယာယီစာသင်ကျောင်းဆောင် ဆောက်လုပ်သင်ကြားခဲ့သည်။ အဆိုပါ ယာယီကျောင်းဆောင်မှာ ၂၀၁၅ ခုနှစ် ရေဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ပြီး အတန်း ကိုးတန်းမှ ကျောင်းသား ကျောင်းသူ ၁၂၀ သည် စာသင်ခန်းတစ်ခန်းအတွင်း၌ ပညာသင်ကြားခဲ့ရသည်။ သင့်တင့်လျောက်ပတ်သော ကျောင်းပတ်ဝန်းကျင်တစ်ခု ဖြစ်လာစေရန် ဂျပန်နိုင်ငံအစိုးရက ၎င်း၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ စာသင်ခန်းငါးခန်း၊ စကြံလမ်းနှင့် ကျောင်းပရိဘောဂ အပြည့်အစုံပါဝင်သော တစ်ထပ်သံကူကွန်ကရစ် ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် ရန်ပုံငွေအမေရိကန်ဒေါ်လာ ၉၇၇၆၄ ကို ထောက်ပံ့ပေးခဲ့သည်။ ဤစီမံကိန်းကြောင့် ကျောင်းတွင် ပညာသင်ကြားနေကြသော ကျောင်းသား ကျောင်းသူ ၁၂၀ တို့ အကျိုးခံစားရမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# အပူဒဏ်အန္တရာယ် ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။
၂။ ပူပြင်းသော နေရောင်အောက်တွင် ပင်ပန်းစွာ အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
၃။ ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ။
၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် မနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။
၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။
၇။ ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားများဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့် ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။
၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# Computer Forensics and Digital Evidence အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် မေ ၂၅**

မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာ ကုလသမဂ္ဂရုံး (UNODC) ၏ နည်းပညာအကူအညီဖြင့် Computer Forensics and Digital Evidence အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ Kempinski ဟိုတယ်၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားသည်။




အလုပ်ရုံဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးအောင်ကြည်က ယခုအချိန်သည် စနစ်တစ်ခုသဖွယ် ပျံ့နှံ့ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုကို စနစ်တကျ တိုက်ဖျက်နိုင်ရန်အတွက် ပြင်ဆင်နေသည့် အချိန်ဖြစ်ကြောင်း၊ ထိုအချိန်၌ လိုအပ်သော အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးရာတွင် ကွန်ပျူတာ အသုံးပြုမှုခင်းများ စုံစမ်းစစ်ဆေးခြင်းနှင့် အီလက်ထရွန်နစ်သက်သေခံအထောက်အထားများ အသုံးပြုခြင်းနည်းပညာသည် အနာဂတ်ကာလ မှုခင်းများစုံစမ်းစစ်ဆေးရာတွင် မရှိမဖြစ်အရေးကြီးသော လိုအပ်ချက်ဖြစ်သောကြောင့် ဝန်ထမ်းများ ကျွမ်းကျင်မှုရရှိအောင် ကြိုးစားပြီး သင်ယူစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာကုလသမဂ္ဂရုံး (UNODC) မှ Country Manager ဖြစ်သူ Mr. TroelsVester က အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်းကို ရှင်းလင်းပြောကြားပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သင်တန်းသင်ရိုးညွှန်းတမ်း အုပ်စုအလိုက် စာအုပ် သုံးမျိုးနှင့် သင်တန်းလိုအပ်ချက်များ သုံးသပ်တင်ပြသည့် အစီရင်ခံစာ စာအုပ်တစ်အုပ် (မြန်မာ+အင်္ဂလိပ်)တို့ကို ကော်မရှင်ဥက္ကဋ္ဌထံ ပေးအပ်သည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် အလုပ်ရုံဆွေးနွေးပွဲတွင် ဝန်ထမ်းများအား လက်တွေ့ဆွေးနွေးပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မေ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်း ၂၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်နှင့် ပရဟိတ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း မော်လမြိုင်မြို့၌ ကျင်းပ

**မော်လမြိုင် မေ ၂၅**

လူငယ်၊ လူရွယ်များ ပရဟိတလုပ်ငန်းများကို စိတ်ဝင်စားပြီး ယခုထက်ပိုမိုပါဝင်ဆောင်ရွက်နိုင်ရေး ရည်ရွယ်ချက်ဖြင့် မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော "လူငယ်နှင့် ပရဟိတ" ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့ စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မွန်ပြည်နယ် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်တို့က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထိန်လင်းအောင်က ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က ပရဟိတကိစ္စများတွင် လူငယ်များ၏ အခန်းကဏ္ဍအရေးပါပုံကို လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နွယ်နွယ်အောင်က လူငယ်များ၏ ပရဟိတစိတ်ဓာတ် ထက်သန်မှုများကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက မြို့နယ်အတွင်း ပရဟိတအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေကို လည်းကောင်း၊ မြို့နယ်ကြက်ခြေနီအသင်း အတွင်းရေးမှူး ဦးမျိုးဝင်းယု၊ (Rescue)(EMR)အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့မှ ဦးဘိုဘိုဝင်းနှင့် မေတ္တာဆုံဆည်းအသင်း ဥက္ကဋ္ဌ ဒေါ်သီသီနွယ်တို့က ပရဟိတလုပ်ငန်းများတွင် လူငယ်များ ပါဝင်ဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပရဟိတလူမှုရေးကွန်ရက်အဖွဲ့အစည်းများ၊ လူငယ်လူရွယ်များ၊ စိတ်ပါဝင်စားသူများနှင့် ဒေသခံပြည်သူ ၁၅၀ ခန့် တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**



# (၅) ကြိမ်မြောက် တရုတ် - တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲကျင်းပမည်

**နေပြည်တော် မေ ၂၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သည် ပို့ကုန်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာကုန်သွယ်မှုမြှင့်တင်ရေးဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး နိုင်ငံတကာ ကုန်စည်ပြပွဲများကို သွားရောက်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"5th China-South Asia Expo & 25th China Kunming Import and Export Fair" "(၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၅) ကြိမ်မြောက် ကူမင်း ပို့ကုန်၊ သွင်းကုန် ကုန်စည်ပြပွဲ" ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kunming Dianchi International Convention and Exhibition Center တွင် ဇွန် ၁၄ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယခုနှစ်တွင် မြန်မာနိုင်ငံမှ ဂုဏ်ထူးဆောင်နိုင်ငံ (Country of Honor) အဖြစ် ပါဝင်ပြသရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာအမျိုးသားပြခန်းဆောင် (National Pavilion) တည်ဆောက်ခင်းကျင်းပြသမည်ဖြစ်ပြီး တရုတ်ပြပွဲကော်မတီဘက်မှ ပြခန်း ၈၀ ကို မြန်မာနိုင်ငံအတွက် ပါဝင်ပြသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ပြသနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ပြပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ နေပြည်တော် ဖုန်း-၀၆၇-၄၃၀၄၄၆၊ ၄၃၀၄၄၇၊ ဖက်(စ်) ၀၆၇-၄၃၀၁၂၈၊ Email: moctradefair@gmail.com နှင့် မြန်မာကုန်သွယ်မှုဗဟိုဌာန (ရန်ကုန်) ဖုန်း-၀၁-၂၅၄၀၂၄၊ Email: itpic.moc@gmail.com တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပမည့် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံ

ခင်နှင်းဦး

အရှေ့တောင်အာရှနိုင်ငံများအသင်း (Association of Southeast Asian Nations) ကို ၁၉၆၇ ခုနှစ်က စတင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အသင်းဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။ အရှေ့တောင်အာရှနိုင်ငံများအသင်းသည် စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ စစ်ရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု စသည်တို့ကို ဒေသတွင်းရှိ အစိုးရအချင်းချင်း အတူပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် အရှေ့တောင်အာရှနိုင်ငံများကို ဒေသတွင်း အသိုက်အဝန်းတစ်ခုအဖြစ် တည်ဆောက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများအသင်း (Congress of Southeast Asia Librarians) ကို ၁၉၇၀ ပြည့်နှစ်တွင် စင်ကာပူ၌ စတင်ဖွဲ့စည်းခဲ့ပါသည်။ ဤအသင်းသည် ဒေသတွင်းရှိ စာကြည့်တိုက်ပညာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ စာကြည့်တိုက်အသင်းအဖွဲ့များ၊ စာကြည့်တိုက်များ၊ စာကြည့်တိုက်ပညာနှင့် ဆက်စပ်သောအဖွဲ့အစည်းများ အချင်းချင်းပူးပေါင်း၍ စာကြည့်တိုက်ပညာရပ်နယ်ပယ် တိုးတက်မြင့်မားလာစေရေး လက်တွဲဆောင်ရွက်နိုင်ရန် ရည်ရွယ်ဖွဲ့စည်းခဲ့ပါသည်။ ဤအသင်းတွင် အာဆီယံနိုင်ငံများရှိ စာကြည့်တိုက်အသင်းများနှင့် အမျိုးသားစာကြည့်တိုက်များက ဦးဆောင်ပြီး ဒေသတွင်းရှိ နိုင်ငံများ၏ စာကြည့်တိုက်ပညာရပ်နှင့် စာကြည့်တိုက်လုပ်ငန်းများ တိုးတက်လာစေရန် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြပါသည်။

## သုံးနှစ်တစ်ကြိမ် ကျင်းပ

အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို သုံးနှစ်တစ်ကြိမ် ကျင်းပပြီး အဖွဲ့ဝင်နိုင်ငံများက အိမ်ရှင်နိုင်ငံအဖြစ် အလှည့်ကျတာဝန်ယူ ဆောင်ရွက်ပေးရပါသည်။ ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံက (၁၆) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် (၁၇) ကြိမ်မြောက်ညီလာခံကို အိမ်ရှင်နိုင်ငံအဖြစ် မြန်မာနိုင်ငံက တာဝန်ယူကျင်းပပေးရမည် ဖြစ်ပါသည်။ အိမ်ရှင်နိုင်ငံသည် သုံးနှစ်တာကာလအတွင်း ပထမနှစ်နှင့် ဒုတိယနှစ်တွင် တစ်နှစ်လျှင်တစ်ကြိမ် အရှေ့တောင်အာရှ နိုင်ငံအသီးသီးမှ စာကြည့်တိုက်အသင်း အလုပ်အမှုဆောင်များ (Executive Board Meeting) အစည်းအဝေးကို ကျင်းပပေးရပြီး တတိယမြောက်နှစ်တွင် အာဆီယံနိုင်ငံများသာမက တခြားကမ္ဘာ့အရှေ့အနောက်နိုင်ငံများမှ စာကြည့်တိုက်မှူးများ၊ စာကြည့်တိုက်ပညာရှင်များ၊ လေ့လာသူများ ပါဝင်တက်ရောက်ကြမည့် ညီလာခံကို ကျင်းပပေးရပါသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပရမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံကို မေ ၂ ရက်မှ ၅ ရက်အထိ နေပြည်တော်၌ ကျင်းပမည်ဖြစ်ပါသည်။ ယင်းညီလာခံကို အနာဂတ်စာကြည့်တိုက်ပညာရပ်များနှင့် စာကြည့်တိုက်များအတွက် အတူပူးပေါင်းချိတ်ဆက်ဆောင်ရွက်ခြင်း (Next Generation Libraries: Collaborate and Connect) ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။

စာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံ၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုကို ပြသကြသည့် ကြေးမုံမှန်ပြင်များ ဖြစ်ကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ အုပ်ချုပ်သူအစိုးရနှင့် တိုင်းသူပြည်သားများ၏ အသိဉာဏ်မြင့်မားမှု (သို့မဟုတ်) နိမ့်ကျမှုကို အဆိုပါနိုင်ငံရှိ စာကြည့်တိုက်များက ပြသပေးကြပါသည်။ နိုင်ငံတစ်နိုင်ငံ၏ လူ့အဖွဲ့အစည်း ယဉ်ကျေးမှု (Civilization) နှင့် အနုသုခုမယဉ်ကျေးမှု (Culture) အဆင့်အတန်း အခြေအနေမှန်ကို ထိုနိုင်ငံရှိ စာကြည့်တိုက်များ၏ အနေအထားက ပြသပေးကြပါသည်။

## ဖွံ့ဖြိုးတိုးတက်လျက်ရှိ

အရှေ့တောင်အာရှနိုင်ငံများအနက် မြန်မာ၊ လာအိုနှင့် ကမ္ဘောဒီးယားမှအပ ကျန်နိုင်ငံများရှိ စာကြည့်တိုက် အမျိုးအစားအားလုံး (အမျိုးသားစာကြည့်တိုက်၊ ပြည်သူ့စာကြည့်တိုက်၊ တက္ကသိုလ်ကောလိပ်စာကြည့်တိုက်နှင့် အထူးစာကြည့်တိုက်) ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစ၍ စာကြည့်တိုက်များ ပြန်လည်ရှင်သန်လာစေရန် အစိုးရဘက်မှရော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကတစ်ဦးချင်းကပါ ကြိုးစားဆောင်ရွက်ခဲ့ကြပါသည်။ သို့ဖြင့်၍ကိုယ်ထူကိုယ်ထ စာကြည့်တိုက်များ၊ အသင်းအဖွဲ့များက တည်ထောင်သည့် စာကြည့်တိုက်များ ပြန်လည်တိုးပွားလာပါသည်။

အခြေခံပညာ အထက်တန်းကျောင်းများရှိ စာကြည့်တိုက်အများစုသည် တံခါးပိတ်လျက် သေနေကြပေရာ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းက အာရှဖောင်ဒေးရှင်း၏ ကူညီထောက်ပံ့မှုဖြင့် ၂၀၁၅ ခုနှစ်မှစ၍ ကျောင်းစာကြည့်တိုက်များ အားသစ်လောင်းရေးစီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် အထက်တန်းကျောင်း သုံးကျောင်း၊ ၂၀၁၆ ခုနှစ်တွင် သုံးကျောင်းနှင့် ၂၀၁၇ ခုနှစ်တွင် လေးကျောင်း စုစုပေါင်း ၁၀ ကျောင်းရှိ စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ စာကြည့်တိုက်ပရိဘောဂများနှင့် ကွန်ပျူတာ စသည်တို့ကို ဖြည့်ဆည်းပေးပြီး ကျောင်းစာကြည့်တိုက်မှူးအဖြစ် တာဝန်ယူမည့် ဆရာ ဆရာမများကို အခြေခံစာကြည့်တိုက်ပညာရပ်များ သင်ကြားပေးပါသည်။

## ခေတ်မီစာကြည့်တိုက်ပညာရပ်များ

အာဆီယံဒေသတွင်းရှိ ကျောင်းစာကြည့်တိုက်များ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ စတင်ကျင်းပခဲ့ပါသည်။ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့ပြီး တတိယအကြိမ် ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို မလေးရှား၌ ၂၀၁၇ ခုနှစ်တွင် ကျင်းပခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၂၀၁၈ ခုနှစ်တွင် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံ၏ အစီအစဉ်တစ်ခုအဖြစ် မေ ၂ ရက်နေ့တွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်) တွင် စတုတ္ထအကြိမ် အာဆီယံဒေသတွင်း ကျောင်းစာကြည့်တိုက်များ အလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ခေတ်မီစာကြည့်တိုက်ပညာရပ်များကို တက္ကသိုလ်အဆင့် သင်ကြားနိုင်မှုကို ၁၉၇၁ ခုနှစ်ရောက်မှသာ စတင်နိုင်ခဲ့ပါသည်။ ကမ္ဘာ့နှင့်ယှဉ်ပါက တက္ကသိုလ်အဆင့် စာကြည့်တိုက်ပညာသင်ကြားမှု နောက်ကျသည်နှင့်အတူ စာကြည့်တိုက်လုပ်ငန်းကို အရေးကြီးသော လုပ်ငန်းတစ်ခုအဖြစ် သိသူ၊ လက်ခံသူ နည်းပါးပါသည်။ ထို့အပြင် ၁၉၆၂ ခုနှစ်နောက်ပိုင်း တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးမှုအားနည်းလာရာ ဒုတိယကမ္ဘာစစ်မတိုင်မီက အရှေ့တောင်အာရှတွင် အကောင်းဆုံးစာကြည့်တိုက်အဖြစ် ကျော်ကြားထင်ရှားခဲ့သော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည်ပင် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ တက္ကသိုလ်စာကြည့်တိုက်များအောက် များစွာနိမ့်ကျသွားပါသည်။

## ရန်ပုံငွေခွင့်ပြုပေးထား

၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် တက္ကသိုလ်စာကြည့်တိုက်များကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ပြန်လည်ဆောင်ရွက်ခွင့်ရလာပါသည်။ ကျောင်းစာကြည့်တိုက်များ ပြန်လည်ဖွံ့ဖြိုးရှင်သန်စေရန် ပညာရေးဝန်ကြီးဌာနကလည်း ပြန်လည်အားပေးလာပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျောင်းစာကြည့်တိုက် ၁၀ ခုအတွက် ပြန်လည်အားသစ်လောင်းခြင်း ဆောင်ရွက်ရန် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းသို့ ပညာရေးဝန်ကြီးဌာနက ရန်ပုံငွေခွင့်ပြုပေးထားပါသည်။

၂၀၁၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံတွင် မင်းသမီး သီရိဒုံကိုယ်တိုင် လာရောက်ဖွင့်လှစ် အမှာစကားပြောကြားပေးပါသည်။ ထိုင်းနိုင်ငံတစ်နိုင်ငံလုံးရှိ စာကြည့်တိုက်အသီးသီးမှ စာကြည့်တိုက်မှူးများစွာ ညီလာခံသို့ တက်ရောက်လာကြပါသည်။ ၂၀၁၈ ခုနှစ်မေလတွင် မြန်မာနိုင်ငံအိမ်ရှင်အဖြစ် ကျင်းပရမည့် ဤညီလာခံသို့ တက္ကသိုလ်၊ ကောလိပ်စာကြည့်တိုက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက်များ၊ အထူးစာကြည့်တိုက်များ၊ အသင်းအဖွဲ့များက ထူထောင်ထားသည့် စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများ လက်မလွှတ်တမ်း တက်ရောက်သင့်ပါသည်။

> “၁၉၆၂ ခုနှစ် နောက်ပိုင်း တစ်နိုင်ငံလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးမှုအားနည်းလာရာ ဒုတိယကမ္ဘာစစ်မတိုင်မီက အရှေ့တောင်အာရှတွင် အကောင်းဆုံးစာကြည့်တိုက်အဖြစ် ကျော်ကြားထင်ရှားခဲ့သော ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်သည်ပင် အိမ်နီးချင်း ထိုင်းနိုင်ငံရှိ တက္ကသိုလ်စာကြည့်တိုက်များအောက် များစွာ နိမ့်ကျသွားပါသည်။”

မြန်မာနိုင်ငံ အာဆီယံအဖွဲ့ဝင်ဖြစ်လာပြီး ၂၀ နှစ်အကြာ ၂၀၁၈ ခုနှစ်တွင်မှ မြန်မာသည် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပနိုင်ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံက နောက်တစ်ကြိမ် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် အလှည့်ကျရန် ဆယ်စုနှစ်ချီ ကြာမြင့်ဦးမည်ဖြစ်ပါသည်၊ ယခုကျင်းပမည့် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများ ညီလာခံသည် ပြည်ပအတွေ့အကြုံရရန် ခက်ခဲသည့် မြန်မာစာကြည့်တိုက်မှူးများအတွက် အခွင့်အခါကောင်းဖြစ်ပါသည်။ ရက်တိုတိုအတွင်း ကမ္ဘာပေါ်၌ ဖြစ်ပေါ် ပြောင်းလဲနေသည့် စာကြည့်တိုက်ပညာရပ်များ၊ ဝန်ဆောင်မှုများ၊ စာစုများအကြောင်းကို တစ်နေရာတည်းတွင် လေ့လာသိရှိခွင့်ရကြမည် ဖြစ်ပါသည်။ ဝန်ကြီးဌာနများရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများကို ညီလာခံသို့ တာဝန်အရ တက်ရောက်သူများအဖြစ် စေလွှတ်သင့်ပါသည်။ ထိုစာကြည့်တိုက်မှူးများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပံ့ပိုးထောက်ကူသင့်ပါသည်။

## လိုအပ်လျက်ရှိ

(၁၇) ကြိမ်မြောက် အရှေ့တောင်အာရှစာကြည့်တိုက်မှူးများညီလာခံတွင် စာအုပ်စာပေနှင့် စာကြည့်တိုက်ဆိုင်ရာ ပြခန်းများကိုလည်း ခင်းကျင်းပြသမည် ဖြစ်ပါသည်။ ပါဝင်ပြသလိုသော ထုတ်ဝေသူများ၊ စာကြည့်တိုက်ပရိဘောဂရောင်းချသူများ၊ တခြားမြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ပစ္စည်းများကို ခင်းကျင်းပြသလိုသူများ ပါဝင်ပြသနိုင်ပါသည်။ ထိုသို့ပြသလိုသူများသည် မြန်မာနိုင်ငံစာကြည့်တိုက်အသင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ အင်တာနက်တွင် ရှာဖွေကြည့်ရှုလိုသူများသည် www.consalxvii.org ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ဖတ်ရှု၍ ဆက်သွယ်နိုင်ပါသည်။

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို နိုင်ငံတော်အဆင့်ပွဲအဖြစ် နိုင်ငံတော်က ထောက်ပံ့ကူညီနေသော်လည်း အိမ်ရှင်နိုင်ငံအဖြစ် တင့်တင့်တယ်တယ် ကျင်းပနိုင်ရန် စေတနာရှင်များ၏ ကူညီပံ့ပိုးမှုများ လိုအပ်လျက်ရှိပါသည်။ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ဤညီလာခံကို ထောက်ပံ့ကူညီလှူဒါန်းနိုင်ပါသည်။ ဤညီလာခံသို့ စာကြည့်တိုက်မှူးမဟုတ်သူများလည်း လေ့လာသူအဖြစ် တက်ရောက်နိုင်ပါသည်။ (၁၇) ကြိမ်မြောက် အရှေ့တောင်အာရှ စာကြည့်တိုက်မှူးများညီလာခံကို အောင်မြင်စွာ ကျင်းပနိုင်ရန် ကူညီဆောင်ရွက်ပေးမည့်သူများကို ညီလာခံကျင်းပရေးကော်မတီက လက်ကမ်းကြိုဆိုလျက်ရှိပါသည်။ ။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၂၃ ရွာသို့ တစ်အိမ်ထောင်သုံး ဆိုလာမီးလင်းရေး လုပ်ဆောင်ပေးသွားမည်

**မုံရွာ မေ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကျေးရွာ ၁၂၃ ရွာသို့ တစ်အိမ်ထောင်သုံးဆိုလာပစ္စည်းများဖြင့် ဖြန့်ဝေလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

“တိုင်းဒေသကြီးအတွင်းမှာ လျှပ်စစ်မီးလင်းရေးလုပ်ငန်းကို နည်းလမ်းမျိုးစုံနဲ့ လုပ်ဆောင်ပေးနေပါတယ်၊ အခုလုပ်ဆောင်ပေးတဲ့ မဟာဓာတ်အားလိုင်းနဲ့ ဝေးကွာတဲ့ ကျေးရွာတွေ မီးလင်းရေးကိုလည်း ဆိုလာ၊ ရေအား၊ လေအား၊ ဇီဝဓာတ်ငွေ့၊ ဇီဝဒြပ်ထုစတဲ့နည်းလမ်းတွေနဲ့ လုပ်ဆောင်ပေးလျက်ရှိရာမှ အခုကျေးရွာ ၁၂၃ ရွာကိုတော့ ဆိုလာစနစ် ၆၀ ဝပ်အားနဲ့ ၁၀၀ ဝပ်အား မီးလင်းရေးကို လုပ်ဆောင်ပေးတာပါ” ဟု စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းကျော်မျိုးက ပြောသည်။


စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧပြီလမှ စက်တင်ဘာလအတွင်း လုပ်ဆောင်ပေးမည့် တစ်အိမ်ထောင်သုံးဆိုလာမီးလင်းရေးအဖြစ် ကလေးခရိုင်အတွင်းရှိ ကျေးရွာ ၁၆ ရွာ၊ ကသာခရိုင်အတွင်းရှိ ကျေးရွာ ၅၉ ရွာ၊ ကန့်ဘလူခရိုင်အတွင်းရှိ ကျေးရွာ ငါးရွာ၊ ခန္တီးခရိုင်အတွင်းရှိ ကျေးရွာ ၁၁ ရွာ၊ စစ်ကိုင်းခရိုင်အတွင်းရှိ ကျေးရွာ တစ်ရွာ၊ မော်လိုက်ခရိုင်အတွင်းရှိ ကျေးရွာ ခုနစ်ရွာ၊ ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာ ၁၃ ရွာ၊ ရွှေဘိုခရိုင်အတွင်းရှိ ကျေးရွာ ၁၁ ရွာ စုစုပေါင်း ကျေးရွာ ၁၂၃ ရွာအား ၆၀ ဝပ်အား ဆိုလာမီးလင်းရေးပစ္စည်း ၇၂၀၂ စုံနှင့် ၁၀၀ ဝပ်အား ဆိုလာမီးလင်းရေးပစ္စည်း ၃၅၀၈ စုံ စုစုပေါင်း ၁၀၇၁၀ စုံကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဇေယျာတိုင်း)



ဘီးလင်းမြို့နယ် တောင်စွန်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် ဟန်တင့်နှင့် တပ်ဖွဲ့ဝင်များ မေပြီ နောက်ဆုံးပတ်က ဇုတ်သုတ်ကျေးရွာ၌ ကျေးရွာနေပြည်သူများအား သထုံခရိုင်ရဲတပ်ဖွဲ့ မှုခင်းယာဉ်ဖြင့် မှုခင်းကျဆင်းရေး အသိပညာပေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်မှဆောင်ရွက်နေမှု အခြေအနေများနှင့် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမည့် အခြေအနေများနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား အဆင့်အလိုက် ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂)တို့ တွေ့ဆုံ

**ရန်ကုန် မေ ၂၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီး H.E. Mr. Song Tao နှင့် အဖွဲ့သည် ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဦးနိုင်ငံလင်းနှင့် တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံးသို့ ရောက်ရှိပြီး အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဇော်မြင့်မောင်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။ **(အပေါ်ယာပုံ)**



ယင်းနောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(၂) ဒေါက်တာဇော်မြင့်မောင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့များက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဝန်ကြီးနှင့် ကိုယ်စားလှယ်များအား ဆီဒိုးနားဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ နိုင်ငံတကာဆက်ဆံရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။ **သတင်းစဉ်**

# မြန်မာနှင့်ဗီယက်နမ်အနုပညာရှင်များ ပူးပေါင်းဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့အကြား လက်မှတ်ရေးထိုးခဲ့သည့် Cultural Cooperation Program (2017-2020)အရ မြန်မာနှင့် ဗီယက်နမ်အနုပညာရှင်များ ပူးပေါင်းတင်ဆက်မည့် "Honoring brands in cultural activities and international integration" ဖျော်ဖြေပွဲကို မေ ၂၈ ရက် ညနေ ၆ နာရီမှ ည ၁၀ နာရီအထိ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည်ဖြစ်ပြီး အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြေလျှင်များကြောင့် ရဲနွယ်ရေလှောင်တမံတွင် ထိခိုက်ပျက်စီးမှုမရှိ

**ဖြူး မေ ၂၅**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့အနောက်တောင်ဘက် ၂၃ မိုင် မှ ၂၉ မိုင်အတွင်း နေရာများအား ဗဟိုပြု၍ အင်အားအသင့်အတင့်ရှိသော မြေလျှင်ငယ်များ ခုနစ်ကြိမ်အထိလှုပ်ခဲ့သော်လည်း ရဲနွယ်ရေလှောင်တမံနှင့် ရဲနွယ်ရေလွှဲဆည်မှာ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

အဆိုပါအင်အားအသင့်အတင့်ရှိသော မြေလျှင်များ လှုပ်ခတ်ခဲ့မှုအပေါ် ရဲနွယ်ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ဆက်စပ်အဆောက်အအုံများအား စဉ်ဆက်မပျက်စောင့်ကြည့်စစ်ဆေးလျက်ရှိကာ ကြံ့ခိုင်မှုအပြည့်အဝရှိကြောင်း သိရသည်။ "ဒီလိုငလျင်တွေ မကြာခဏလှုပ်နေတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ဌာနက တာဝန်ရှိသူတွေ သွားရောက်ကြည့်ရှုစစ်ဆေးတယ်၊ မျက်မြင်စစ်ဆေးမှုတွေအရ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးမှုမရှိပါဘူး၊ ဝန်ထမ်းတွေကလည်း လိုအပ်တဲ့ တိုင်းတာမှုတွေအပြင် စဉ်ဆက်မပျက်စောင့်ကြည့်စစ်ဆေးမှုတွေလည်း ပြုလုပ်နေပါတယ်"ဟု ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ မြေလျှင်လှုပ်မှုများကြောင့် ရဲနွယ်ရေလှောင်တမံ၊ ရေလွှဲဆည်နှင့် ဆက်စပ်နေသော အစိတ်အပိုင်းများ အခြေအနေပြောင်းလဲခြင်း တစ်စုံတစ်ရာမတွေ့ရဘဲ တောင့်တင်းခိုင်မာကြောင်း သိရသည်။ **ခင်မောင်လွင်**

# မီးခိုးမွှန်ရောဂါနှင့် ဆက်စပ်ရောဂါလူနာများအား ၂၄ နာရီပတ်လုံး ကုသပေးနိုင်ရေး အသင့်ပြင်ဆင်ထားနိုင်ရန် စီစဉ်ဆောင်ရွက်

**နေပြည်တော် မေ ၂၅**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ မီးခိုးမွှန်ရောဂါကုသရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

လှိုင်သာယာပြည်သူ့ဆေးရုံကြီးတွင် ယနေ့အထိ မီးခိုးမွှန်ရောဂါနှင့်ဆက်စပ်၍ အတွင်းလူနာ ၁၄ ဦး တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိရာ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့က ၎င်းလူနာများကို ကြည့်ရှုအားပေးပြီး မီးခိုးမွှန်ရောဂါနှင့် ဆက်စပ်လူနာများ၏ သွေးတွင် ကာဗွန်မိုနောက်ဆိုက် ပါဝင်မှုကိုသိရှိနိုင်ရန် (Carboxy-heamoglobin Level)ကို တိုင်းတာရာတွင် အဖြေအမြန်ရရှိရေး၊ မီးခိုးမွှန်ရောဂါနှင့်ဆက်စပ်လူနာများအတွက် ဆေးရုံတွင်လိုအပ်သော အောက်ဆီဂျင်လုံလောက်စွာရရှိရေး၊ လူနာခန်းများအသင့်ဖြစ်ရေးနှင့် သက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးများက တင်ပြသည့် မီးခိုးမွှန်ရောဂါကုသရေးဆိုင်ရာ လတ်တလောလိုအပ်ချက်များကို တစ်ပါတည်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် လှိုင်သာယာပြည်သူ့ဆေးရုံအပြင် အရန်ဆေးရုံများအဖြစ် အင်းစိန်ပြည်သူ့ဆေးရုံကြီးနှင့် ရန်ကုန်မြို့ပေါ်ရှိ အခြားဆေးရုံကြီးများတွင်လည်း မီးခိုးမွှန်ရောဂါနှင့် ဆက်စပ်ရောဂါလူနာများနှင့်ပတ်သက်၍ ၂၄ နာရီပတ်လုံး ကုသပေးနိုင်ရေး အသင့်ပြင်ဆင်ထားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။



အလားတူ လှိုင်သာယာနှင့် ပတ်ဝန်းကျင်နယ်မြေတွင်ရှိသော အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအား ၂၄ နာရီ ဖွင့်လှစ်ထားရှိရေး၊ ဆေးနှင့်ဆေးပစ္စည်းများ လုံလောက်စွာထားရှိရေး၊ အရေးပေါ်လူနာများ လွှဲပြောင်းပေးနိုင်ရေးအတွက် လူနာတင်ယာဉ်များ အဆင်သင့်ရရှိရေးနှင့် လူနာတင်ယာဉ်များပေါ်တွင် အောက်ဆီဂျင် အလုံအလောက်ရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် လှိုင်သာယာနယ်မြေရှိ ထိန်ပင်အမှိုက်ပုံနှင့် ဆက်စပ်နေရာများတွင် လေထုညစ်ညမ်းမှုအခြေအနေကို တိုင်းတာသည့်ကိရိယာများ (Air Pollution device) တပ်ဆင်ထားမှုအခြေအနေကို ကြည့်ရှုပြီး လေထုညစ်ညမ်းမှုပမာဏများပြားလာပါက တာဝန်ရှိသူများနှင့် ညှိနှိုင်း၍ အဆိုပါနေရာတွင် နေထိုင်သူများအား မီးခိုးကင်းလွတ်ရာနေရာများသို့ ခေတ္တရွှေ့ပြောင်းနေထိုင်ရေးနှင့် ရွှေ့ပြောင်းရာဒေသတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပေးအပ်နိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ထို့နောက် အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် အမှိုက်ပုံနှင့် အနီးဆုံးဖြစ်သည့် ရပ်ကွက်ကြီး (၁၂၊ ၁၈၊ ၂၀)နှင့် ရွှေလင်ပန်းစက်မှုဇုန်များရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်ရေး ဆောင်ရွက်ထားရှိမှုများကိုလည်း သွားရောက်အားပေးကြည့်ရှုသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးမွှန်ရောဂါနှင့်ဆက်စပ်ရောဂါများ ခံစားရမှုများ သက်သာပျောက်ကင်းနိုင်ရေးအတွက် ကုသရေး၊ ကာကွယ်ရေး၊ ပြည်သူ့ကျန်းမာရေး၊ ကျန်းမာရေးအသိပညာပေးခြင်းစသည့်ဘက်ပေါင်းစုံမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာနှီးနွှယ်ဌာနများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပိုက်တွေသွယ်ပြီး တောက်လျှောက်မိုးရွာသကဲ့သို့ ရေဖျန်းဖို့အစီအစဉ်ကို ဒီနေ့မနက်မှာ စတင်ဆောင်ရွက်နေပါတယ်၊ ဆေးရည်နဲ့ ပက်ဖျန်းနိုင်ဖို့အတွက်လည်း ပြင်ဆင်နေပါတယ်၊ ကျွန်တော်ကိုယ်တိုင်လည်း တိုက်ရိုက်ကြီးကြပ်နေပါတယ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
ဦးဖြိုးမင်းသိန်း

**ရန်ကုန် ဧပြီ ၂၅**

**ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးသည် ယနေ့လေးရက်မြောက်နေ့တွင် ဆက်လက်မကူးစက်နိုင်အောင် ထိန်းထားနိုင်ပြီး ၈၀ ရာခိုင်နှုန်း ငြိမ်းသတ်နိုင်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။ အဓိကအခက်အခဲနှင့် စိန်ခေါ်မှုပြဿနာတစ်ခုဖြစ်နေသော မီးခိုးထွက်မှု နည်းနိုင်သမျှ နည်းသွားပြီး အပြီးသတ်ငြိမ်းသွားသည်အထိ ဖြစ်အောင်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရသည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် ရေပိုက်များကို သွယ်တန်းကာ တောက်လျှောက် မိုးရွာသကဲ့သို့ ရေဖျန်းမည့်အစီအစဉ်ကို ယနေ့နံနက်တွင် စတင်ဆောင်ရွက်လျက်ရှိပြီး ဆေးရည်နှင့်ပက်ဖျန်းနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆိုသည်။ ထိုသို့စီစဉ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းအား သတင်းစဉ်က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။**

**မေး။ ။ လှိုင်သာယာ ထိန်ပင်အမှိုက်ပုံမီးလောင်မှုနဲ့ ပတ်သက်ပြီး လက်ရှိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ထိန်ပင်အမှိုက်ပုံမီးလောင်မှုကိုစ္စက ဧပြီ ၂၁ ရက်မှာ မီးလောင်ကျွမ်းမှုစဖြစ်ပါတယ်။ မီးလောင်ကျွမ်းရတဲ့အကြောင်းရင်းက အမှိုက်ပုံက နှစ်ကြာလာတာနဲ့ အမျှ အမှိုက်ပုံရဲ့အောက်မှာ မီသိန်းဓာတ် ထွက်ပါတယ်။ နှစ်စဉ်နှစ်တိုင်းလည်းဖြစ်ပါတယ်။ အဲဒီအငွေ့တွေကို ထွက်သွားအောင် လုပ်ပစ်ရပါတယ်။ မီသိန်းဓာတ်ငွေ့ကို ထုတ်ဖို့ လျှပ်စစ်ထုတ်လုပ်နေတဲ့ နိုင်ငံတကာမှာဆိုရင်တော့ ဒီအခြေအနေကို လုပ်နိုင်ပါတယ်။ အမှိုက်ကိုစနစ်တကျ ဖျက်ဆီးပစ်ပြီးတော့ စွမ်းအင်သုံးစွဲနိုင်ဖို့ မဆောင်ရွက်နိုင်သေးတဲ့အခြေအနေတစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီမီသိန်းကနေ မီးလောင်ခြင်းဖြစ်ပါတယ်။ မီးလောင်မှုစဖြစ်တဲ့အချိန်မှာ မီးကိုထိန်းသိမ်းဖို့ လုပ်ခဲ့ပါတယ်။ ဒါပေမယ့် အမှိုက်ပုံက အလွန်အင်မတန်ကြီးပါတယ်။ ဧက ၁၀၀ လောက်အတွင်းမှာ မီးလောင်ကျွမ်းမှုဖြစ်နေပါတယ်။ ဒီမီးလောင်ကျွမ်းမှုဖြစ်တယ်ဆိုတာက အပေါ်ကနေသိရတာ မဟုတ်ပါဘူး။ အောက်ကနေ တငွေ့ငွေ့လောင်နေရာကနေ စပြီးလောင်တာပါ။ အငွေ့ ထွက်လာတော့မှ အခြေအနေတစ်ခုကို သိရတာဖြစ်ပါတယ်။ ဒီမီးငြိမ်းသတ်ဖို့ကို သတိထားပြီး ဆောင်ရွက်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ အချို့အောက်မှာ မီးလောင်ထားပြီး အပေါ်ကနေ ပုံမှန်အခြေအနေပဲရှိနေသေးတယ်ထင်ပြီး နင်းမိလိုက်မယ်ဆိုရင် အောက်ကို ကျွံကျသွားနိုင်ပါတယ်။ ဒါကို သတိထားပြီး ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ မီးကိုငြိမ်းသတ်လာခဲ့တာ မီးသတ်အင်အားရယ်၊ အရန်မီးသတ်အင်အားနဲ့ ရဲတပ်ဖွဲ့ အင်အားတွေရယ် မီးငြိမ်းသတ်ဖို့ဆောင်ရွက်နေပါတယ်။

### ၈၀ ရာခိုင်နှုန်း ငြိမ်းသတ်

မီးငြိမ်းသတ်တဲ့နေရာမှာလည်း စနစ်တကျတော်တော်ကို ဆောင်ရွက်ရပါတယ်။ ဘာကြောင့်လဲဆိုရင် ရေမှာပါလာတဲ့ အောက်ဆီဂျင်ကနေတစ်ဆင့် မီးကိုထပ်ပြီး တိုးမလာအောင် စနစ်တကျ ပိုင်းဖြတ်ပြီးလုပ်ရပါတယ်။ ကျွန်တော်တို့ အခက်အခဲ ဖြစ်နေတဲ့ စိန်ခေါ်မှုပြဿနာကတော့ မီးခိုးပြဿနာပါပဲ။ မီးကို မကူးစက်နိုင်အောင် ထိန်းထားနိုင်ပြီး မီးလောင်ကျွမ်းမှုကို ၈၀ ရာခိုင်နှုန်းလောက် ငြိမ်းသတ်နေပြီ၊ ဒါပေမယ့် ဒီအခြေအနေပေါ်မှာ ဂက်စ်ကလည်း တစ်ဖက်က ထွက်နေသေးတယ်။ Biofoam ဆေးရည်နဲ့ ငြိမ်းသတ်ဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီအခြေအနေအတွက် လုံလောက်တဲ့အနေအထားတစ်ခု မရောက်သေးဘူး ဖြစ်နေတယ်။ မီးခိုးက ထွက်နေသေးတော့ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိလာပါတယ်။ ပထမပိုင်းမှာ မြို့တော်ဝန်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က မြေပြင်မှာ အနီးကပ် ကြီးကြပ်ပြီးတော့ ဒီအခြေအနေကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးအရလည်း တစ်ဖက်ကနေ ဝန်ဆောင်မှုပေးနေပါတယ်။ အသက်ရှူမဝလို့ဆိုပြီး ရောက်လာတဲ့အခြေအနေမျိုးတွေလည်း ရှိပါတယ်။ အောက်ဆီဂျင်ရှူပြီး ခဏလောက်နဲ့ ပြန်ကောင်းသွားတာမျိုးရှိပါတယ်။ ၁၃ ယောက်လောက်ကတော့ အတွင်းလူနာအဖြစ် တင်ထားပါတယ်။ စိုးရိမ်ရတဲ့ အခြေအနေမျိုးတော့မဟုတ်ပါဘူး။ ဒါပေမယ့် ဆေးရုံတင် ကုသထားရတဲ့ အခြေအနေမျိုး ရှိပါတယ်။ ဒါတွေကို ကာကွယ်ပေးဖို့ ပြင်ဆင်ဆောင်ရွက်ထားတယ်။

### မိုးရွာသလိုမျိုး ရေဖျန်းဖို့စီစဉ်

အခုမီးလောင်မှုအခြေအနေက လေးရက်လောက်ရောက်လာပြီဖြစ်တဲ့အတွက်ဒါကိုကျွန်တော်တို့ နောက်ထပ်ပုံစံတစ်ခုပြောင်းလဲဆောင်ရွက်ဖို့ ပြင်ဆင်ပါတယ်။ ဒီဟာကို ဘယ်လိုပြင်ဆင်လဲဆိုရင် မီးကို မီးသတ်ကားနဲ့ငြိမ်းနေတာနဲ့စာရင် ရေပိုက်တွေသွယ်ပြီး တောက်လျှောက် မိုးရွာသလိုမျိုး ရေဖျန်းဖို့ ဒီအစီအစဉ်ကို ဒီနေ့မနက်မှာ စတင်ဆောင်ရွက်နေပါတယ်။ ပထမတော့ မီးသတ်ကားနဲ့ ပက်တယ်၊ အခု ကျွန်တော်တို့ ရေပိုက် ခြောက်လုံးထိုင်ပြီး တစ်ပြိုင်နက်တည်း ရေကိုဖျန်းဖို့ လုပ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း တိုက်ရိုက်ကြီးကြပ်နေပါတယ်။ ဒီထက်ပိုပြီး စနစ်တကျ ဖြစ်စေနိုင်ဖို့အတွက် ဒရုန်းနဲ့ အပေါ်ကရိုက်ပါမယ်။ ရိုက်ပြီး လိုတဲ့နေရာ ရေကိုရောက်အောင်လည်း တကယ့်ကို မီးငြိမ်းသတ်ရမယ့်နေရာကို သတ်ဖို့ကြိုးစားပါမယ်။ ဒီအခြေအနေကို ကျွန်တော်တို့ ကြိုးစားရင်းနဲ့အတူ တစ်ဖက်က ဆေးရည်နဲ့ ပက်ဖျန်းနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ ပြင်ဆင်နေပါတယ်။

### ကျန်းမာရေးဝန်ဆောင်မှု တိုးမြှင့်ဆောင်ရွက်

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှာရှိတဲ့ ဆေးရည်လောက်နဲ့ပဲ ပက်ဖျန်းရတာဖြစ်တဲ့အတွက် အခက်အခဲ ရှိပါတယ်။ ဒါကြောင့် နိုင်ငံခြားကနေ ဒီဆေးရည်ကို မှာယူထားပါတယ်။ မှာယူထားပြီး ဒီနေ့ ရေနဲ့ငြိမ်းသတ်လို့မှအဆင်မပြေရင် မနက်ဖြန်မှာ ဆေးရည်နဲ့ငြိမ်းသတ်နိုင်ဖို့ ထိုင်းနိုင်ငံကနေ Biofoam ဆေးရည်ကို မှာယူထားပါတယ်။ ဒီအခြေအနေနဲ့ပတ်သက်ပြီး ဆောင်ရွက်သွားဖို့ ကျွန်တော် ပြင်ဆင်နေပါတယ်။ တစ်ဖက်ကလည်း ကျန်းမာရေးဝန်ဆောင်မှုကို တိုးမြှင့်ဆောင်ရွက်နေပါတယ်။ ပြင်ဆင်ပါတယ်။ မီးခိုးသိပ်များတဲ့နေရာတွေမှာ နေထိုင်နေကြတဲ့ အသက်ကြီးတဲ့သူတွေဆိုရင် သက်သောင့်သက်သာဖြစ်နိုင်တဲ့နေရာကို နေနိုင်ဖို့အတွက် ကြိုးစားနေပါတယ်။ မီးသတ်တပ်ဖွဲ့ရော၊ ရဲတပ်ဖွဲ့ရောအပြင် တပ်မတော်ကလည်း ပါဝင်လာပြီး လူထုကို ကျန်းမာရေးအရဝန်ဆောင်မှုပေးနိုင်ဖို့ရော၊ မီးငြိမ်းသတ်ဖို့အတွက်ရော အထောက်အကူဖြစ်နိုင်ဖို့ ဝင်ရောက်ကူညီဆောင်ရွက်နေတာတွေ ရှိပါတယ်။ ပစ္စည်းယန္တရားတွေရော၊ လူအားဖြင့်ရော ပါဝင်ကူညီဆောင်ရွက်ပေးနေတဲ့ အခြေအနေမျိုးရှိပါတယ်။ ဒါက သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပါတယ်။ ဒီကိစ္စကို စနစ်တကျကိုင်တွယ်ဆောင်ရွက်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။

> **ကျွန်တော်တို့ အခက်အခဲဖြစ်နေတဲ့ စိန်ခေါ်မှုပြဿနာကတော့ မီးခိုး ပြဿနာပါပဲ။ မီးကို မကူးစက်နိုင်အောင် ထိန်းထားနိုင်ပြီး မီးလောင်ကျွမ်းမှုကို ၈၀ ရာခိုင်နှုန်းလောက် ငြိမ်းသတ်နေပြီ၊ ဒါပေမယ့် ဒီအခြေအနေပေါ်မှာ ဂက်စ်ကလည်း တစ်ဖက်က ထွက်နေသေးတယ်။ Biofoam ဆေးရည်နဲ့ ငြိမ်းသတ်ဖို့ လုပ်နေပါတယ်။ ဒါပေမယ့် ဒီအခြေအနေအတွက် လုံလောက်တဲ့အနေအထားတစ်ခု မရောက်သေးဘူးဖြစ်နေတယ်။ မီးခိုးက ထွက်နေသေးတော့ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိလာပါတယ်။ ပထမပိုင်းမှာ မြို့တော်ဝန်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီးတို့က မြေပြင်မှာ အနီးကပ် ကြီးကြပ်ပြီးတော့ ဒီအခြေအနေကို ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ ကျန်းမာရေးအရလည်း တစ်ဖက်ကနေ ဝန်ဆောင်မှုပေးနေပါတယ်။**

### မီးခိုးငွေ့တော့ ရှိနေသေး

အဓိက မြူနီစီပယ်ပိုင် အမှိုက်ပုံဖြစ်တဲ့အတွက် စည်ပင်သာယာက အင်နဲ့အားနဲ့ ကြိုးစားဆောင်ရွက်နေပါတယ်။ မီးကို မထိန်းချုပ်ထားနိုင်တာ မဟုတ်ဘူး။ ထိန်းချုပ်ထားနိုင်တယ်။ ဒါပေမယ့် မီးခိုးသေသွားလောက်အောင်အထိ လုပ်ဖို့ ဖြစ်ပါတယ်။ နောက်ထပ်နည်းပညာတစ်ခုကတော့ မီးလောင်နိုင်စွမ်းကို ခံနိုင်တဲ့ ပိတ်တွေနဲ့ အပေါ်ကနေအုပ်ပြီး အပေါ်ကနေ ရေကိုလောင်းချပေးနေမယ်ဆိုရင် တဖြည်းဖြည်း အောက်ဆီဂျင်ရရှိမှုနည်းသွားနိုင်တဲ့ နည်းလမ်းတစ်ခု။ အဲဒီနည်းလမ်းတစ်ခုကိုလည်း စဉ်းစားထားပါတယ်။ ဒါကြောင့်မို့ ပြည်သူတွေကို မီးကြောင့် အန္တရာယ်ဖြစ်နိုင်မယ့်အခြေအနေ တွေ မရှိတော့ဘူး။ ဒါပေမဲ့ မီးကြောင့်ဖြစ်နေတဲ့ မီးခိုးငွေ့တော့ ရှိနေသေးတယ်။ အဲဒီမှာ အသက်ကြီး တဲ့သူတွေ၊ ကျန်းမာရေးမကောင်းတဲ့သူတွေအတွက် ဒီလို ပတ်ဝန်းကျင် လေထုညစ်ညမ်းမှုကြောင့် ကျန်းမာရေးထိခိုက်မှု တစ်ခုခုဖြစ်သွားမှာ စိတ်ပူပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

### လုံခြုံရေးတင်းကျပ်ထား

ကျန်းမာရေးဝန်ဆောင်မှုကိုလည်း အပြည့်အဝပေးမှာဖြစ်ပါတယ်။ မီးငြိမ်းသတ်မှုကိုလည်း ဒီထက်ပိုမိုကောင်းမွန်တဲ့ နည်းလမ်းတွေကို ကျင့်သုံးပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုံခြုံစိတ်ချရတဲ့ အခြေအနေအတွက် လှိုင်သာယာမြို့နယ်တစ်ခုလုံးကို လုံခြုံရေးတိုးမြှင့်ထားပါတယ်။ ဒါဘာကြောင့်လဲဆိုရင် အဲဒီမှာ စက်မှုဇုန်တွေလည်း ရှိတယ်။ မလိုလားအပ်တဲ့ အကြောင်းအရာတွေ မပေါ်ပေါက်လာအောင် လုံခြုံရေးကိုတင်းကျပ်ထားတာ ဖြစ်ပါတယ်။ ဒီအခြေအနေအရပ်ရပ်ကို ထိန်းထားနိုင်ပြီလို့ ယုံကြည်ပါတယ်။ ပြည်သူလူထုကိုလည်း မီးနဲ့ပတ်သက်ပြီး စိုးရိမ်စရာ အခြေအနေမရှိဘူး။ ပတ်ဝန်းကျင် ညစ်ညမ်းမှုကို ထိန်းသိမ်းနိုင်ဖို့အတွက် မီးခိုးထွက်မှုကို နည်းနိုင်သမျှနည်းသွားပြီး ပြီးဆုံးသွားသည်အထိဖြစ်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါကို အသိပေး ပြောကြားလိုပါတယ်။

**မေး။ ။ လတ်တလော အသက်ဆုံးရှုံးမှုဖြစ်တယ်လို့ သတင်းထွက်ပေါ်မှုတွေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ ။ မနေ့ကအထိ ၁၃ ဦး ဆေးရုံတင်ရတယ်လို့ သတင်းရပါတယ်။ မနေ့က အသက် (၆၁) နှစ်အရွယ်လောက်ရှိတဲ့ အမျိုးသမီးတစ်ဦး မွန်းကျပ်တယ်ဆိုပြီး အောက်ဆီဂျင်ပေးတယ်၊ သက်သာသွားတယ်။ အိမ်ပြန်သွားတယ်။ ဒီနေ့အဲဒီအမျိုးသမီး ဆုံးသွားတယ်လို့ ကြားသိရပါတယ်။ အသက်အရွယ်လည်း ရှိနေတယ်။ သူ့မှာ အခြား ကျန်းမာရေးအခြေအနေရှိနေသေးလားဆိုတာကို ကျန်းမာရေးကို လှမ်းပြီးအကြောင်းကြားထားပါတယ်။ ဆေးရုံဘက်ကနေ သူ့ရဲ့သေဆုံးမှုနဲ့ပတ်သက်ပြီး သတင်းပို့မှု မရောက်သေးပါဘူး။ ကျွန်တော် စိတ်ပူတာက ဒီကိစ္စပါပဲ။ ဘာကြောင့်လဲဆိုတော့ ကိုယ့်မှာကျန်းမာရေးတစ်ခုခု၊ ရောဂါတစ်ခုခုရှိနေတယ်ဆိုရင် လေကောင်းလေသန့်မရနိုင်တဲ့နေရာသွားနေမိရင် ရောဂါကိုပံ့ပိုးလိုက်သလိုမျိုး ဖြစ်သွားမှာကို စိတ်ပူပါတယ်။ ဒီအခြေအနေအတွက် အနီးကပ်ပိုပြီးကောင်းမွန်တဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။

**မေး။ ။ ဒီမီးလောင်မှုက ဘယ်နှရက်အတွင်းမှာ အဆုံးသတ်မယ်လို့ ထင်ပါသလဲ။**

ဖြေ။ ။ ဒီည ၈ နာရီမှာ အစည်းအဝေးထပ်လုပ်မှာဖြစ်ပါတယ်။ ပထမက ဌာနတစ်ခုချင်းကို ကျွန်တော်တို့က တိုက်ရိုက်ကွပ်ကဲပါတယ်။ အခု ဌာနတွေအားလုံးကို စုပေါင်းပြီး အစည်းအဝေးထိုင် ဆုံးဖြတ်ချက်ချပြီး လုပ်တဲ့အခြေအနေမျိုးအထိ လုပ်ဖို့ဆောင်ရွက်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ဒီည ၈ နာရီမှာ အခြေအနေတစ်ခုကို ထပ်ပြီးလုပ်ဖို့ရှိပါတယ်။ အရင်က မီးသတ်ကားနဲ့ ပက်နေတဲ့ အခြေအနေကနေ ပိုက်တွေနဲ့ ရေအလုံးအရင်းနဲ့ ရေကိုချဖို့ ဒီနေ့ပြင်ဆင်နေပြီဖြစ်တဲ့အတွက် ဒီအခြေအနေနဲ့ပတ်သက်ပြီး ဘယ်လိုအဖြေထွက်မယ်ဆိုတာ ဒီညနေမှာ မျှော်မှန်းပါတယ်။ ကျွန်တော်တို့ဘက်ကတော့ အမြန်ဆုံး ပြီးဆုံးနိုင်ဖို့အတွက် ကြိုးပမ်းသွားမှာဖြစ်ပါတယ်။ မြန်နိုင်သလောက်မြန်အောင် ဒီညနေနဲ့ မနက်ဖြန်လောက်မှာ ဒီအခြေအနေကို ထိန်းချုပ်နိုင်တဲ့အထိ၊ အဆုံးသတ်နိုင်လောက်တဲ့အထိ လုပ်နိုင်လိမ့်မယ်လို့ယူဆပါတယ်။ ရေနဲ့လုပ်မယ်၊ မရရင် မနက်ဖြန်မှာ ဆေးရည်နဲ့လုပ်ဖို့ ဆောင်ရွက်မယ်။ ဒီအတွက် ကြီးကြပ်ကွပ်ကဲမှုအပိုင်းကို အမှိုက်ပုံတစ်ခုလုံးကို အပေါ်ကနေ ဒရုန်းနဲ့တောက်လျှောက် ကြီးကြပ်ဖို့ ပြင်ဆင်ဆောင်ရွက်နေပါတယ်။

**မေး။ ။ အမှိုက်ပုံမှာ ရေပက်ဖျန်းနေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေရဲ့ အသက်အန္တရာယ်အတွက် ဘယ်လိုပြင်ဆင်ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ဒီအတွက် ကျွန်တော်တို့သေသေချာချာ ပြင်ဆင်ပါတယ်။ သူတို့ သွားမယ်ဆိုတဲ့လမ်းကြောင်းကို သေချာစိတ်ချရမှ ကျွန်တော်တို့ ဆောင်ရွက်ဖို့ ပြင်ဆင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အမှိုက်ပုံက ကြီးလည်းကြီးတယ်၊ အထဲကို ဝင်ပြီး ဖျန်းရမယ့်အခြေအနေမျိုးရှိပါတယ်။ အခုအခြေအနေထိတော့ မီးသတ်တပ်ဖွဲ့ဝင်ထဲကနေ မွန်းကျပ်မှုခံစားရမှုမျိုးရှိပါတယ်။ ဒါပေမဲ့ အသက်ဆုံးရှုံးမှု အခြေအနေမျိုးအထိ မရှိသေးပါဘူး။

**မေး။ ။ အနာဂတ်မှာ ဒီလိုအခြေအနေမျိုးမဖြစ်အောင် ကြိုတင်ပြင်ဆင်မှုတွေ ဘယ်လို ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ဒီလိုအခြေအနေမျိုး အမြဲဖြစ်ပါတယ်။ အခုဟာက ကြီးတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် အမှိုက်က မီသိန်းဓာတ်ထွက်ပါတယ်။ အပူချိန်ပြင်းတဲ့ အချိန်မျိုးမှာ မီးလောင်တတ်ပါတယ်။ အဲဒါက အပေါ်ကကြွပ်ရွနေတဲ့ အမှိုက်တွေကနေစပြီးတော့ အပူကြောင့်ဖြစ်လာတဲ့ မီးရှိန်ကနေပြီး မီသိန်းကနေ မီးကိုဖြစ်စေတာ ဖြစ်ပါတယ်။ အမှိုက်ပုံတွေကို မြေပြင်မှာ ဒီလိုပုံထားရင် မီသိန်းဓာတ်ထွက်တယ်၊ ထုတ်ယူလို့ရတယ်။ **စာမျက်နှာ ၉ သို့** ❑

# ထိန်ပင်စည်ပင်သာယာအမှိုက်ပုံမီးလောင်မှု အမြန်ငြိမ်းသတ်နိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ကုလားကြီးစု ကျေးရွာအုပ်စုအတွင်းရှိ ထိန်ပင်စည်ပင်သာယာအမှိုက်ပုံအတွင်းမှ အပူချိန်လွန်ကဲမှုကြောင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးအမြန်ငြိမ်းသတ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကျင်းပခဲ့သည်။

မေ ၂၁ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်မှစ၍ အမှိုက်ပုံမီးလောင်ကျွမ်းခဲ့ရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ မီးသတ်ယာဉ်များ၊ အုပ်ချုပ်မှုယာဉ်များ၊ အထောက်အကူပြုယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးလောင်ဧရိယာ နှစ်ဧကခန့်အား ငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှု၏ ၈၀ ရာခိုင်နှုန်းကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။

"အခု ကျွန်တော်တို့ မီးမကူးဆက်ရေးအတွက်လည်း ထိန်းနိုင်ပြီ၊ မီးငြိမ်းသတ်ရေးကလည်း ၈၀ ရာခိုင်နှုန်းလောက်ထိန်းနိုင်ပြီ။ ကျွန်တော်တို့ မထိန်းနိုင်သေးတာ မီးခိုးဖြစ်နေပါတယ်။ ဒါကြောင့် နည်းပညာပိုင်းဆိုင်ရာနဲ့ မီးခိုးအတွက်ကို ဆောင်ရွက်နိုင်ဖို့အတွက် Biofoam သုံးမယ်ဆိုတဲ့အစီအစဉ်ကို ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ အခုအချိန်ကစပြီး မှာယူရေးလုပ်ငန်းစဉ်ကို ကျွန်တော်တို့ စမယ်။ ၃၆ နာရီအတွင်းမှာ ရောက်လာနိုင်ဖို့ကို တွန်းအားပေးဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

မီးငြိမ်းသတ်ရာတွင် အသုံးပြုမည့်ရေကို ထိန်ပင်ရေကန်မှ မီးသတ်ယာဉ်ဖြင့် သယ်ယူခြင်းမပြုတော့ဘဲ ရေကန်အစပ်၌ ရေတွန်းပန့်များတပ်ဆင်ကာ မီးလောင်ပြင်နေရာသို့ တောက်လျှောက် ရေများပို့လွှတ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မီးလောင်သည့်နေရာအနီးတစ်ဝိုက်ရှိ ရွာများတွင် ယာယီကျန်းမာရေးစောင့်ရှောက်မှု ဒေသန္တရဆေးခန်း ငါးခုဖွင့်လှစ်ထားသော်လည်း လိုအပ်ပါက ထပ်မံဖွင့်လှစ်နိုင်ရေးစီမံဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ လေထုညစ်ညမ်းမှုတိုင်းတာသည့်လုပ်ငန်းကို မီးလောင်ပြင်ပတ်ဝန်းကျင်ရှိနေရာ ငါးခုတို့တွင် တိုင်းတာမှတ်တမ်းတင်ပြီး ပြည်သူများသို့ သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်းသိရသည်။

ထို့ပြင် အမှိုက်ပုံမီးငြိမ်းသတ်မှု ပိုမိုထိရောက်စေရေးအတွက် လိုအပ်သော Biofoam ဂါလန် ၁၈၀၀ အား ထိုင်းနိုင်ငံသို့ မှာယူ၍ ကရင်ပြည်နယ် မြဝတီလမ်းမှတစ်ဆင့် မှာယူအသုံးပြုနိုင်ရန် စီစဉ်လျက်ရှိသည်။ အမှိုက်ပုံမီးလောင်ကျွမ်းမှုကြောင့် မီးခိုးငွေ့ရှူရှိုက်မိပြီး ဆေးရုံဆေးခန်းသို့ ရောက်ရှိလာသော လူနာ ၁၃ ဦးကိုလည်း အရေးကြီးမှုအဆင့်အတန်းအလိုက် အထူးကုသဆောင်များသို့ လွှဲပြောင်းကုသပေးလျက်ရှိသည်။ အောက်စီဂျင်နှင့် ဆေးဝါးအစုံအလင်၊ အရေးပေါ်လူနာတင်ယာဉ် အစီး ၆၀ ကျော် အသုံးပြုကာ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

မီးငြိမ်းသတ်ရာတွင် ပိုမိုထိရောက်စွာကွပ်ကဲနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့က ဒရုန်းယာဉ်များဖြင့် ကောင်းကင်ဓာတ်ပုံများရယူကွပ်ကဲနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့မှ အင်အား ၈၀၀ နီးပါးအသုံးပြုကာ ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမင်းသက်ဦးတို့ တက်ရောက်ခဲ့ကြသည်။ ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် အခင်းဖြစ်မီးလောင်ပြင်သို့ ဝန်ကြီးချုပ်သွားရောက်ကြည့်ရှုမည်ဖြစ်ပြီး ည ၈ နာရီတွင် ယင်းကိစ္စနှင့်ပတ်သက်၍ အထူးအစည်းအဝေးတစ်ရပ် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**သတင်း- ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - ထိန်လင်း**

# လှိုင်သာယာအမှိုက်ပုံမီးလောင်မှု အစွမ်းကုန်ကြိုးစား ငြိမ်းသတ်သွားမည်

**ရန်ကုန် မေ ၂၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်မှုကို ရေအားဖြင့် အစွမ်းကုန်ကြိုးစားငြိမ်းသတ်သွားမည်ဖြစ်ပြီး အဆင်မပြေပါက နောက်ဆုံးအဆင့်အနေဖြင့် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောသည်။

"ဒီမီးလောင်မှုကိုကူညီဖို့ အာဆီယံအဖွဲ့တွေကလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရဆီ ကူညီဖို့ကမ်းလှမ်းလာပါတယ်၊ ကျွန်တော်တို့ အခုဖြစ်နေတဲ့အခြေအနေကို ဒီနေ့နဲ့မနက်ဖြန်လောက်ကို ဖိုင်နယ်လုပ်ကြည့်မယ်၊ လုပ်ကြည့်လို့မှ လိုအပ်ချက်ရှိတယ်ဆိုရင် နောက်ထပ်နည်းပညာတိုးမြှင့်ဆောင်ရွက်ဖို့အတွက် ထပ်ပြီးဆွေးနွေးမယ်၊ ထိန်းလို့မှမရဘူးဆိုရင် နိုင်ငံတကာနဲ့ပေါင်းစပ်ပြီး နည်းပညာအဆင့်မြှင့်တင်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားမယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။



အဆိုပါ မီးလောင်မှုမှာ မေ ၂၁ ရက်မှစတင်ဖြစ်ပွားခဲ့ပြီး လက်ရှိတွင် မီးလောင်ပြင်ကိုဒရုန်းနှင့်ရိုက်၍ ထိရောက်သည့် မီးငြိမ်းသတ်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အနီးအနားရှိပြည်သူများကိုလည်း အသက်အန္တရာယ်ကင်းရှင်းစေရန် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိကြောင်း၊ လက်ရှိအခြေအနေတွင် အသက်ရှူကျပ်သည့်လူနာ ၆၀ ကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း၊ ၁၃ ဦးမှာ အတွင်းလူနာအဖြစ် ကုသမှုခံယူနေသော်လည်း အခြေအနေကောင်းမွန်ကြောင်း ဝန်ကြီးချုပ်က ပြောသည်။

"မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှာရှိတဲ့ ဆေးရည်နဲ့ပက်ဖျန်းရတာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့မှာ အခက်အခဲရှိပါတယ်၊ ဒါပေမယ့် နိုင်ငံခြားကနေ ဆေးရည်ကိုမှာယူထားပါတယ်၊ ဒီနေ့ငြိမ်းသတ်လို့အဆင်မပြေရင် မနက်ဖြန်မှာဆေးရည်နဲ့ငြိမ်းသတ်နိုင်ဖို့အတွက် ထိုင်းနိုင်ငံကနေ မီးသတ်ဆေးရည်ကို မှာယူထားပါတယ်၊ အဲဒီဆေးရည်က အမေရိကန်က ထုတ်တဲ့ဆေးရည်ပါ၊ မနက်ဖြန်ရောက်မယ်၊ ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ထားပါတယ်၊ မနေ့က အသက်(၆၀)အရွယ် အမျိုးသမီးတစ်ဦး အသက်ရှူရတာပြန်ကောင်းပြီး ဆေးရုံက ဆင်းသွားတယ်၊ နောက်တော့ ဆုံးသွားတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

အဆိုပါ မီးလောင်မှုကို ဝန်ကြီးချုပ်ကိုယ်တိုင်ကြပ်မတ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သတင်း-ဇာနည်မောင်၊ အေးမင်းသူ၊ ဓာတ်ပုံ-ရွှေဝင်း**

❑ စာမျက်နှာ ၈ မှ

ဒီကနေ မီးလောင်တတ်တယ်။ ဒါကို ကျွန်တော်တို့ မီသိန်းကို တတ်နိုင်သလောက် အပြင်ကိုထွက်နိုင်အောင် ပိုက်တွေထိုးထည့်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့တာရှိပါတယ်။ လောင်တာ အနည်းအကျဉ်းလေးတွေ ရှိပါတယ်။ ဒါဟာ ဖြစ်တတ်တဲ့သဘောသဘာဝ ရှိပါတယ်။ အခုဖြစ်တဲ့ဖြစ်စဉ်က နည်းနည်းလေး မီးခိုးထွက်မှုနှုန်းများနေတာဖြစ်ပါတယ်။ မီးကို ကျွန်တော်တို့ ထိန်းချုပ်နိုင်ပေမယ့် မီးခိုးကိုတော့ ထိန်းချုပ်နိုင်ဖို့အားနည်းနေတဲ့အချိန်ဖြစ်ပါတယ်။ ဒါကို ထိန်းဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်။ နောင်မှာလည်း ဒီလိုအခြေအနေမျိုးတွေ ဖြစ်လာပြီဖြစ်တဲ့အတွက် အဆင့်မြင့်တဲ့ ဆေးရည်နဲ့ပက်ဖျန်းဖို့၊ အဆင်သင့်ပြင်ဆင်နိုင်ဖို့ ကြိုးစားရမှာဖြစ်ပါတယ်။ ဆေးရည်ကမရှိဘူးလားဆိုတော့ ရှိပါတယ်။ ဒါပေမယ့် နည်းနေတယ်။ အခု လောင်ကျွမ်းတဲ့ ဧရိယာက သိပ်ကြီးတဲ့အတွက် ဧရိယာတစ်ခုလုံးကို လွှမ်းခြုံနိုင်ဖို့အတွက် အခက်အခဲအနည်းငယ်ရှိပါတယ်။ ဒါကြောင့်မို့ ထပ်ပြီးတော့ တစ်ချိန်တည်း ဒီဟာကို သုံးပြီးဖြစ်ပါတယ်။ နောက်ထပ် ထပ်ပြီးသုံးဖို့အတွက်လည်း ပြင်ဆင်ဆောင်ရွက်နေပါတယ်။ နောင်နှစ်တွေမှာလည်း ဒီလိုအခြေအနေမျိုးတွေမဖြစ်ဖို့အတွက် နည်းလမ်းနှစ်ခု ရှာရပါမယ်။ အမှိုက်ကို စနစ်တကျစွန့်ပစ်ပြီး စွမ်းအင်ထုတ်လုပ်နိုင်ဖို့အတွက် ကျွန်တော်တို့ လုပ်ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ယခင် အစိုးရလက်ထက်က တင်ဒါခေါ်ယူခဲ့ဖူးတာရှိပါတယ်။ အောင်မြင်မှု မရခဲ့ဘူးဖြစ်နေတယ်။ အခု ထပ်မံပြီး အမှိုက်ကို စနစ်တကျ သုတေသနပြုနေပါတယ်။ ဘယ်အမှိုက်တွေက စွမ်းအင်ပြန်ထုတ်လို့ရမယ်၊ ဘယ်အမှိုက်က ဓာတ်မြေဩဇာ လုပ်ရမယ်။ ဘယ်အမှိုက်တွေကတော့ သေသေချာချာ ဘယ်လိုဖျက်ဆီးပစ်ရမလဲ။ ဥပမာ ဆေးရုံသုံးအမှိုက်၊ အရပ်သုံး အိမ်သုံးအမှိုက်တွေရှိမယ်၊ မီးဖိုချောင်သုံး၊ ဈေးသုံးအမှိုက်တွေရှိတယ်။ ဒါတွေကို ခွဲပြီးလုပ်နိုင်ဖို့ ရှေ့ဆက်ပြီး ပြင်ဆင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

**အနာဂတ်မှာမဖြစ်ဖို့ ပြင်ဆင်ဆောင်ရွက်**

ကျွန်တော်တို့တာဝန်ယူတဲ့ နှစ်နှစ်တာကာလအတွင်း အမှိုက်ကိစ္စဖြေရှင်းဖို့ တောက်လျှောက် လုပ်နေပါတယ်။ အခုလည်း အမှိုက်ကို သုတေသနပြုထားတာ ဖြစ်ပါတယ်။ ဒီအပေါ်ကနေ မူတည်ပြီး ကျွန်တော်တို့လုပ်တဲ့ လုပ်ငန်းစဉ် ဘယ်လောက်ဖြစ်မလဲဆိုတဲ့ ပုံစံမျိုးနဲ့ အမှိုက်ကိုစွန့်ပစ်ဖို့ ဒါကိုရှေ့ဆက်သွားမှာ ဖြစ်ပါတယ်။ အမှိုက်ပုံအဟောင်းတွေကိုတော့ မီသိန်းဓာတ်ငွေ့ထွက်နေမှုကို စနစ်တကျ ထိန်းနိုင်ဖို့ ကျွန်တော်တို့ ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ တစ်ဖက်က အမှိုက်စွန့်ပစ်မှုကနေ စွမ်းအင်သုံးစွဲနိုင်ဖို့ နည်းလမ်းတစ်ရပ်ရယ်၊ တစ်ဖက်က အဟောင်းတွေကို စနစ်တကျ ထိန်းချုပ်နိုင်ဖို့အတွက် နည်းပညာပိုင်းဆိုင်ရာနဲ့ပေါင်းစပ်ပြီး ထိန်းထားနိုင်ဖို့ ဒီနှစ်လမ်းကို အနာဂတ်မှာမဖြစ်ဖို့ ပြင်ဆင်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရှိနေတဲ့အမှိုက်ပုံတွေအတွက် နောင်ဒီလိုမျိုးမဖြစ်အောင် ဘယ်လို ပြင်ဆင်ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ အမှိုက်ပုံသေးသေးလေးတွေမှာ ဒီလိုမီသိန်းထွက်ပြီး ဒီလိုဖြစ်တဲ့အလေ့ မရှိပါဘူး။ ထားဝယ်ချောင်နဲ့ ထိန်ပင်နဲ့က နောက်ဆုံးအမှိုက်ပုံတွေဖြစ်ပါတယ်။ အမှိုက်ပုံသေးသေးလေးတွေကနေ အမှိုက်ကို ကားနဲ့သယ်ပြီး လာပစ်တာဖြစ်တယ်။ ဒီ အမှိုက်ပုံနှစ်ခုကို ထိန်းချုပ်ထားရမှာ ဖြစ်ပါတယ်။ ထားဝယ်ချောင်ဘက်ဆိုရင် ဂက်စ်တွေ ထုတ်နိုင်ဖို့ ပိုက်တွေထိုးထည့်ပြီးလုပ်ထားပါတယ်။ ဒီဘက်မှာလည်း ဆောင်ရွက်မှုတွေ ရှိပါတယ်။ ဒါပေမယ့် အမှိုက်ပုံက သိပ်ကြီးလာတဲ့အခြေအနေမှာ ဒီပြဿနာပေါ်လာတဲ့အခြေအနေဖြစ်ပါတယ်။ ဒါကို စနစ်တကျ ထိန်းချုပ်နိုင်ဖို့ ကျွန်တော်တို့လုပ်ရမှာ ဖြစ်ပါတယ်။ အနာဂတ်အတွက်လည်း ဒါမျိုးမဖြစ်ဖို့အတွက် ကျွန်တော်တို့ ကြိုးစားရမှာဖြစ်ပါတယ်။ အမှိုက်ပုံက မီးလောင်တတ်တယ်ဆိုတာကတော့ နောက်ဆုံး အမှိုက်ပုံကြီးတွေမှာပဲ ဖြစ်တတ်တဲ့ သဘောသဘာဝရှိပါတယ်။ ဒါပေမယ့် အခုဖြစ်နေတဲ့နေရာက လူနေထိုင်တဲ့နေရာနဲ့ နည်းနည်းနီးနေတော့ ဒီကထွက်တဲ့ မီးခိုးကို ပြည်သူလူထုအနှောင့်အယှက်မဖြစ်အောင် ပြည်သူလူထုရဲ့ ကျန်းမာရေးကိုမထိခိုက်စေဖို့အတွက် ကျွန်တော်တို့ ကြိုးပမ်းရမှာဖြစ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

တွေ့ဆုံမေးမြန်း - ရီရီမြင့်

# လှိုင်သာယာထိန်ပင် အမှိုက်ပုံမီး မီးခိုးထပ်မထွက်ရန် Biofoam ဓာတ်ငွေ့ရည်ကို ရေနှင့်ရော၍ အမြင့်တက်မီးသတ်ကားဖြင့် ငြှိမ်းသတ်မည်

ရန်ကုန် မေ ၂၅

**မေ ၂၁ ရက် မွန်းလွဲပိုင်းတွင် စတင်လောင်ကျွမ်းခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ ထိန်ပင်အမှိုက်ပုံမီးလောင်မှု အမြန်ဆုံးငြှိမ်းသတ်နိုင်ရေး လှိုင်သာယာ ထိန်ပင်အမှိုက်ပုံအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ထားဝယ်ချောင် (ဒဂုံမြောက်)၊ ကြူချောင်(ရွှေပြည်သာ)၊ ဆိပ်ကြီးခနောင်တို၊ ဒလနှင့် မင်္ဂလာဒုံတို့ရှိ အမှိုက်ပုံများကို အလားတူ မီးလောင်မှုများမဖြစ်ပေါ်စေရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် သတင်းစဉ်က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။**



ရန်ကုန်မြို့တော်ဝန်
ဦးမောင်မောင်စိုး

**မေး။ ။ လှိုင်သာယာထိန်ပင် အမှိုက်ပုံမီးလောင်မှု အမြန်ဆုံးငြှိမ်းသတ်နိုင်ဖို့ ဘယ်လို စီစဉ်ဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ မီးလောင်မှုအတွက် ပူးပေါင်းလုပ်ဆောင်မှုမှာ အပိုင်းနှစ်ပိုင်းကို တစ်ပြိုင်တည်း လုပ်တယ်။ တစ်ခုကတော့ မီးငြှိမ်းသတ်တဲ့အပိုင်း၊ နောက်တစ်ခုကတော့ ကျန်းမာရေး စောင့်ရှောက်မှုအပိုင်း ဒါကတော့ လူမှုရေးအပိုင်း၊ မီးငြှိမ်းသတ်ရေးအပိုင်းမှာတော့ မီးကို ၈၀ ရာခိုင်နှုန်းနိုင်နေပြီ။ ပြဿနာက မီးခိုး၊ မီသိန်းကနေပြီးစတာ။ နောက်ပြီးတော့ ပလတ်စတစ်ပါတယ်။ မီးခိုးထွက်တာက များတယ်။ အဲဒီအပိုင်းကို ငြှိမ်းသတ်ဖို့ စီစဉ်နေပါပြီ။ Biofoam ဓာတ်ငွေ့ရည်ကို ဂျပန်နဲ့ ပြင်သစ်က သုံးတယ်လို့ ပြောတယ်။ ကံကောင်းစွာပဲ ထိုင်းကရမယ်လို့ ပြောတယ်။ လိုတာက ဂါလန် ၅၀၀၀ လောက်လိုတယ်။ ရမှာက ဂါလန် ၁၈၀၀ လောက်ရမှာဆိုတော့ ဘယ်လိုပဲဖြစ်ဖြစ် ရသလောက်ယူပြီး သုံးရမယ်။ မီးငြှိမ်းသတ်တဲ့အပိုင်းမှာလည်း နှစ်ပိုင်းပေါ့။ တစ်ခုက ရေနဲ့ငြှိမ်းသတ်ပြီးတော့ ရေနဲ့ Biofoam ဓာတ်ငွေ့ရည်နဲ့ ထည့်ပြီးငြှိမ်းသတ်မယ်။ ရေကို source ကနေ တိုက်ရိုက်လွှတ်ပြီး ကန်ထဲကို အမှိုက်တွေ စိုသွားအောင်လုပ်မယ်။ စိုသွားတော့ ဓာတ်ငွေ့ထွက်တာ နည်းသွားအောင် လုပ်ပါမယ်။ လောင်နေတဲ့ အပိုင်းကျတော့ ထပ်ပြီး အောက်ဆီဂျင်ကို ဖြတ်တဲ့အနေနဲ့ Biofoam ဓာတ်ငွေ့ရည်နဲ့ သုံးမှာပါ။ ကျန်းမာရေးစောင့်ရှောက်မှုကတော့ လူမှုရေးဝန်ကြီး၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးရယ်၊ YCDC ကျန်းမာရေးဌာနရယ် ပေါင်းပြီးတော့ ရပ်ကွက်တွေရော၊ ဆေးရုံတွေမှာရော အဆင်သင့်ထားပြီး ရပ်ကွက်တွေမှာတော့ လူမှုရေးစောင့်ရှောက်မှုလုပ်ငန်းတွေ လုပ်နေပါပြီ။

**မေး။ ။ Biofoam ဓာတ်ငွေ့ရည်နဲ့ မီးငြှိမ်းသတ်မယ်ဆိုရင် ဘယ်လိုအကျိုးအာနိသင် ရှိလာနိုင်မလဲ။**

ဖြေ။ ။ Biofoam ဓာတ်ငွေ့ရည်ဆိုတာ အောက်ဆီဂျင်ဖြတ်ချလိုက်တာ။ အခုဟာက အတွင်းက လှိုက်လောင်တာ၊ အပေါ်က မီးရှို့တာမဟုတ်ဘူး။ ဟိုးအတွင်းကနေပြီး ပူပြီးတော့ ဓာတ်ငွေ့သဘောနဲ့ Chemical Reaction ဖြစ်ပြီး လောင်တာဆိုတော့ အဲဒီမှာ ကျွန်တော်တို့က ရေနဲ့ငြှိမ်းလိုက်ရင် ဓာတ်ငွေ့နဲ့အတူ မီးစလေးက လိုက်လာတယ်။ အများကြီးလောင်တာလည်း မဟုတ်ဘူး။ တငွေ့ငွေ့လောင်တာ၊ မီးစလေး တက်လိုက်၊ အဲဒီမီးစလေး ငြှိမ်းလိုက်ရင် ဟိုဘက်ကို တစ်ခါထပ်ပြီး မီးပွားလေးက တက်လာတယ်။ အဲဒီမီးပွားလေး ငြှိမ်းလိုက်ရင် ဟိုဘက်ကို မီးတောက်ကလေးက တစ်ခါတက်ဆိုတော့ မီးက ပတ်ချာလည်နေတယ်။ Biofoam ဓာတ်ငွေ့ရည်က ဘာဖြစ်လဲဆိုရင် ဖျန်းလိုက်တာနဲ့ အောက်ဆီဂျင် ဖြတ်ချပြီးသား ဖြစ်သွားတဲ့အတွက်ကြောင့် ထပ်မလောင်ဘူး။ ဂါလန် ၁၈၀၀ လောက်ရမယ်ဆိုရင် မဆိုးဘူး။ အခုက မီးသတ်မှာလည်း အမြင့်တက်မီးသတ်ကား လေးစီးရောက်နေပြီ။ မီးသတ်တွေကလည်း အချိန်ပြည့် ၂၄ နာရီ သွားနေပေမယ့် သူတို့အနေနဲ့ မီးခိုးကလည်း အရမ်းများတော့ ရှေ့သိပ်မတိုးရဲသေးဘူး။ အဲဒီမှာ ဘာရှိလဲဆိုတော့ မီးကျင်းတွေရှိတယ်။ ကျင်းထဲကျသွားရင် လူက ဖုတ်ပြီးသား ဖြစ်သွားမယ်လို့ ပြောတယ်။ အောက်အပူခံထားတာဖြစ်တယ်။ အဲဒါကိုလည်း ကြောက်ရတဲ့အတွက် ထိန်းပြီး မီးငြှိမ်းသတ်ရတယ်။ တစ်ယောက်နဲ့ တစ်ယောက် မျက်ခြည်မပြတ်အောင် မီးခိုးကရှိတော့ အရဲစွန့် မသွားရဲဘူး။ ရှေ့နောက်သွားပြီး ပက်ရတာရှိတယ်။ အန္တရာယ်က တော်တော်များပါတယ်။ အလုပ်လည်း ပင်ပန်းကြပါတယ်။ ကျွန်တော်တို့တောင် ဒီထဲမှာ ဝင်ထွက်သွားနေတာတောင် ညကျရင် မျက်လုံးစပ်ပြီး အိပ်မပျော်ဘူး။ နောက် ပြည်သူလူထုတွေလည်း ခံစားရမယ်ဆိုတာ သိပါတယ်။ သို့သော်လည်း ဒီဘေးအန္တရာယ်ကို ကျွန်တော်တို့ အပြစ်မပြောဘဲ ရသလောက် ဝိုင်းဝန်းငြှိမ်းရင် အောင်မြင်မှာပါ။ ပြီးမှာပါ။ ဒီလိုပဲပူးပေါင်းပြီးတော့ ဖြေရှင်းရမှာပဲ။ မီးခိုးကို ပြတ်အောင် လုပ်ရမယ်။

**မေး။ ။ ထိန်ပင်အမှိုက်ပုံအပါအဝင် ကျန်အမှိုက်ပုံတွေကိုလည်း နောင် ဒီလိုမျိုးမဖြစ်အောင် ဘယ်လိုမျိုး ကြိုတင်ကာကွယ်မှုတွေ လုပ်ထားပါသလဲ။**

ဖြေ။ ။ အမှိုက်ပုံတိုင်းမှာ ဖြစ်တတ်ပါတယ်။ အရင်က မလွှကုန်းအမှိုက်ပုံလည်း ရှိတတ်တယ်။ ဒီလိုပဲ လောင်တတ်တယ်။ ရက်ရှည်ပြီးတော့ တငွေ့ငွေ့နဲ့ လောင်တာ၊ အလုံမှာလည်း ဒီလိုပဲ တငွေ့ငွေ့လောင်တာ။ သို့သော်လည်း ဖြစ်ရိုးဖြစ်စဉ်လို့ ပြောလို့ မကောင်းဘူး။ ဘာလို့လဲဆို အန္တရာယ်ရှိတယ်။ အရင်တုန်းက ဘယ်လိုလောင်ခဲ့ လောင်ခဲ့ ရအောင်ငြှိမ်းရပါမယ်။ သို့သော် ကျွန်တော်တို့ရဲ့ ပစ္စည်းမစုံမလင်တဲ့ ပြဿနာပါ။ နောက်တစ်ခုက ဒီအမှိုက်ပုံတွေကို ရှင်းဖို့အတွက် အလေအလွင့် စွမ်းအင်ဆုံးရှုံးမှုတွေကို စီမံကိန်းဆွဲနေတယ်။ တင်ဒါတွေလည်း ခေါ်နေတယ်။ ပြန်လည်အသုံးပြုဖို့ လုပ်နေတယ်။ ကြားထဲမှာ ဖြစ်ချင်တော့လည်း ဒီကနေ့ ၂၁ ရက်မှာ နေ့လယ်ပိုင်းက အပူချိန် တော်တော်တက်တယ်။ ၄၂ ဒီဂရီလောက်တက်တယ်။ အပေါ်ကလည်း ပူတယ်။ အောက်မှာလည်း အောင်းပြီးတော့ ဓာတ်ငွေ့လည်း တက်တယ်ဆိုတော့ အောက်ကစပြီး အတွင်းဘက်က စပြီးလောင်တာ။ လောင်တာမသိလိုက်ဘူး။ ဘာတက်လဲဆိုတော့ အမှိုက်ကြားက မီးညွန့်တက်လာတယ်။ မီးညွန့်တက်မှ မီးလောင်တာ အဲဒီမှာစပြီးတော့ မီးစငြှိမ်းပါတယ်။ ဒီဘက်က မီးငြှိမ်းတော့ ဟိုဘက်က တက်လာတယ်။ အထဲကအောင်းပြီး လှိုက်လောင်တာ။ အဲဒါကိုထိန်းဖို့ အောက်ဆီဂျင်ဖြတ်မှရမယ်။ အောက်ဆီဂျင် ရှိတဲ့နေရာတွေ မီသိန်းနဲ့ပေါင်းပြီး လောင်တယ်။ အပူများတယ် ခေါ်မှာပေါ့။ မီးသတ်သမား ဝေါဟာရတွေပေါ့။

မီးငြှိမ်းတဲ့အခါ သတိထားငြှိမ်းရတယ်။ အောက်မှာ မီးကျင်းတွေရှိတယ်။ သွားတာ လမ်းလျှောက်တာကအစ အောက်မှာ ဘယ်လောက်ထိ လှိုက်လောင်နေမှန်း မသိဘူး။ တော်တော် သတိထားရတယ်။ အဲဒါကြောင့် တစ်ယောက် နဲ့ တစ်ယောက် ချိတ်ချိတ်ပြီး မီးငြှိမ်းရတယ်။ ဒါတွေ လုပ်ဖို့ဆို နိုင်ငံခြားမှာဆိုရင် မီသိန်းဓာတ်ငွေ့တွေကို ပိုက်တွေထည့်ပြီးတော့ အောက်ကရေဆိုးကို တစ်ခါသန့်တယ်။ ဓာတ်ငွေ့တစ်ခါထုတ်တယ်။ ဓာတ်ငွေ့နဲ့ပတ်သက်ပြီး စနစ်တစ်ခုလုပ်ဖို့ စဉ်းစားနေပါတယ်။ စရိတ်စက အတော်ကြီးတယ်။ ပိုက်တွေချရတာတို့၊ ဓာတ်ငွေ့ system လုပ်ဖို့ လိုအပ်တဲ့အရာတွေ များတယ်။ ဒါပေမဲ့ လုပ်ရမှာပေါ့။ အမြတ်ရတဲ့လုပ်ငန်း မဟုတ်ဘူး။ ဒါပေမဲ့ လူမှုရေးအရ လိုအပ်တယ်။ အကယ်၍ လုပ်နိုင်တဲ့အချိန်ကျရင် လုပ်ကို လုပ်ရမှာပေါ့။

> စငြှိမ်းတုန်းက YCDC ပေါ့။ YCDC ပြီးတော့ ပူးပေါင်းပါဝင်တာ မီးသတ်ပါ။ မနေ့ကဆိုရင် တပ်မတော် ပါလာပြီ။ အခု ဆည်မြောင်းပါ ပါလာပြီ။ လေးဌာနပေါ့။ YCDC ရယ်၊ မီးသတ်ရယ်၊ တပ်မတော်ရယ်၊ ဆည်မြောင်းရယ် ပါလာပြီ။ တပ်မတော်ဆိုရင် တော်တော် အင်အားများတယ်။ လူရော၊ ပစ္စည်းအင်အားရော ဝင်ပြီး မီးလောင်အားကလည်း ကျသွားတဲ့အခါကျတော့ ဝိုင်းပြီးထိန်းသိမ်းထားနိုင်တယ်။ အမှိုက်တွေစိုအောင် ရှိသမျှကန်ထဲက ရေတွေ စုပ်ပြီးတော့ မီးသတ်ကားနဲ့ မဟုတ်ဘူး၊ ပိုက်နဲ့ထည့်ပြီး အမှိုက်ပုံထဲကို ရေလွှတ်နေမယ်။ ရေစိုသွားအောင် လုပ်တာဖြစ်တယ်။

**မေး။ ။ မနေ့ညက မြို့နယ်တော်တော်များများကို မီးခိုးညှော်နံ့တွေရတယ်လို့ ပြောကြပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ။ ညကျတော့အေးသွားတယ်။ အေးသွားတော့ မီးခိုးအပေါ်မတက်တော့ဘူး။ မီးခိုးအပေါ်မတက်တော့ မီးခိုးက အိုင်ပြီးတော့ လှည့်ပတ်သွားတဲ့အခါကျတော့ ညှော်နံ့ရတာဖြစ်ပါတယ်။ အသက်ရှူကျပ်လောက်အောင်တော့ မဟုတ်ဘူး။ မီးခိုးနံ့ရတာပေါ့လေ။ မီးခိုးနံ့ရတော့ ဘာနံ့ကြီးလဲဆိုပြီး ကြည့်မြင်တိုင်ဘက်လည်းရှိတယ်။ အလုံဘက်လည်းရှိတယ်။ မှန်ပါတယ်။ သို့သော် ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အပြစ်ရှောင်ချင်လို့တော့ မဟုတ်ပါဘူး။ နည်းနည်းပူလာတဲ့အခါကျရင် မီးခိုးက အပေါ်ပျံတက်သွားတဲ့အခါ ဖြစ်တတ်ပါတယ်။ အဓိကက မီးခိုးနံ့ပဲ၊

**မေး။ ။ လက်ရှိ မီးငြှိမ်းသတ်ရေးလုပ်ငန်းစဉ်မှာ ရန်ကုန်တိုင်းဒေသကြီးအပြင် အခြားအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေမှုအပေါ် ရှင်းပြပေးပါ။**

ဖြေ။ ။ စငြှိမ်းတုန်းက YCDC ပေါ့။ YCDC ပြီးတော့ ပူးပေါင်းပါဝင်တာ မီးသတ်ပါ။ မနေ့ကဆိုရင် တပ်မတော် ပါလာပြီ။ အခု ဆည်မြောင်းပါ ပါလာပြီ။ လေးဌာနပေါ့။ YCDC ရယ်၊ မီးသတ်ရယ်၊ တပ်မတော်ရယ်၊ ဆည်မြောင်းရယ် ပါလာပြီ။ တပ်မတော်ဆိုရင် တော်တော်အင်အားများတယ်။ လူရော၊ ပစ္စည်းအင်အားရောဝင်ပြီး မီးလောင်အားကလည်း ကျသွားတဲ့အခါကျတော့ ဝိုင်းပြီးထိန်းသိမ်းထားနိုင်တယ်။ အမှိုက်တွေစိုအောင် ရှိသမျှ ကန်ထဲက ရေတွေ စုပ်ပြီးတော့ မီးသတ်ကားနဲ့ မဟုတ်ဘူး၊ ပိုက်နဲ့ ထည့်ပြီး အမှိုက်ပုံထဲကို ရေလွှတ်နေမယ်။ ရေစိုသွားအောင် လုပ်တာဖြစ်တယ်။ နောက်တစ်ခုက မီးလောင်တဲ့နေရာကို မီးခိုးထပ်မထွက်အောင် Biofoam ဓာတ်ငွေ့ရည်နဲ့ ရေနဲ့ရောပြီး အမြင့်တက်မီးသတ်ကားပက်မယ်။ ဒီနေ့ စမှာပြီး မနက်ဖြန်ရောက်မယ်။ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း ကူညီပေးပါတယ်။

**ကျေးဇူးတင်ပါတယ်။**

**တွေ့ဆုံမေးမြန်း-ဥမ္မာသန့်**

# ပြည်တွင်း၊ ပြည်ပ သတင်းဌာနများမှ သတင်းမီဒီယာသမားများ တောင်ပြိုလက်ဝဲ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီးသို့ သွားရောက်သတင်းရယူ



**စစ်တွေ မေ ၂၅**

မောင်တောမြို့၌ ရောက်ရှိနေသည့် ပြည်တွင်း သတင်းဌာနများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းဌာနများမှ သတင်းမီဒီယာသမားများသည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် တောင်ပြိုလက်ဝဲမြို့ နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်နေကြသည့် နေရပ်စွန့်ခွာသွားကြသူများအား တွေ့ဆုံမေးမြန်း သတင်းရယူကြသည်။

သတင်းမီဒီယာ အဖွဲ့သည် နံနက်ပိုင်းတွင် တောင်ပြိုလက်ဝဲမြို့သို့ ရောက်ရှိကြပြီး နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်နေကြသူများအား တွေ့ဆုံ၍ တစ်ဖက်နိုင်ငံ၌ နေထိုင်နေစဉ်အတွင်း နေထိုင်စားသောက်ရမှု အခြေအနေ၊ လက်ရှိရောက်ရှိ နေထိုင်နေသည့် လူဦးရေ၊ လက်ရှိအခြေအနေအထိ နေရပ်သို့ပြန်မလာရသည့် အကြောင်းရင်း၊ ဖြစ်ပေါ်နေသည့် အခက်အခဲနှင့်လိုအပ်ချက်၊ NVC အပေါ် ၎င်းတို့၏သဘောထား အမြင်အပါအဝင် အခြားသိရှိလိုသည်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များသည် နှစ်နိုင်ငံချစ်ကြည်ရေးတံတားသို့ သွားရောက်လေ့လာသတင်းရယူကြသည်။

ညနေပိုင်းတွင် သတင်းမီဒီယာအဖွဲ့သည် စစ်တွေမြို့သို့ ပြန်လည်ရောက်ရှိကြပြီး မြန်မာအမျိုးသားလေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

**သတင်း-မျိုးမြင့်**
**ဓာတ်ပုံ-ဟန်လင်းနိုင်**

■

❖ **လှိုင်သာယာမြို့နယ်မှ**

အန္တရာယ်မဖြစ်အောင် ကြီးကြပ်ဆောင်ရွက်နေပါတယ်၊ အပြီးသတ်ငြိမ်းသွားဖို့အတွက်ကတော့ ရာသီဥတုအနေအထားအပေါ်မှာလည်း မူတည်နေပါတယ်၊ လက်ရှိမှာဆိုရင် ပူပြင်းမှုနဲ့အတူ မီးလောင်မှုဧရိယာ ကျယ်ပြန့်တဲ့အတွက်ကြောင့် အပြီးသတ် ငြိမ်းသတ်မှုအပိုင်းကို အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်နေပါတယ်” ဟုပြောသည်။

အဆိုပါ ထိန်ပင်အမှိုက်ပုံ မီးလောင်မှုသည် ဧပြီ ၂၁ ရက် မွန်းလွဲပိုင်းက စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ယနေ့(လေးရက်မြောက်)အထိ သက်ဆိုင်ရာတာဝန်ရှိသူတို့ ပူးပေါင်းငြိမ်းသတ်လျက်ရှိသည်။ စတင်လောင်ကျွမ်းစဉ်က လှိုင်သာယာမြို့နယ်အတွင်းနှင့် ဆက်စပ်မြို့နယ်အချို့ရှိ ပြည်သူများသာ မီးလောင်မှုမှ ထွက်ရှိသည့် မီးခိုးများဒဏ်ကိုခံစားခဲ့ရသော်လည်း ဧပြီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့တွင်းမြို့နယ်များသာမက ဆင်ခြေဖုံးမြို့နယ်များတွင်လည်း မီးခိုးမွှန်သည့်ဒဏ်ကို ပြည်သူများသိသာစွာခံစားခဲ့ရကြောင်း လူမှုကွန်ရက်များမှသိရသည်။

“မီးခိုးမွှန်တဲ့ဒဏ်ကို မနေ့ကတော်တော်ခံစားလိုက်ရတယ်၊ ကောင်းကင်တစ်ခုလုံးလည်း မှောင်သွားတယ်၊ ညနေပိုင်းနဲ့ ညပိုင်းမှာ တော်တော်ခံစားလိုက်ရတယ်၊ ကျွန်မရဲ့ အမေဆိုရင် အသက်ရှူမဝဖြစ်သွားလို့ စိုးရိမ်ခဲ့ရတယ်၊ ဒီကနေ့မှာတော့ မီးခိုးက တဖြည်းဖြည်း နည်းသွားပါပြီ၊ အမြန်ဆုံးငြိမ်းသွားစေချင်ပါတယ်”ဟု အဆိုပါ မြို့နယ် (၂၀)ရပ်ကွက်မှ ဒေသခံ မစန်းစန်းက ပြောသည်။

မီးခိုးမွှန်သည့်ဒဏ်ကို မီးလောင်မှုအနီးရှိ ဒေသခံပြည်သူအများစုမှာ ပိုမိုသိသာစွာခံစားရသဖြင့် ဆေးရုံတက်ရောက်ကုသသူများရှိရာ လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံသို့ ဧပြီ ၂၄ ရက်တွင် ၁၅ ဦး တက်ရောက်ခဲ့ပြီး ယင်းတို့အနက် တစ်ဦးမှာ မူလရောဂါအခံရှိခြင်း (မီးခိုးမွှန်မှုနှင့်မသက်ဆိုင်သော) ကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းပို့အပ်ခဲ့ကြောင်း၊ နှစ်ဦးမှာ ဆေးရုံမှ ပြန်လည်ဆင်းသွားပြီဖြစ်ကြောင်းနှင့် ကျန်ရှိသောသူတို့မှာ စိုးရိမ်ဖွယ်မရှိကြောင်း အဆိုပါဆေးရုံအုပ်ကြီးထံမှ သိရသည်။

လှိုင်သာယာမြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစန်းလွင်ဦးက “မီးခိုးမွှန်တဲ့ ဒဏ်ကြောင့် ဆေးရုံတက်ရောက်ကုသနေတဲ့လူနာတွေရဲ့ အခြေအနေကတော့ အားလုံးကောင်းမွန်ပါတယ်၊ စိုးရိမ်စရာအနေအထား မရှိပါဘူး၊ အခု တက်ရောက်နေတဲ့လူနာတွေရဲ့ လက္ခဏာကတော့ အသက်ရှူကျပ်တာတို့၊ မောတာတို့ ခံစားရပြီးရောက်ရှိလာတာပါ၊ အခုဆိုရင် လာရောက်ဆေးကုသမှု ခံယူနေတဲ့သူတွေထဲမှာ အောက်ဆီဂျင် မလိုအပ်တော့တဲ့သူတွေရှိပါတယ်၊ သို့သော်လည်းပဲ ကျွန်တော်တို့ကတော့ စိတ်ချရတဲ့ အနေအထားအထိ စောင့်ကြပ်ကုသပေးသွားမှာပါ၊ အောက်ဆီဂျင်လည်း အလုံအလောက်ရှိပါတယ်၊ ကြိုတင်ပြင်ဆင်မှုတွေလည်း ဆက်လက်လုပ်ဆောင်ထားပါတယ်” ဟု ပြောကြားသည်။

ဆေးရုံသို့ လာရောက်၍ ဆေးဝါးကုသမှု ခံယူသူအများစုမှာ အဓိကအားဖြင့် နှလုံး၊ ပန်းနာ၊ ရင်ကျပ်၊ နာတာရှည် စသည့် မူလရောဂါအခံရှိသူများကို တွေ့ရသည့်အပြင် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့်လည်း သတိပြုရန်လိုအပ်ကြောင်း အဆိုပါဆေးရုံအုပ်ကြီးက ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မီးခိုးဒဏ်ကို အများဆုံးခံစားနေရသည့် ရပ်ကွက်များအတွင်းနှင့် မီးလောင်မှုအနီးတို့တွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဆေးကုသမှုစခန်းများ ဖွင့်လှစ်ကာ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး မီးခိုးဒဏ်ကို ဆက်လက်ခံစားနေရပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းကာ ပြည်သူတို့အတွက် ယာယီနားခိုရာနေရာများ ပြုလုပ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**ထိန်ပင်စည်ပင်အမှိုက်ပုံ မီးလောင်နေမှုကို တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေကြစဉ်။**

ထို့အတူ မီးလောင်မှုအနီးတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရပ်ဘက်အဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပြီး စေတနာရှင်များကလည်း အစားအသောက်၊ ရေနှင့် ဆေးဝါးများ လာရောက်လှူဒါန်းလျက်ရှိသည်ကို တွေ့ရသည်။

အမှတ်(၁) တပ်မတော်ဆေးရုံကြီး ခုတင်(၁၀၀၀)မှ ဆေးကုသမှုပါရဂူ ဗိုလ်ကြီးသိန်းနေလင်းက “ကျွန်တော်အပါအဝင် အဖွဲ့ဝင်တွေက မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံပြည်သူတွေကို ဆေးဝါးစောင့်ရှောက်မှုပေးနေတာပါ၊ မီးခိုးမွှန်တဲ့ဒဏ်နဲ့ ထိခိုက်ဒဏ်ရာတစ်ခုခုဖြစ်ခဲ့ရင် အချိန်မီလိုအပ်တဲ့ ကုသမှုမျိုး လုပ်ပေးနိုင်အောင် ဆောင်ရွက်ပေးနေတာပါ၊ လိုအပ်ရင် အသုံးပြုနိုင်ဖို့အတွက် လူနာတင်ယာဉ်လည်း အသင့်ရှိပါတယ်၊ ကြိုတင်ကာကွယ်မှုအနေနဲ့ ဓာတ်ဆားတွေ ကြိုတင်တိုက်ထားတာမျိုးအပြင် ဖြစ်လာခဲ့ရင်လည်း အဆင်သင့် ကုသနိုင်အောင် ပြင်ဆင်မှုတွေ လုပ်ထားပါတယ်၊ လက်ရှိမှာတော့ မီးသတ်တပ်ဖွဲ့ဝင်တွေ အသေးစားထိခိုက်ရှနာတာတွေလောက်ပဲရှိပါတယ်”ဟု ပြောသည်။

“မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပါဝင်ငြိမ်းသတ်တဲ့သူတွေကို အစားအသောက်တွေ လာရောက်လှူဒါန်းတာပါ၊ နေပူကြီးထဲမှာ ငြိမ်းသတ်နေရတာ ကိုယ်ချင်းစာပါတယ်၊ ညဘက်ဆိုရင်လည်း မအိပ်ဘဲ ငြိမ်းသတ်နေတာကြောင့် အခုဆိုရင် မီးခိုးတွေ တော်တော်နည်းသွားပါပြီ၊ ပြည်သူတစ်ယောက်အနေနဲ့ ကိုယ်နိုင်တဲ့ဘက်က အခုလို လာရောက်လှူဒါန်းခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်”ဟု လာရောက်လှူဒါန်းသူတစ်ဦးက ပြောသည်။

ယခုအခါ မီးလောင်ကျွမ်းနေမှုကို သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများအပါအဝင် ၄၀၀ ခန့်က ဝိုင်းဝန်းငြိမ်းသတ်လျက်ရှိရာ အပြီးသတ်မီးငြိမ်းသတ်ရန်အဆင့်သာ ကျန်ရှိတော့ကြောင်း သိရသည်။

ထိန်ပင်အမှိုက်ပုံကို ၂၀၀၁ ခုနှစ်ခန့်က စတင်ထားရှိခဲ့ကာ ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၅၀၀ အနက်မှ တန် တစ်ထောင်ကို ယင်းအမှိုက်ပုံတွင် နေ့စဉ် လာရောက်စွန့်ပစ်လျက်ရှိသည်။

အမှိုက်ပုံသည် ဧက ၃၀၀ ခန့်ရှိပြီး ယင်းတို့အနက် ဧက ၁၀၀ ခန့် လောင်ကျွမ်းခြင်းဖြစ်သည်။ အဆိုပါ အမှိုက်ပုံတွင် ယခင်က အသေးစား မီးလောင်မှုများ မကြာခဏ ဖြစ်ပွားခဲ့ဖူးသော်လည်း ယခုလောင်ကျွမ်းမှုသည် အချိန်ကာလကြာမြင့်စွာ လောင်ကျွမ်းသည့် မီးလောင်မှုဖြစ်သဖြင့် ထိုကဲ့သို့ မီးလောင်မှုမျိုး ထပ်မံမဖြစ်ပွားစေရန် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းကြပ်မတ်သင့်ကြောင်း မီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက ဆိုသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

✪ **ဆောင်းခိုငှက်မျိုးစိတ်သစ်မှ**

ငှက်ပညာရှင် ဦးသက်ဇော်နိုင်က ပြောသည်။

အဆိုပါ ဒေါင်းလန်းခြေထောက် ဆောင်းခိုငှက်မျိုးစိတ် အသစ်မှာ ၂၀၁၇ ခုနှစ် ဆောင်းရာသီ၌ အင်းလေးကန်တွင် ပထမဆုံးအကြိမ်အနေဖြင့် တွေ့ရှိခဲ့ပြီး ဒုတိယအကြိမ်အနေဖြင့် တောင်သမန်အင်းတွင်လည်း တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ဆောင်းရာသီတွင်လည်း တောင်သမန်အင်းတွင် တတိယအကြိမ် ထပ်မံတွေ့ရှိရပြီး နောက်ဆုံးအကြိမ်အနေဖြင့် မိုးယွန်းကြီးအင်း၌ ထပ်မံတွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဆောင်းခိုငှက်မျိုးစိတ် အသစ်မှာ ယခင်နှစ်များက မြန်မာနိုင်ငံသို့ ရောက်လေ့ရောက်ထမရှိဘဲ နှစ်နှစ်အတွင်း စတုတ္ထအကြိမ်အဖြစ် တွေ့ရှိခဲ့ခြင်းဖြစ်ကာ ၂၀၁၉ ခုနှစ် ဆောင်းရာသီတွင်လည်း ထပ်မံတွေ့ရှိပါက မြန်မာနိုင်ငံ၏ ဆောင်းခိုငှက်မျိုးစိတ်သစ်အဖြစ် အတည်ပြုနိုင်တော့မည်ဖြစ်သည်။

ဒေါင်းလန်း ခြေထောက်ငှက်မျိုးစိတ် White-Headed Stilt၊ သိပ္ပံအမည်မှာ Himantopus Leucocephalus ဖြစ်သည်။ **ညီတူး**

# တရားခံပြေးတစ်ဦးအား ဖမ်းဆီးစဉ် ဓားဖြင့်တိုက်ခိုက်ခုခံသဖြင့် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရ

**ရန်ကုန် ဧပြီ ၂၅**

လှိုင်သာယာမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားသော အပြင်းအထန်နာကျင်စေမှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူ သန်းထိုက်ထွေး(ခ) နှပ်ချေးမှာ လှိုင်သာယာမြို့နယ်တွင် ရောက်ရှိနေကြောင်း သတင်းအရ လှိုင်သာယာမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက သွားရောက်ဖမ်းဆီးစဉ် ဓားကိုင်ဆောင် ရန်ပြုခုခံသဖြင့် ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ပစ်ခတ် ဖမ်းဆီးခဲ့ရကြောင်း သိရသည်။





ဖြစ်စဉ်မှာ ဧပြီ ၂၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က လှိုင်သာယာမြို့မရဲစခန်း (ပ)၁၄၆၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ အမှုဖြင့် ထွက်ပြေး တိမ်းရှောင်နေသူ သန်းထိုက်ထွေး(ခ)နှပ်ချေး (၂၃)နှစ်မှာ လှိုင်သာယာမြို့နယ်သို့ ရောက်ရှိလာပြီး အင်းစိန်မြို့နယ် ဈေးကုန်းရပ်ကွက်နေ ဒေါ် ------ ထံ ဖုန်းဖြင့် ခြိမ်းခြောက်ငွေတောင်းခံနေကြောင်း သတင်းရရှိသဖြင့် လှိုင်သာယာမြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် သက်သေရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့်အတူ သွားရောက်ဖမ်းဆီးရာ သန်းထိုက်ထွေး(ခ) နှပ်ချေးမှာ အသာတကြည် အဖမ်းမခံဘဲ ရဲတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့တို့အား အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်ဓားမြှောင်ဖြင့် တိုက်ခိုက်ခုခံခဲ့ရာ ကာကွယ်ခုခံပိုင်ခွင့်အရ ရဲတပ်ဖွဲ့ဝင်များက MA13 မောင်းပြန်သေနတ်ဖြင့် နှစ်ချက်ပစ်ခတ်ခဲ့ရာ သန်းထိုက်ထွေး(ခ)နှပ်ချေး၏ ဝမ်းဗိုက် ဝဲဘက်ဘေးမှ ဖောက်ဝင်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ သန်းထိုက်ထွေး(ခ)နှပ်ချေးမှာ အဖမ်းမခံဘဲ ဆက်လက်ထွက်ပြေးကာ အမှတ်(၅)ရပ်ကွက် မြစကြာလမ်းရှိ နေအိမ်တစ်အိမ်ပေါ်သို့ တက်ပြေးခဲ့ပြီး နေအိမ်ပေါ်ရှိ (၁၄)နှစ်အရွယ် မောင်ခိုင်ကြီးဆိုသူ လူငယ်တစ်ဦးအား လည်ပင်းကို ဓားဖြင့်ထောက်၍ ဓားစာခံပြုလုပ်ကာ ထွက်ပြေးရန် ပြုလုပ်နေစဉ် ရဲတပ်ဖွဲ့ဝင်များက သေနတ်ဖြင့် ချိန်ရွယ်၍ အဖမ်းခံရန် သတိပေး ပြောကြားခဲ့ခြင်းကြောင့် ကိုင်ဆောင်ထားသည့် ဓားအား လွှတ်ချစဉ် ဝိုင်းဝန်းဖမ်းဆီးရာ ညနေ ၅ နာရီတွင် ဖမ်းဆီးရမိခဲ့ကြောင်း၊ သန်းထိုက်ထွေး(ခ) နှပ်ချေးမှာ သေနတ်ဒဏ်ရာရရှိခဲ့သဖြင့် လှိုင်သာယာပြည်သူ့ဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပို့အပ်၍ အတွင်းလူနာအဖြစ် ကုသလျက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသူ သန်းထိုက်ထွေး (ခ) နှပ်ချေးမှာ ဧပြီ ၂၀ ရက်က လှိုင်သာယာမြို့နယ် (၅)ရပ်ကွက်နေ ဆိုက်ကားနင်းသူ ကုလား(ခ)ဝင်းမြင့်အား ပါးရိုက်သည့်ကိစ္စကို သန့်ဇင်ဆိုသူက အနိုင်မကျင့်သင့်ကြောင်း ဝင်ရောက်ဟန့်တားခဲ့သည့် ကိစ္စအပေါ် သန်းထိုက်ထွေး(ခ)နှပ်ချေးက မကျေနပ်၍ သန့်ဇင်အား အသင့်ပါလာသော စကောဘာဖြင့် ထိုးခဲ့ခြင်းကြောင့် သန့်ဇင်မှာ အင်းစိန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသခဲ့ရသဖြင့် လှိုင်သာယာမြို့မရဲစခန်းက (ပ)၁၄၆၂/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၃၂၆ ဖြင့် အမှုဖွင့်အရေးယူထားသည့် ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးတစ်ဦးဖြစ်သည့်အပြင် ၂၀၁၅ ခုနှစ်က ရာဇသတ်ကြီးပုဒ်မ ၃၈၆ အမှုဖြင့် ဖမ်းဆီးစစ်ဆေးခဲ့စဉ်က စစ်ပြေးတစ်ဦးဖြစ်ကြောင်း သိရသဖြင့် သက်ဆိုင်ရာတပ်သို့ လွှဲပြောင်းပေးအပ်ခဲ့ရာ စစ်ဘက်ဥပဒေဖြင့် ထောင်ဒဏ်တစ်နှစ်ခွဲ ကျခံဖူးသူတစ်ဦးဖြစ်ကြောင်းလည်း သိရသည်။

တရားခံပြေး သန်းထိုက်ထွေး (ခ) နှပ်ချေးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၄ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၉၇၅ စီး၊ သွင်းကုန် ၈၀၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၆ စီး၊ သွင်းကုန် ၁၆၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၇ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄ ဒသမ ၆၉၉ သန်းခန့်) စုစုပေါင်းတားဆီးမှု ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉ ဒသမ ၃၉၉ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၂၄ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် ရှောင်ကွင်းလမ်းဖြစ်သည့် သိမ်ဇရပ်လမ်းခွဲအနီး NISSAN Vanette ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ခေါက်ဆွဲ (1×30) 30 Pkgs၊ ပဲနို့(အသေး) 15 Pkgs၊ Cheers Beer (1×24) (330ml) 180 Pkgs နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃ ဒသမ ၉၇၄ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေးငွေကြေးထောက်ပံ့မှုအစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ ၂၄ နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

**၀၆၇- ၄၀၄၂၂၂၊ ၀၆၇- ၄၀၄၉၉၉**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

# အိုးရှင်းစူပါစင်တာနှင့် တိုင်းဒေသကြီးလွှတ်တော်ဝင်းအတွင်း ပေါက်ခွဲမှုဖြစ်စဉ်များမှ တရားခံနှစ်ဦးအား အလုပ်နှင့်ထောင်ဒဏ်များချမှတ်

**ရန်ကုန် မေ ၂၅**
ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက် ပြည်လမ်းနှင့်တော်ဝင်လမ်းထောင့်ရှိ အိုးရှင်းစူပါစင်တာတွင် ၂၀၁၆ ခုနှစ် ဇွန် ၁၇ ရက် ညက ဝန်ထမ်းက ရေအိမ်အတွင်း သန့်ရှင်းရေးပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့်ပတ်သက်၍ မရမ်းကုန်းမြို့မရဲစခန်း၌ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများအက်ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ပြီး အနောက်ပိုင်းခရိုင်တရားရုံး၌ စစ်ဆေးခဲ့သော ကိုရွှေ(ခ)ခင်မောင်ရွှေ(ခ)ရာကွတ် (၃၉)နှစ်အား ခရိုင်တရားသူကြီးက အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

ထို့ပြင် ဒဂုံမြို့နယ် ပြည်လမ်းအနောက်ရပ်ကွက် တိုင်းဒေသကြီးလွှတ်တော်ဝင်းအတွင်း ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၅ ရက် ညနေက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းနှင့် ပတ်သက်၍ ကိုရွှေ(ခ)ခင်မောင်ရွှေ(ခ)ရာကွတ် (၃၉)နှစ်၊ စိုးဝင်း(ခ)မိုဟာမက်အလီ (၄၀)နှစ်၊ စိုးမင်းဇော်(ခ)သားငယ်(၄၂)နှစ်၊ ရာစင်(ခ)ကျော်သူ (၃၃)နှစ်တို့အား ဒဂုံမြို့မရဲစခန်းက ပေါက်ကွဲစေတတ်သောဝတ္ထုပစ္စည်းများ အက်ဥပဒေဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ပြီး အနောက်ပိုင်းခရိုင်တရားရုံးမှ လက်ခံစစ်ဆေးခဲ့ကာ ကိုရွှေ(ခ) ခင်မောင်ရွှေ(ခ)ရာကွတ်နှင့် စိုးဝင်း(ခ)မိုဟာမက်အလီတို့နှစ်ဦးအား ပြစ်မှုထင်ရှားသဖြင့် ခရိုင်တရားသူကြီးက အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ်စီ ချမှတ်ခဲ့ကြောင်းနှင့် စိုးမင်းဇော်(ခ)သားငယ်နှင့် ရာစင်(ခ)ကျော်သူတို့အား ရာဇဝတ်ကျင့်ထုံးပုဒ်မ ၂၅၈(၁)အရ အမှုမှ အပြီးအပြတ်လွှတ်ခဲ့ကြောင်း သိရသည်။

တရားခံ ကိုရွှေ(ခ)ခင်မောင်ရွှေ(ခ)ရာကွတ်သည် မရမ်းကုန်းမြို့မရဲစခန်းနှင့် ဒဂုံမြို့မရဲစခန်းတို့တွင် ရေးဖွင့်ခဲ့သည့်အမှုများအရ စုစုပေါင်းအလုပ်နှင့်ထောင်ဒဏ်နှစ်(၂၀)ကျခံရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရွှေကျင်မြို့သို့ ယမ်းပျော့များနှင့်ကုန်ပစ္စည်းများ သယ်ဆောင်လာသောယာဉ် သိမ်းဆည်းရမိ

**ရွှေကျင် မေ ၂၅**
ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်သို့ ယမ်းပျော့များနှင့်ကုန်ပစ္စည်းများ သယ်ဆောင်လာသောယာဉ်အား မြို့နယ်တရားမဝင်ကုန်စည်စီးဆင်းမှုများ တားဆီးကာကွယ်ရေးအဖွဲ့မှ မေ ၂၂ ရက် ညပိုင်းက ညောင်ဝိုင်း၊ တရုတ္တန်းရပ်ကွက်ရှိ ဇဗ္ဗူမင်းဆီဆိုင်ရှေ့တွင် သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဦးကျော်စိုး မောင်းနှင်လာသော YGN-3C.---- NISSAN DIESEL ခရမ်းရောင် ၁၂ ဘီးယာဉ်အား သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဇဗ္ဗူမင်းဆီဆိုင်ရှေ့တွင် စစ်ဆေးရာ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။

အဆိုပါယာဉ်အား ဖွင့်ဖောက်စစ်ဆေးနိုင်ရေးအတွက် ယာဉ်ပိုင်ရှင်ဖြစ်သူ မန္တလေးမြို့နေ ဦးမိုးကျော်အား ဆက်သွယ်ခဲ့ရာတွင် ခရီးလွန်နေပြီး ရောက်ရှိလာခြင်းမရှိသဖြင့် မေ ၂၄ ရက် နံနက် ၁၀ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးဝင်းအတွင်း ခေတ္တထိန်းသိမ်းထားရှိကာ နံနက် ၁၁ နာရီတွင် ဖွင့်ဖောက်စစ်ဆေးရာ ယာဉ်ပေါ်တွင် ပီနံအိတ်အဝါရောင် (တစ်အိတ်လျှင်ယမ်းပျော့ပလတ်စတစ်အိတ်ရှစ်ထုပ်)ပလတ်စတစ်တစ်ထုပ်လျှင် အလျား ၁၀ လက်မခွဲ၊ အချင်းတစ်လက်မခန့်ရှိ ဆီစိမ်စက္ကူဖြင့် ထုပ်ထားသော ယမ်းပျော့ချောင်း ၁၅ ချောင်းပါ စုစုပေါင်းပီနံအိတ် ၈၀ (အလေးချိန်ပေါင် ၄၄၈၀ ခန့်)လည်းကောင်း၊ နန္ဒင်းတက်အိတ်ပေါင်း ၁၂၀၊ ခေါက်ဆွဲခြောက်အိတ်များပါကုန်ပစ္စည်း ခုနစ်မျိုးတို့အား ရှာဖွေတွေ့ရှိခဲ့သည်။

ပေါက်ကွဲစေတတ်သော ယမ်းပျော့အိတ်များအား နယ်မြေခံတပ်ဖွဲ့သို့ လွှဲပြောင်းအပ်နှံပြီး ခန့်မှန်းငွေကျပ်သိန်း ၇၀ ကျော်ခန့် တန်ဖိုးရှိ ကုန်ပစ္စည်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ခေတ္တထိန်းသိမ်းထားရှိပြီး ပြည်တွင်းထွက်စားသောက်ကုန်များအား ပိုင်ရှင်များသို့ ပြန်လည်ပေးအပ်ရန် စီစဉ်လျက်ရှိသည်။



အဆိုပါပေါက်ကွဲစေတတ်သော ယမ်းပျော့အိတ်များအား သယ်ဆောင်လာသော ယာဉ်မောင်း ဦးကျော်စိုးအား ရွှေကျင်မြို့မရဲစခန်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

# နမ္မတီးဘူတာနှင့် မရမ်းဘူတာကြားတွင် RBE ရထားနှင့်ဆိုင်ကယ် တိုက်မိ

**နမ္မတီး မေ ၂၅**
ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးဘူတာနှင့် မရမ်းဘူတာကြားတွင် မေ၂၅ ရက် နံနက် ၆ နာရီ ၂၅ မိနစ်က မိုးကောင်းမှထွက်ခွာလာသည့် RBE ရထားနှင့် မော်တော်ဆိုင်ကယ်တိုက်မိ၍ ဆိုင်ကယ်စီးနင်းသူ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်ခေါင်းမောင်း ဦးကျော်ဆွေဝင်း မောင်းနှင်လာသည့် အမှတ်-မိုးကောင်း(၁)အဆန် RBE ရထားသည် နမ္မတီးဘူတာနှင့် မရမ်းဘူတာကြား မီးရထားမိုင်တိုင်အမှတ်(၆၉၃/၂၄ နှင့် ၆၉၃/၁) တံတားအမှတ်(၆၇၇) ပေါ်အရောက်တွင် မိုးကောင်းမြို့နယ် လမ်းခွကျေးရွာ ထွယ်ဆန်ရပ်ကွက်နေ မရွယ်ဆန်(၃၀)နှစ် မောင်းနှင်ပြီး မောင်မျိုးဆန်အောင်(၇)နှစ် နောက်ထိုင်စီးနင်းလိုက်ပါလာသည့် ဂျာလင်းစူပါကပ်အမျိုးအစား မော်တော်ဆိုင်ကယ်နှင့် တိုက်မိ၍ မရွယ်ဆန်နှင့် မောင်မျိုးဆန်အောင်တို့ ဒဏ်ရာများ ရရှိခဲ့၍ ဆေးကုသမှုခံယူရန် နမ္မတီးတိုက်နယ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မရွယ်ဆန်အား နမ္မတီးနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# အင်းစိန် အောင်ဆန်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် မေ ၂၅**
အင်းစိန်မြို့နယ် အောင်ဆန်းရပ်ကွက် အောက်မင်္ဂလာဒုံ(၁) ပေါက်ပင်လမ်း အိမ်အမှတ်(၈၈၂)၌ မေ ၂၅ ရက် နံနက် ၈ နာရီ ၃၄ မိနစ်တွင် မီးစတင်လောင်ခဲ့ပြီး အင်းစိန်၊ ရွှေပြည်သာမှ မီးသတ်ယာဉ် ၁၀ စီးဖြင့် ငြှိမ်းသတ်ရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ပြီး ၈ နာရီ ၅၃ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အိမ်အမှတ်(၈၈၂)၌ ထမင်းပေါင်းအိုးတည်ရာမှ မီးစတင်လောင်ကျွမ်းပြီး ပျဉ်ထောင်အိမ်သုံးလုံး၊ အုတ်ညှပ်အိမ်တစ်လုံး၊ နှစ်ထပ်အိမ်တစ်လုံး မီးလောင်ပြီး အိမ်ထောင်စု ငါးစု၊ လူဦးရေ ၃၀ အိုးမဲ့အိမ်မဲ့ဖြစ်၍ ၎င်းတို့ကို အင်းစိန် အထက(၃)တွင် မီးဘေးကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**မျိုးသန့်(အင်းစိန်)**


# မိုးမောက်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၅**
မူးယစ်တပ်ဖွဲ့စု(၁) ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၄ ရက် နံနက် ၁၁ နာရီက မိုးမောက်မြို့ ဗန်းမော်-လွယ်ဂျယ်သွားကားလမ်း ကျောက်စခန်း ပူးပေါင်းစစ်ဆေးရေးစခန်း၌ လွယ်ဂျယ်မြို့မှ မိုးမောက်မြို့သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို စစ်ဆေးရာ ခရီးသည် ဆိုင်ဖုန်းထံမှ ငွေကျပ်တစ်သိန်းနှင့် လက်ကိုင်ဖုန်းတစ်လုံး၊ ယာဉ်ပေါ်ပါ ၎င်း၏မော်တော်ဆိုင်ကယ် ဒူးကာအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၇၀၀ တို့ကိုလည်းကောင်း၊ အလားတူ မေ ၂၃ ရက် ည ၁၁ နာရီကျော်က မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်(အနောက်)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုဇွန်တောင်မြို့နယ် အမှတ်(၂) ရပ်ကွက် သာယာကုန်းလမ်း အမှတ်(၇) (၄)လွှာနေ မကြည်ကြည်ဦး(ခ) မချိုသဲ၏ နှစ်ခန်းတွဲနေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ မိုင်အိုက်နိုင်(ခ)အောင်ပန်းနှင့် အောင်သူဝင်းတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄၂ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ မေ ၂၃ ရက် ညနေ ၆ နာရီခွဲက တပ်မတော်မှ နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေစဉ် မဘိမ်းမြို့နယ် ကွန်းတောကျေးရွာအပိုင် ဒေသအခေါ် နမ့်မဲကြိုးဝိုင်းတောင်ခြေတောအတွင်းမှ လူတစ်ဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်သည် မီတာ ၂၀၀ ခန့် အကွာအရောက်၌ ဆိုင်ကယ်ကိုရပ်ပြီး လျှိုအတွင်းသို့ ထွက်ပြေးသွားသဖြင့် ကျန်ရှိသည့်ဆိုင်ကယ်ပေါ်ရှိ ဘိန်းဖြူဆပ်ပြာခွက် ၁၂၅ ခွက်(အလေးချိန် ၁ ဒသမ ၂၅ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀၀၀ တို့ကို တွေ့ရှိ၍ မဘိမ်းမြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



မဘိမ်းမြို့နယ် ကွန်းတောကျေးရွာအပိုင် နမ့်မဲကြိုးဝိုင်းတောင်ခြေ၌ သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။






# ဘလွန်းဒီအောဆုကို ဆာလက်ဆွတ်ခူးနိုင်မည်လား

လီဗာပူးတိုက်စစ်မှူး မိုဟာမက်ဆာလက်ဟာ ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့(ပီအက်ဖ်အေ)က ပေးအပ်ချီးမြှင့်တဲ့ တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တနင်္ဂနွေနေ့က လက်ခံရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီဆုကို လက်ခံရယူပြီး နှစ်ရက်အကြာမှာပဲ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ရိုးမားအသင်းနဲ့ ကစားခဲ့ရတာဖြစ်ပြီး အဲဒီပွဲစဉ်မှာ သူ့ရဲ့ခြေစွမ်းပိုင်းထက်မြက်မှုကို ပြသနိုင်ခဲ့ပါတယ်။

အဲဒီလိုပြသနိုင်ခဲ့တာဟာ ပရီမီယာလိဂ်မှာ ကစားခဲ့တဲ့ ခြေစွမ်းအပြင် ဥရောပမှာလည်း အံ့အားသင့်ဖွယ်ခြေစွမ်းပိုင်ဆိုင်ခဲ့တာကို ပြသနိုင်ခဲ့ခြင်းပဲဖြစ်ပါတယ်။ အဲဒါကြောင့် လက်ရှိမှာ ဆာလက်ရဲ့ခြေစွမ်းဟာ ဥရောပမှာပင် အကောင်းဆုံးအနေအထားကို ပြသခဲ့ပြီးဖြစ်တာမို့ ကမ္ဘာမှာရောအကောင်းဆုံးကစားသမားတွေထဲက တစ်ဦးအဖြစ် ထပ်မံမြင်တွေ့ရလေမလားဆိုတာ စိတ်ဝင်စားစရာကောင်းနေခြင်းနဲ့အတူ ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘလွန်းဒီအောဆုကိုပါ ရယူဆွတ်ခူးသွားနိုင်မလားဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

ဘာကြောင့် အဲဒီလိုပြောရလဲဆိုရင် အမ်ဖီးလ်မှာ လီဗာပူးအသင်းနဲ့ ရိုးမားအသင်းတို့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်ဟာ သက်သေပြခဲ့တာဖြစ်ပြီး အီဂျစ်ကြယ်ပွင့် မိုဟာမက်ဆာလက်က သွင်းဂိုးနှစ်ဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး နှစ်ဂိုးဖန်တီးပေးနိုင်ခဲ့တာကြောင့် ဖြစ်ပါတယ်။

လီဗာပူးအသင်းနဲ့ ရိုးမားအသင်းတို့ဟာ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့ကစားခဲ့ကြတာဖြစ်ပြီး အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းက ရိုးမားအသင်းကို ငါးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ လီဗာပူးအသင်းအတွက်ဂိုးတွေကို ဆာလက်ကနှစ်ဂိုး၊ ဖာမီနိုကနှစ်ဂိုးနဲ့ မာနေးကတစ်ဂိုး သွင်းယူခဲ့ကြတာပါ။

ဆာလက်ဟာ လီဗာပူးအသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ပွဲပေါင်း ၄၇ ပွဲမှာ ၄၃ ဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းတစ်ရပ်ကိုလည်း စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီသွင်းဂိုးတွေဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတွေလို့ သတ်မှတ်ခံထားရတဲ့ လီယွန်နယ်မက်ဆီ၊ စီရိုနယ်လ်ဒိုနဲ့ နေမာတို့ကိုတောင် သာလွန်ပြီး ဂိုးသွင်းခြေစွမ်းပြနိုင်ခဲ့တာဖြစ်ပါတယ်။

မိုဟာမက်ဆာလက်ဟာ လီဗာပူးအသင်းအတွက် ဒုတိယဂိုးသွင်းယူပြီးချိန်မှာတော့ ဆာလက်ကို ဘလွန်းဒီအောဆုပင် ပေးအပ်ချီးမြှင့်သင့်တယ်လို့ ဝေးလ်ကွင်းလယ်ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ရော်ဘီဆာဗေ့က ပြောခဲ့ပါတယ်။

ဆာလက်ဟာ လီဗာပူးအသင်းအတွက် ရိုးမားနဲ့ပွဲစဉ်မှာ နှစ်ဂိုးသွင်းယူပြီးချိန်မှာ ချန်ပီယံလိဂ်စုစုပေါင်းသွင်းဂိုး ကိုးဂိုးအထိရှိလာခဲ့တာဖြစ်ပြီး ချန်ပီယံလိဂ်တစ်ရာသီအတွင်းမှာ အနည်းဆုံးကိုးဂိုးအထိသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးသော အာဖရိကကစားသမားလည်းဖြစ်လာခဲ့ပါတယ်။

ဆာလက်အနေနဲ့ ပြိုင်ပွဲအရပ်ရပ်မှာ သွင်းဂိုး ၄၃ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ဥရောပရဲ့ထိပ်တန်းအဆင့်ရှိ လိဂ်ပြိုင်ပွဲလေးခုမှာ ဘယ်ကစားသမားမှ အဲဒီလိုသွင်းဂိုး ၄၃ ဂိုးအထိ သွင်းယူထားနိုင်ခြင်းမရှိသေးတာကိုလည်း တွေ့ရမှာပါ။

ကမ္ဘာ့အကောင်းဆုံးကစားသမားသုံးဦးဆိုပြီး လူအများစုသတ်မှတ်ထားတာရှိပါတယ်။ အဲဒီကစားသမားတွေကတော့ ရီးယဲလ်မက်ဒရစ်တိုက်စစ်မှူး စီရိုနယ်လ်ဒို၊ ဘာစီလိုနာတိုက်စစ်မှူး မက်ဆီနဲ့ ပီအက်စ်ဂျီတိုက်စစ်မှူး နေမာတို့ဖြစ်ပြီး အခုချိန်မှာတော့ အဲဒီကစားသမားတွေကို ယှဉ်ပြိုင်ပြီး ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးဖို့ ဆာလက် ထပ်မံထွက်ပေါ်လာခဲ့ပြီလို့လည်း ဆိုရမှာပါ။

ဒီကစားသမားလေးဦးရဲ့ ဒီရာသီသွင်းဂိုးတွေကို ကြည့်မယ်ဆိုရင် ဆာလက်ဟာ ၄၇ ပွဲမှာ ၄၃ ဂိုး၊ စီရိုနယ်လ်ဒိုဟာ ၃၉ ပွဲမှာ ၄၂ ဂိုး၊ မက်ဆီဟာ ပွဲ ၅၀ မှာ ဂိုး ၄၀ နဲ့ နေမာဟာ ပွဲ ၃၀ မှာ ၂၈ ဂိုး အသီးသီးသွင်းယူထားကြတာဖြစ်ပြီး အဲဒီကစားသမားလေးဦးထဲမှာ မိုဟာမက်ဆာလက်က ဂိုးအများဆုံးသွင်းယူထားတာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။

ဆာလက်ဟာ ဥရောပလိဂ်ငါးလိဂ်မှာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေသလို ချန်ပီယံလိဂ်မှာလည်း ခြေစွမ်းကောင်းမွန်နေတာကြောင့် လီဗာပူးအသင်းခေါင်းဆောင်ဟောင်း စတီဗင်ဂျာရတ်က ဆာလက်ဟာ လက်ရှိအချိန်မှာ ကမ္ဘာ့အကောင်းဆုံးကစားသမားလို့ ပြောခဲ့ပါတယ်။ ဆာလက်ရဲ့ခြေစွမ်းကောင်းမွန်မှုကြောင့် ဝါရင့်ကစားသမားတချို့ကလည်း ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် မျှော်လင့်နေကြသလို ဂိုးလည်းအများဆုံးသွင်းထားတာကြောင့် အများစုမျှော်လင့်ထားကြသလို ဘလွန်းဒီအောဆုရှင်နောက်တစ်ဦးထပ်မံပေါ်ထွက်လာတော့မလားဆိုတာ စိတ်ဝင်စားဖွယ်ကောင်းနေပြီလည်းဖြစ်ပါတယ်။

# စပါးနောက်ခံလူ ဒန်နီရိုစ့်အား ခေါ်ယူရန် မန်ယူ စိတ်ဝင်စားနေ

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် စပါးအသင်းဘယ်နောက်ခံကစားသမား ဒန်နီရို့စ်အား ခေါ်ယူရန်ကာလကြာရှည်ပစ်မှတ်ထားလျက်ရှိပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန်အတွက် မန်ယူနောက်ခံလူ လုခ်ရှောနှင့် နောက်ထပ်ပေါင်သန်း ၄၀ ပေး၍ ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စပါးအသင်းနည်းပြ ပိုချက်တီနိုသည် အဆိုပါအင်္ဂလန်ဘယ်နောက်ခံကစားသမား ဒန်နီရို့စ်အား ရောင်းချရန်မရှိသော်လည်း ဒန်နီရို့စ်၏ အပြောင်းအရွှေ့တွင် မန်ယူနောက်ခံလူ လုခ်ရှောသည် အပြောင်းအရွှေ့၏တစ်စိတ်တစ်ဒေသအဖြစ်ပါဝင်မည်ဆိုပါက မန်ယူအသင်း၏ ကမ်းလှမ်းမှုကို စဉ်းစားမည်ဖြစ်ကြောင်း ပြောကြားထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဒန်နီရို့စ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာပြဿနာများကြောင့် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ရသူဖြစ်ပြီး ၎င်းနေရာတွင် နောက်ခံလူဘန်ဒေးဗီးစ်ကို နည်းပြပိုချက်တီနိုက ပွဲထွက်ကစားစေခဲ့သည်။

မန်ယူနောက်တန်းကစားသမား လုခ်ရှောသည်လည်း ပြီးခဲ့သည့်လအတွင်းက မန်ယူအသင်းက ဘရိုက်တန်အသင်းကို အနိုင်ရရှိခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်မတိုင်ခင် နည်းပြမော်ရင်ဟိုနှင့် ဆက်ဆံရေးအဆင်မပြေဖြစ်ခဲ့ခြင်းကြောင့် အသင်းပြောင်းရွှေ့ကစားရန် စီစဉ်နေသူဖြစ်သည်။

ထို့ကြောင့် နည်းပြမော်ရင်ဟိုက နောက်ခံလူလုခ်ရှောအား အသင်းမှ ထွက်ခွာခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး နောက်ခံလူလုခ်ရှောကလည်း မန်ယူအသင်းမှ ဆက်လက်ကစားခွင့်ရရှိရေးအတွက် နည်းပြမော်ရင်ဟိုနှင့် အဆင်မပြေဖြစ်ခဲ့သည့်ဆက်ဆံရေးကို ပြောင်းလဲသွားရန်မရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် နောက်တန်းကစားသမား လုခ်ရှောအနေဖြင့် အာဂျင်တီးနားနိုင်ငံသားနည်းပြ ပိုချက်တီနိုကိုင်တွယ်လျက်ရှိသည့် စပါးအသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု ထုတ်ဖော်ပြောကြားထားသည်။ လုခ်ရှောသည် ဆောက်သမ်တန်အသင်းတွင် ကစားခဲ့စဉ်က နည်းပြပိုချက်တီနိုနှင့်အတူ ၁၈ လကြာ လက်တွဲခဲ့ဖူးသူလည်းဖြစ်သည်။

မန်ယူအသင်းက ဒန်နီရို့စ်ကို ခေါ်ယူရန် ဆန္ဒရှိနေသည့်အပြင် လုခ်ရှောကလည်း စပါးအသင်းသို့ ပြောင်းရွှေ့ကစားရန်ရှိနေသည်။ ထိုသို့ မန်ယူအသင်းနှင့် စပါးအသင်းတို့ အပြောင်းအရွှေ့ကိစ္စရပ်များ သတင်းထွက်နေသော်လည်း ဒီနှစ်သင်း၏ အပြောင်းအရွှေ့သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက အဆင်မပြေမှုများသာရှိခဲ့သည်။ ပြီးခဲ့သည့်နှစ်က မန်ယူအသင်းအနေဖြင့် စပါးကစားသမား အဲရစ်ဒိုင်ယာကို ခေါ်ယူရန်ကမ်းလှမ်းခဲ့ရာတွင်လည်း စပါးအသင်းကမူ အဲရစ်ဒိုင်ယာကို မည်သည့်ဈေးနှုန်းနှင့်မျှ ရောင်းချလိမ့်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။






# မာရှယ်ကိုခေါ်ယူရန် ဘာစီ၊ ဘိုင်ယန်တို့နှင့်အပြိုင် ဂျူဗင်ကြိုးပမ်းနေ

မန်ယူအသင်းနည်းပြမော်ရင်ဟိုသည် တိုက်စစ်မှူးမာရှယ်အား ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းချရန်စီစဉ်လျက်ရှိကြောင်းသိရသည်။

ထို့ကြောင့် အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းက တိုက်စစ်မှူးမာရှယ်ကို ခေါ်ယူရန်ပြင်ဆင်လျက်ရှိပြီး စပိန်လာလီဂါကလပ်ဘာစီလိုနာအသင်း၊ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့နှင့် အပြိုင်ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

တိုက်စစ်မှူးမာရှယ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ယူအသင်းနှင့်အတူ ပရီမီယာလိဂ် ၂၈ ပွဲ၊ ချန်ပီယံလိဂ်ရှစ်ပွဲ၊ အက်ဖ်အေဖလားသုံးပွဲ၊ အီးအက်ဖ်အယ်လ်ဖလားသုံးပွဲ စုစုပေါင်း ၄၂ ပွဲပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ယင်းပြိုင်ပွဲအားလုံးတွင် သွင်းဂိုး ၁၁ ဂိုး၊ ဂိုးဖန်တီးနိုင်မှု ၁၀ ကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းသည် နွေရာသီအပြောင်းအရွှေ့ကာလတွင် ရောင်းထုတ်မည့်ကစားသမားအများအပြားရှိနေပြီး အဆိုပါကစားသမားများထဲတွင် တိုက်စစ်မှူးမာရှယ်လည်း အပါအဝင်ဖြစ်ပြီး ကွင်းလယ်ကစားသမား ပေါ့ဘာ၊ မာတာ၊ လုခ်ရှော စသည့်ကစားသမားများကိုလည်း ရောင်းထုတ်သွားရန်ရှိနေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။

ငွေကြယ် - ရေးသားသည်

# မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ခုနှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) ဝန်ကြီးဌာနဆိုသည်မှာ ပြည်ထောင်စုအစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်၊
(ခ) ဗဟိုကောင်စီဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုကောင်စီကိုဆိုသည်၊
(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်၊
(ဃ) မြို့နယ်အသင်း အလုပ်အမှုဆောင်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီဆိုသည်မှာ ပုဒ်မ ၁၄ ပုဒ်မခွဲ (က)အရ ဖွဲ့စည်းထားသည့် အဖွဲ့ကိုဆိုသည်၊
(င) မြို့နယ်အသင်းဆိုသည်မှာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုဆိုသည်၊
(စ) အသင်းခွဲဆိုသည်မှာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲကိုဆိုသည်၊
(ဆ) ဂုဏ်ထူးဆောင်အသင်းသားဆိုသည်မှာ ပုဒ်မ ၁၀ အရ ဂုဏ်ထူးဆောင်နာယကအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသူကိုဆိုသည်၊
(ဇ) အသင်းသားဆိုသည်မှာ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းနှင့် အသင်းခွဲများ၏ အသင်းသားများကိုဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မိခင်နှင့်ကလေးများ၊ မိသားစုများ၏ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုအဖြစ်ဖွဲ့စည်းရန်၊
(ခ) တစ်နိုင်ငံလုံးတွင်ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့် အသင်းခွဲများအား မိခင်နှင့် ကလေးကျန်းမာရေးစောင့်ရှောက်ရေးအခြေခံပညာရပ်များကို စည်းရုံးဖြန့်ဖြူးပေးရန်၊
(ဂ) တစ်နိုင်ငံလုံးတွင်ဖွဲ့စည်းထားရှိသော မြို့နယ်အသင်းများနှင့် အသင်းခွဲများအား ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊
(ဃ) မိသားစုများအား လိုအပ်သည့်အခါ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ အထောက်အပံ့များ၊ အကူအညီများပေးရန်၊
(င) မြို့နယ်အသင်းများနှင့် အသင်းခွဲများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများ ချောမောအဆင်ပြေစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊
(စ) မိခင်၊ ကလေးစောင့်ရှောက်ရေးလုပ်ငန်းများနှင့် မိသားစုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အစိုးရ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်ရန်။

**အခန်း(၃)**
**ဖွဲ့စည်းခြင်း**

၄။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-
(က) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊
(ခ) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊
(ဂ) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ။

၅။ အသင်းခွဲကိုဖွဲ့စည်းရာတွင်သက်ဆိုင်ရာမြို့နယ်အသင်း၏ သဘောတူညီချက်ဖြင့်သာ ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းသည် ဗဟိုကောင်စီလည်းဖြစ်သည်။

၇။ ဝန်ကြီးဌာနသည် ဗဟိုကောင်စီကို အောက်ပါပုဂ္ဂိုလ်များပါဝင်စေလျက် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်ဖွဲ့စည်းရမည်-

| | | | |
|---|---|---|---|
| (က) | ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသောပုဂ္ဂိုလ် | ၁ဦး | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုအစိုးရအဖွဲ့က ခန့်ထားသောပုဂ္ဂိုလ် | ၁၄ဦး | အဖွဲ့ဝင် |
| (ဂ) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များမှ ဥက္ကဋ္ဌ | ၁၄ ဦး | အဖွဲ့ဝင် |
| (ဃ) | နေပြည်တော်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ | ၁ ဦး | အဖွဲ့ဝင် |
| (င) | စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ | ၅ ဦး | အဖွဲ့ဝင် |

၈။ ဗဟိုကောင်စီတွင်ဥက္ကဋ္ဌမှအပ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦးနှင့် စာရင်းစစ် တစ်ဦးတို့ကို ဗဟိုကောင်စီဝင်များကမိမိတို့ထဲမှ ရွေးချယ်တင်မြှောက်ရမည်။

၉။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ဗဟိုကောင်စီဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ပုဒ်မ ၈ အရ ရွေးချယ်တင်မြှောက်ခြင်းခံရသော ပုဂ္ဂိုလ်များသည် ယင်းတို့၏ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် ရာထူးအတိုင်း လည်းကောင်း၊ ဗဟိုကောင်စီဝင်များက ရွေးချယ်တင်မြှောက်သော အခြား ဗဟိုကောင်စီဝင် ခုနစ်ဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်စေလျက် စုစုပေါင်း ၁၅ ဦးဖြင့် ဖွဲ့စည်းရမည်။

၁၀။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဂုဏ်ထူးဆောင်နာယကများကို သတ်မှတ်ခြင်းနှင့် ရွေးချယ်တင်မြှောက်ခြင်းပြုလုပ်နိုင်သည်။

၁၁။ ဗဟိုကောင်စီ၏ နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးများ ခေါ်ယူကျင်းပနိုင်သည်။

၁၂။ ဝန်ကြီးဌာနသည် ပထမအကြိမ် ဗဟိုကောင်စီအစည်းအဝေးကို ခေါ်ယူကျင်းပပေးရမည်။

၁၃။ (က) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို အောက်ပါအတိုင်းရွေးချယ်ရမည်-
(၁) နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်းအဖြစ် မြို့နယ်အသင်း အလုပ်အမှုဆောင် ကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း၏ အသင်းသားများမှ မဲစနစ်ဖြင့် ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦး၊
(၂) ပုဒ်မခွဲငယ် (၁) အရ မြို့နယ်အလိုက် ရွေးချယ်သည့် ကိုယ်စားလှယ်လောင်းများကို နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်းပေးသော ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ် တစ်ဦးနှင့် အဖွဲ့ဝင် တစ်ဦး စုစုပေါင်း ငါးဦးပါဝင်သော နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ဥက္ကဋ္ဌသည် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ဗဟိုကောင်စီဝင်ဖြစ်သည်။

(ခ) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို အောက်ပါအတိုင်း ရွေးချယ်ရမည် -
(၁) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အလုပ်အမှုဆောင် ကိုယ်စားလှယ်လောင်းအဖြစ် မြို့နယ်အသင်းအလုပ် အမှုဆောင်ကြီးကြပ်မှုကော်မတီက ကြီးကြပ်၍ သက်ဆိုင်ရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အသင်းသားများမှ မဲစနစ်ဖြင့် ရွေးချယ်သည့် ကိုယ်စားလှယ်တစ်ဦး သို့မဟုတ် ခရိုင်ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက်မပိုသော ကိုယ်စားလှယ်များ၊
(၂) နေပြည်တော်ကောင်စီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက ဖွဲ့စည်းပေးသော ကြီးကြပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင်တစ်ဦး စုစုပေါင်း ငါးဦး ပါဝင်သော ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ် ရေးအဖွဲ့ကို မဲစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

၁၄။ (က) အသင်းသားများထဲမှ နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်းအလုပ်အမှုဆောင် ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီကို သက်ဆိုင်ရာ မြို့နယ်အတွင်း ရှိ အများပြည်သူ ကြည်ညိုလေးစားခြင်းခံရသည့် အောက်ပါ ပုဂ္ဂိုလ် (၅)ဦး ပါဝင်သောအဖွဲ့ဖြင့် ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | အငြိမ်းစားကျန်းမာရေးဝန်ထမ်း | (၁) ဦး |
| (၂) | အငြိမ်းစားပညာရေးဝန်ထမ်း | (၁) ဦး |
| (၃) | စီးပွားရေးလုပ်ငန်းရှင် | (၁) ဦး |
| (၄) | ပရဟိတလုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်နေသူ | (၁) ဦး |
| (၅) | မိခင်နှင့်ကလေးဖွံ့ဖြိုးရေးလုပ်ငန်းများကို စိတ်ဝင်စားသူ | (၁) ဦး |

(ခ) မြို့နယ်အလုပ်အမှုဆောင်ဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီသည် မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသားများထဲမှ -
(၁) နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်းတစ်ဦး၏ အမည်စာရင်းကိုလည်းကောင်း၊
(၂) ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့အတွက် ကိုယ်စားလှယ်လောင်း တစ်ဦး သို့မဟုတ် ခရိုင်ဖွဲ့စည်းပုံအရ လိုအပ်ပါက ငါးဦးထက်မပိုသော ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကိုလည်းကောင်း၊
(၃) မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင်အဖွဲ့အတွက် အဖွဲ့ဝင် ၇ ဦးကိုလည်းကောင်း မဲစနစ်ဖြင့် ရွေးချယ်ရမည်။
(ဂ) မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်များသည် မိမိတို့အနက်မှ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့် စာရင်းစစ်တို့ကို ရွေးချယ်တင်မြှောက်ရမည်။
(ဃ) မြို့နယ်အသင်း၏ အသင်းသားများသည် မြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မြို့နယ်အသင်းအမှုဆောင်အဖွဲ့ဝင်များ လစ်လပ်ပါက မိမိတို့အနက်မှ ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးနိုင်ရန် ရွေးချယ်တင်မြှောက်ရမည်။

၁၅။ (က) မြို့နယ်အသင်း၏ သက်ဆိုင်ရာအသင်းခွဲတွင် ပါဝင်သောအသင်းသားများသည် အသင်းခွဲနှစ်ပတ်လည်အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် မိမိတို့အနက်မှ အသင်းခွဲ အမှုဆောင်အဖြစ် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီး ကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်(၇)ဦးကို မြို့နယ်အလုပ်အမှုဆောင်/ မြို့နယ်အသင်းဖွဲ့စည်းရေး ကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရွေးချယ်တင်မြှောက်ရမည်။
(ခ) အသင်းခွဲ အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ တစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ စာရင်းစစ်တစ်ဦးနှင့် အဖွဲ့ဝင် သုံးဦး စုစုပေါင်းခုနစ်ဦး ပါဝင်စေရမည်။
(ဂ) အသင်းခွဲ၏ အသင်းသားများသည် အသင်းခွဲနှစ်ပတ်လည် အစည်းအဝေး သို့မဟုတ် အထူးအစည်းအဝေးတွင် အသင်းခွဲ အမှုဆောင်အဖွဲ့ဝင်များ လစ်လပ်ပါက မိမိတို့အနက်မှ ကျန်းမာရေး၊ လူမှုရေးနှင့်ပညာရေးလုပ်ငန်းများတွင် စိတ်ဝင်စားပြီးကူညီပံ့ပိုးနိုင်မည့် ပုဂ္ဂိုလ်များဖြင့် အစားထိုးနိုင်ရန် ရွေးချယ်တင်မြှောက်ရမည်။

၁၆။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲအသီးသီး၏ အမှုဆောင်အဖွဲ့ သက်တမ်းသည် ဗဟိုကောင်စီ စတင်ဖွဲ့စည်းသည့် နေ့ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၁၇။ မြို့နယ်အသင်းနှင့်အသင်းခွဲတို့သည် နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ် ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးများခေါ်ယူကျင်းပနိုင်သည်။ ယင်းအစည်းအဝေးတွင် လစ်လပ်လျက်ရှိသော အလုပ်အမှုဆောင်အဖွဲ့ဝင်နေရာများကို အစားထိုးရွေးချယ်ခန့်ထားနိုင်သည်။

၁၈။ ဗဟိုကောင်စီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ မြို့နယ်အသင်းနှင့် အသင်းခွဲတို့၏ အမှုဆောင်အဖွဲ့များသည် သတ်မှတ်ထားသည့် အစည်းအဝေးကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရမည်။

**အခန်း(၄)**
**အသင်းသားဖြစ်ခြင်း၊ အသင်းသားအဖြစ်မှရပ်စဲခြင်း**

၁၉။ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းတွင် အောက်ပါအတိုင်း အသင်းသားအမျိုးအစားများ ခွဲခြားသတ်မှတ်ထားရှိသည်-
(က) ဂုဏ်ထူးဆောင်အသင်းသား၊
(ခ) အသင်းသား။

၂၀။ လူမျိုး၊ ကိုးကွယ်သည့်ဘာသာ၊ အဆင့်အတန်း၊ အမျိုးသား၊ အမျိုးသမီး ခွဲခြားမှုမရှိစေဘဲ အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီပါက မြို့နယ်အသင်း သို့မဟုတ် အသင်းခွဲတွင် အသင်းသားအဖြစ်ပါဝင်ရန် လျှောက်ထားနိုင်သည် -
(က) အသက် (၁၈)နှစ်ပြည့်ပြီးသူဖြစ်ခြင်း၊
(ခ) ရူးသွပ်သူမဟုတ်ခြင်း၊
(ဂ) သာသနာ့ဝန်ထမ်းမဟုတ်ခြင်း၊
(ဃ) ဝင်ကြေး၊ နှစ်စဉ်ကြေးပေးဆောင်နိုင်သူဖြစ်ခြင်း။

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်သူ့အားဖြင့် စုပေါင်းကာကွယ်ရမည့် မီးဘေးအန္တရာယ်

## သန်းဖြိုးနိုင်(ကညင်ကျိုး)

ယခုရက်ပိုင်းတွင် မီးလောင်သည့် သတင်းများကို အတော်များများ ကြားပြီး ကြပြီးထင်ပါသည်။ ယခုအချိန်အခါသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီဖြစ်သည့်အလျောက် အပူရှိန်မှာ မြင့်တက်လျက်ရှိနေသည်။ မြင့်တက်လာသည့် အပူရှိန်နှင့်အတူ ဒွန်တွဲပါလာတတ်သည်မှာလည်း မီးဘေးအန္တရာယ်ပင်ဖြစ်သည်။ ထိုအပူကြောင့်ပင်လျှင် အချို့သော လျှပ်စစ်ဝါယာကြိုးအဟောင်းများမှာ ကြာမြင့်ပြီဖြစ်သည့်အတွက် ပေါက်ပြဲကာ ထိုနေရာမှ လျှပ်စစ်ကူးကာ ရှော့ဖြစ်ပြီး မီးလောင်တတ်သည်။ ၎င်းအပြင် အိမ်များအတွင်း ချက်ပြုတ်စားသောက်ကြရသည့် လျှပ်စစ်မီးဖိုများ၊ ထင်းမီးဖို၊ မီးသွေးမီးဖိုများမှတစ်ဆင့် အပူလွန်ကူးစက်ပြီးလည်း လောင်တတ်ပြန်သည်။ ထို့အပြင် လူ့အသုံးအဆောင် လျှပ်စစ်ပစ္စည်းများဖြစ်သည့် မီးပူများ၊ ပန်ကာများ၊ တီဗွီများမှလည်း အချိန်ကြာမြင့်၍သော်လည်းကောင်း၊ မီးအားများ၍သော်လည်းကောင်း အပူလွန်ကာရှော့ဖြစ်ပြီးလည်း လောင်တတ်ကြသည်။ တစ်ပါးသူက မနာလို မရှုဆိတ်မှုကြောင့် ရှို့သည့်မီးကြောင့်လည်း လောင်တတ်သည်။

**ယခုရက်အတွင်း မီးလောင်မှုသတင်းများ**

ယခုသီတင်းပတ်အတွင်း မီးလောင်မှုသတင်းများနှင့်စပ်လျဉ်းပြီး လေ့လာကြည့်လျှင် ပြီးခဲ့သည့် မေ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်အနီးရှိ ဧက၃၀၀ ခန့်ရှိသော အမှိုက်ပုံသည် မီးလောင်မှုဖြစ်ပွားလျက်ရှိရာ လက်ရှိအချိန်အထိ အမှိုက်ပုံထားသည့် ဧက ၁၀၀ ခန့် မီးလောင်နေခြင်းကြောင့် မီးခိုးများ အဆမတန်ထွက်ရှိနေပြီး အဆိုပါမီးခိုးများသည် လေလမ်းကြောင်းအတိုင်း လိုက်ပါစီးမျောကာ မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နှင့် အခြားလေလမ်းကြောင်းသင့်ရာ မြို့နယ်များတွင် မီးခိုးညှော်နံ့များ ဖြစ်ပေါ်နေကြောင်းလည်း သတင်းများတွင် ဖတ်ရသည်။ ထိုမီးလောင်ရာသို့ မီးငြိမ်းသတ်ယာဉ် ၁၆ စီး၊ မီးသတ်ရေသယ်ယာဉ် ၁၄ စီး၊ မီးသတ်အထောက်အကူပြုယာဉ် ခြောက်စီး၊ အုပ်ချုပ်မှုယာဉ် ခြောက်စီး၊ မီးသတ်စက်ယာဉ် တစ်စီး၊ မိတ်ဖက်ယာဉ် လေးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၁၃ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၁၁ ဦးတို့ဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိနေကြောင်းလည်း အားလုံးသိကြပြီးဖြစ်မည်ထင်သည်။

ထို့အပြင် ယခုရက်ပိုင်း မေ ၂၃ ရက်နေ့နှင့် ၂၄ ရက်နေ့ နှစ်ရက်တည်းတွင်ပင် မီးလောင်ကျွမ်းမှုဖြစ်စဉ် ငါးကြိမ်ဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ထိုဖြစ်စဉ်များမှာ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ဆိက္ခဝကျေးရွာအုပ်စု အုတ်ချောင်းကျေးရွာတွင် နေအိမ်အား မီးရှို့မှုဖြစ်စဉ်တစ်ခု၊စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရေသောက်ကျေးရွာတွင် နေအိမ်မီးလောင်မှုဖြစ်စဉ်တစ်ခု၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် မောက်တင်ကျေးရွာအုပ်စု ပုဏ္ဏားကျေးရွာတွင် မီးဖိုတဲမီးလောင်မှုဖြစ်စဉ်၊ ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့မရပ်ကွက် နယ်မြေ(၄) ဓမ္မဝါဒီလမ်းတွင် နေအိမ်မီးလောင်မှုဖြစ်စဉ်နှင့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အလယ်ကျေးရွာ အနော်ရထာလမ်းမကြီး ငွေပင်လယ်စက်မှုဇုန်တွင် မော်တော်ယာဉ်မီးလောင်မှုဖြစ်စဉ်တို့ ဖြစ်ကြသည်။ ထိုသို့ မီးလောင်မှုကြောင့် နေအိမ်နှင့် အခြားပစ္စည်းများ ဆုံးရှုံးရသည့် သတင်းကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

**ရှောင်ရန်၊ ဆောင်ရန်အချက်များ သတိပေးနှိုးဆော်ထား**

ထို့ကြောင့်ပင် ယခုလိုအချိန်ရောက်တိုင်း ရပ်ရွာ၊ မြို့များအတွင်း တာဝန်ရှိ မီးသတ်တပ်ဖွဲ့နှင့် အုပ်ချုပ်ရေးမှူးများက မီးသတိပြုကြရန် ရှောင်ရန်၊ ဆောင်ရန် အချက်များကို အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာကြသည်။ မီးဘေးအသိကိုယ်စီရှိရန် သတိပေးဆော်သြကြသည်။ မဆော်သြ၍လည်း မဖြစ်ပေ။ သို့မဟုတ်ပါကဆိုရိုးစကားပုံတစ်ခုရှိခဲ့ဖူးသည့် အတိုင်းပင်၊ လူခိုးလျှင် ကျန်ဦးမည်၊ မီးခိုးလျှင် အကုန်ပြောင်ရသည့် သဘောရှိပြီး မြို့၊ ရွာ၊ ရပ်ကွက်အတွင်း တစ်အိမ်အိမ်မီးလောင်လျှင် ကျန်သည့် တစ်ရပ်ကွက်လုံး၊ တစ်ရွာလုံး၊ တစ်မြို့လုံးက သူတို့အိမ်များပါ ကူးစက်လောင်ကျွမ်းမှာ အထူးစိုးရိမ်ကြသည်။ ပူပန်သောက ပွားကြရသည်။ အချို့ဆို လျှင် ငိုယိုကြသည်။ လူငယ်လူရွယ်များမှာ အကြောင်းမဟုတ်၊ သက်ကြီးရွယ်အို ဘိုးဘွားများအတွက်မူ အတော်စိတ်ပူရသည်။ စိုးရိမ်သောက ပွားကြရသည်။ ယခင်နှစ်ပိုင်းကဆိုလျှင်လည်း ရန်ကုန်မြို့တော်ကြီးအတွင်း မြန်မာနိုင်ငံ၏ ရှေးလက်ရာဖြစ်သည့် ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်သည် မီးလောင်မှုကြောင့် ဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ် ဖြစ်ခဲ့ဖူးသည်။

ထို့ပြင် ယခုနောက်ပိုင်း ကြားသိမြင်တွေ့နေရသည့် ထူးခြားဖြစ်စဉ်များတွင် လူစီးမော်တော်ယာဉ် အကြီး၊အသေးများ မီးလောင်ကြသည့် ဖြစ်စဉ်များလည်း အတော်များလာခဲ့သည်။ ပေါက်ကွဲအားပြင်းထန်သည့် လောင်စာဆီသုံးစွဲမှုများကြောင့် သာမန်အပူချိန်ထက်ပိုလျှင် မီးလောင်သည့် အဆင့်အထိ ဖြစ်နေလေသည်။ မော်တော်ကားမီးလောင်သည့် သတင်းများမှာ ယခင်ကဆိုလျှင် မကြားဖူးခဲ့၊ ယနေ့ခေတ်တွင်မူ အသစ်အဆန်းဟုပင် မမြင်ကြတော့ချေ။ ထို့ကြောင့်ပင် ခရီးဝေးမောင်းနှင်သည့် ယာဉ်များတွင် မီးသတ်ဆေးဘူးများနှင့် အခြားမီးငြိမ်းသတ်နိုင်သည့် ပစ္စည်းများ အရန်သင့်ဆောင်ယူသွားကြရတော့သည့် ကာလဖြစ်လာသည်။

**မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်**

၎င်းအပြင် မြို့၊ရွာ၊ ရပ်ကွက်များအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးဖိုအသုံးပြုလျှင် လူစောင့်ထားပါ။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။ မီးဖိုနှင့် အမိုးအကြား အပူခံကိရိယာ၊ အကာအရံများထားပါ။ ဆီအိုးတည်ပြီး မမေ့ပါနှင့် စသည်ဖြင့် မီးသတိပေးထုတ်ပြန်ချက်ကို မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားသည်။ ထိုသို့ မီးလောင်မှုဖြစ်ပွားကြရသည့် အကြောင်းရင်းများကို လေ့လာကြည့်ရာ ပေါ့ဆမီး၊ ဝါယာရှော့ဖြစ်၍ လောင်ကျွမ်းသော မီး၊ မီးကြွင်းမီးကျန်မှ လောင်ကျွမ်းသော မီး၊ ရှို့မီးတို့ပါဝင်ကြောင်း တွေ့ရသည်ဟု ဆိုထားသည်။

**သင့်လေးသင့်နှင့် အသင့်စောင့်ဆိုင်းနေကြရ**

မီးသတ်တပ်ဖွဲ့အနေဖြင့် မီးလောင်မှုဖြစ်ပွားလာပါကလည်း အချိန်နှင့်အညီ သွားရောက်ငြိမ်းသတ်နိုင်ရေးအတွက် သင့်လေးသင့်ဟူသည့် ဆောင်ပုဒ်အတိုင်း ရေအသင့်၊ ကားအသင့်၊ ဆီအသင့်၊ လူအသင့်ဖြင့် အရန်သင့်စောင့်ဆိုင်းနေကြရသည်။ မီးဘေးနှင့်ပတ်သက်လာလျှင် ကျွန်ုပ်တို့ ပြည်သူများထဲတွင် အချို့က တွေ့ကြုံဖူးခံစားဖူးကြပြီးသား ဖြစ်မည်ထင်သည်။ ထို့အတွက် မီးဘေးနှင့်ပတ်သက်၍ အတွေ့အကြုံအရ ပြောရမည်ဆိုလျှင် မီးသတ်ကားများ မရောက်လာမီ ရှေးဦးငြိမ်းသတ်ကြရေးသည် အထူးအရေးကြီးသည်။ ဖြစ်လေ့ဖြစ်ထရှိသည့် သဘောတရားအရဆိုလျှင် စတင်လောင်ကျွမ်းသည့် အိမ်ရှင်များအနေဖြင့်လည်း အမှုရင်ဆိုင်ကြရမည်ကို ကြောက်လန့်၍လည်းကောင်း၊ ကြောက်ကြောက်လန့်လန့်ဖြစ်ကာ စိုးရိမ်လွန်နေကြသဖြင့်လည်းကောင်း မိမိတို့ကိုယ်တိုင်ပင် ကျိတ်ပြီးငြိမ်းသတ်နေကြလေ့ရှိသည်။ ထိုအခါ မနိုင်မနင်းဖြစ်လာပြီး လောင်ကျွမ်းအားကောင်းကာ မီးတောက်ကြီးဖြစ်လျက် မီးညွန့်တက်သည့်အခါတွင်မှသာ ဘေးပတ်ဝန်းကျင် အိမ်များမှ သိကြရသည်။ ထိုအချိန်မှပင် မီးသတ်ဌာနသို့ ဖုန်းဆက်သူက ဆက်ကြရသည်။ များသောအားဖြင့် ကြုံတွေ့ရလေ့ရှိတတ်သည်မှာ သူများအိမ်လောင်ကျွမ်းနေသည့် မီးကို ဝိုင်းဝန်းငြိမ်းသတ်ပြီး ကူညီကြရမည့် အရေးထက် ရပ်ကွက်အတွင်း နေသူများမှာ အများအားဖြင့် မိမိတို့အိမ်အတွင်းရှိ ပစ္စည်းများ မီးထဲမပါရေး၊ မိမိတို့အိမ်မလောင်ကျွမ်းရေးတို့ကိုသာ အာရုံထားတတ်ကြသည်။ ၎င်းအပြင် နီးကပ်နေလျက်ရှိသည့် အိမ်များအတွက်မူ ပို၍စိတ်ပူပန်မှုဖြစ်ကြရပြီး ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ကြရသည်။ ကလေးငယ်များဆိုလျှင် ငိုယိုအော်ဟစ်လျက် ထိုခဏသည် ကမ္ဘာပျက်သည့်အလား ထင်ရလေသည်။

**မြန်မာပြည်အနှံ့အပြားတွင် မကြာခဏဆိုသလို ဖြစ်ပွားနေသည့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန် မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ မရောက်လာမီအချိန်နှင့် မီးသတ်ကားမဝင်ရောက်နိုင်သည့် နေရာများအတွက် မိမိတို့ကိုယ်စီ အသိဖြင့်သာ ဝိုင်းဝန်းကြိုတင် ငြိမ်းသတ်ကြရေးဟူသည့် အသိကိုယ်စီရှိကာ မိမိတို့တစ်အိမ်ချင်းအတွက်သော်လည်းကောင်း၊ ဘေးပတ်ဝန်းကျင်ရှိ မိမိတို့ မြို့ရွာရပ်ကွက်များအတွက်သော်လည်းကောင်း အရန်သင့်ပြင်ဆင်လျက် မီးလောင်မှုဘေးကို ကြိုတင်မျှော်တွေးထားကာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြစေလိုပါကြောင်း။**

**စိုးရိမ်သောက ပွားကြရ**

မီးလောင်သည့်အခါ အိမ်ခြေနီးစပ်ပြီး ခပ်စိပ်စိပ်ကပ်လျက်ရှိသည့် ရပ်ကွက်များဆိုလျှင် လေငြိမ်သည့်အချိန်နှင့် တိုက်ဆိုင်လျှင် ဆိုးဆိုးရွားရွား ဘေးသို့ ကူးစက်သွားခြင်းမျိုးမရှိသော်လည်း လေတိုက်နေသည့်အခါတွင်မူ ဘေးအိမ်များသို့ ကူးစက်နှုန်းမြန်သည်။ ထိုအချိန်တွင် ရောက်ရှိလာသည့် မီးသတ်ကားများအနေဖြင့်လည်း အိမ်ရှေ့မျက်နှာစာဘက်မှသာ ရေဖြင့် ဖျန်းပက်ရသည့်အတွက် အတွင်းမှ လောင်ကျွမ်းနေသည့် မီးကိုအလွယ်တကူ မငြိမ်းသတ်နိုင်ဖြစ်ရသည်။ တစ်ခါတစ်ရံ မီးသတ်ကားမှ ဖျန်းနေသည့် ရေများသည် မီးလောင်နေသည့် အိမ်မှရှေ့ဘက်နံရံတွင်သာ ကုန်သွားရခြင်းမျိုးလည်း တွေ့ရသည်။ မီးသတ်ကားဝင်ရောက်ရန် ခက်ခဲသည့် ဘေးနောက်ဝဲ၊ယာများအတွက်မူ ထိရောက်သည့် ငြိမ်းသတ်မှုမျိုးကို အချိန်တိုအတွင်း လုပ်ဆောင်နိုင်ကြမည်မဟုတ်ပေ။

**မီးဘေးကိုရှောင်နိုင်ဖို့ မလောင်ခင်က တားကြစို့**

နိဂုံးချုပ်အားဖြင့်ဆိုရလျှင် မီးဘေးရှောင်နိုင်ရေးအတွက်ဆိုလျှင် မလောင်ခင်တားကြမှသာလျှင် ကာကွယ်နိုင်ပြီး ဆုံးရှုံးနစ်နာကြမည့် အရေး၊ ပူပန်သောက ပွားကြရမည့်အရေးမှ လွတ်မြောက်နိုင်မည်လည်း ဖြစ်သည်။ ထို့အတွက် မလောင်ခင်က ကြိုတင်ကာကွယ်ကြရဖို့ဆိုလျှင် မိမိတို့ကိုယ်စီ မိမိတို့အိမ်တိုင်းတွင် ကနဦးကြိုတင်ကာ နှစ်ကာလကြာရှည်နေပြီး ဆွေးမြည့်နေသည့် လျှပ်စစ်ဝါယာကြိုးများကို လဲလှယ်ထားခြင်း၊ လျှပ်စစ်မီးကိုဝန်နှင့်အား မျှအောင်သုံးစွဲခြင်း၊ ချက်ပြုတ်သည့်နေရာနှင့် မီးစွဲလောင်နိုင်သည့်နေရာကို ခွာလျက် ကြားတွင် အပူခံကိရိယာများထားရှိခြင်း၊ မီးငြိမ်းသတ်ရေးအတွက် အလွယ်တကူငြိမ်းသတ်၍ရနိုင်သည့် မီးသတ်ဆေးဘူးငယ်များ ဆောင်ထားခြင်း၊ ပက်ဖျန်းပုံနည်းစနစ်များကို သင်ယူလေ့ကျင့်ထားခြင်း၊ မီးလောင်နိုင်သည့် လောင်စာများကို ရှင်းလင်းထားခြင်း၊ ရေနှင့် သဲများအသင့်ထားရှိခြင်း၊ မီးသတ်ဦးစီးဌာနမှ ထုတ်ပြန်ထားသည့်အပေါ်မှ အချက်များအပေါ် လိုက်နာကြခြင်းများကို မီးဘေးကာကွယ်ရေး အသိမွေးလျက်ကြိုတင်ဆောင်ရွက်စီမံထားရှိကြရမည်ဖြစ်သည်။ ၎င်းအပြင် ဘေးအိမ်များမှ လောင်ကျွမ်းလာသည့် မီးအပေါ် မိမိအိမ်သို့ မကူးစက်နိုင်ရေးအတွက်ဆိုလျှင် မိမိအိမ်ခေါင်မိုးများအပေါ်တွင် ရေဖျန်းနိုင်သည့် ရေပိုက်ခေါင်းငယ်များ တပ်ဆင်ထားခြင်း၊ မီးပျက်နေစဉ် မောင်းနှင်ကာ ရေပက်ဖျန်း၍ ရနိုင်သည့် မီးစက်ငယ်များဆောင်ထားခြင်း၊ ရေကန်များကို အမြဲပြည့်အောင် ရေဖြည့်ထားခြင်း၊ မိမိတို့နေအိမ်တွင် အရေးကြီးသည့် ပစ္စည်း၊ သာမန်ပစ္စည်းများ ခွဲခြားထားပြီး အလွယ်တကူ ရွှေ့ပြောင်းသယ်ယူရန် ပြင်ဆင်ထားခြင်း၊ မီးဘေးအတွက် သတိဝီရိယကြီးစွာထားလျက် အိပ်စက်နေထိုင် သွားလာစားသောက် ချက်ပြုတ်ကြော်လှော်ခြင်းများကို အထူးအလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့မှသာ ယနေ့အချိန်အခါတွင် မြန်မာပြည်အနှံ့အပြားတွင် မကြာခဏဆိုသလို ဖြစ်ပွားနေသည့် မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပြီး မီးသတ်ဦးစီးဌာနမှ မီးသတ်ကားများ မရောက်လာမီ အချိန်နှင့် မီးသတ်ကားမဝင်ရောက်နိုင်သည့် နေရာများအတွက် မိမိတို့ကိုယ်စီ အသိဖြင့်သာ ဝိုင်းဝန်းကြိုတင် ငြိမ်းသတ်ကြရေးဟူသည့် အသိကိုယ်စီရှိကာ မိမိတို့တစ်အိမ်ချင်းအတွက် သော်လည်းကောင်း၊ ဘေးပတ်ဝန်းကျင်ရှိ မိမိတို့မြို့၊ရွာ၊ ရပ်ကွက်များအတွက် သော်လည်းကောင်း အရန်သင့်ပြင်ဆင်လျက် မီးလောင်မှုဘေးကို ကြိုတင်မျှော်တွေးကာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။ ။

---

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် သတိပေးနှိုးဆော်ချက်

ခရမ်းလွန်ရောင်ခြည် လတ်တလောထိတွေ့မှုကြောင့် နေလောင်ခြင်း၊ အသားအရောင်ညိုမည်းလာခြင်းတို့ ဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာသောအခါ မျက်စိတိမ်စွဲ ခြင်း၊ အရေပြားများ အရွယ်မတိုင်ခင် အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်း၊ အရေ ပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

သို့ဖြစ်ပါ၍ အောက်ပါအတိုင်း သတိပြုကာကွယ်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၁။ ခရမ်းလွန်ရောင်ခြည် မြင့်မားစွာကျရောက်နိုင်သည့် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီ ခန့်အတွင်းတွင် နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ရန်လိုအပ်ပါက မိမိအသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့ စေရန် မျက်နှာ၊ လည်ပင်းနှင့် ပခုံးတို့ပါ လုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။

၃။ အဝတ်လွတ်ကင်းနေသောလက်၊ လည်ပင်းနှင့် ပခုံးစသည့်နေရာများကို သနပ်ခါး ထူထူ(သို့) SPF ၁၅+ ပါဝင်သော နေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲ မထွက်မီ ၁၅ မိနစ်ခန့် ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး နှစ်နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်း ထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို ၉၉ ရာခိုင်နှုန်းအထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကို တပ်ဆင်သင့်ပါသည်။

၅။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွ အဝတ်အထည်များကို ဝတ်ဆင်ပါ။

၆။ ဆီးချိုရောဂါ၊ နှလုံးရောဂါရှိသူများ၊ အရက်အလွန်အကျွံ သောက်သုံးသူများ၊ ကလေးငယ်များနှင့် သက်ကြီးဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။

၇။ ကလေးငယ်များသည် လူကြီးများထက် ခရမ်းလွန်ရောင်ခြည်အန္တရာယ်၏ ဆိုးကျိုး များကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် အထူးဂရုပြုကာကွယ်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# နမ့်တဘက်ချောင်းပေါ်တွင် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



**လှိုင်ကော် ဧပြီ ၂၅**
ကယားပြည်နယ် နမ့်တဘက်ချောင်းတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရေး စီမံကိန်းဖြစ်မြောက်နိုင်စွမ်း အကြိုကွင်းဆင်းလေ့လာမှု လုပ်ငန်းအား Khin Maung Nyunt Trading Co.,Ltd နှင့် တရုတ်နိုင်ငံ TEBIAN Electric Apparatus Stock Co., Ltd (TBEA) တို့က မတ် ၁၆ ရက်မှ မတ် ၂၂ ရက်အထိ ဆောင်ရွက်ခဲ့သည်။

ထိုသို့ အကြိုကွင်းဆင်းလေ့လာမှု တွေ့ရှိချက်များနှင့် ပတ်သက်ပြီး ရှင်းလင်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၄ ရက် မွန်းလွဲ ၂ နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး ရုံးခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Khin Maung Nyunt Trading Co.,Ltd နှင့် တရုတ်နိုင်ငံ TEBIAN Electric Apparatus Stock Co., Ltd (TBEA) တို့က အကောင်အထည်ဖော်ဆောင်ရွက်မည့် နမ့်တဘက်ချောင်း ရေအားလျှပ်စစ် စီမံကိန်း ဖြစ်မြောက်နိုင်စွမ်း အကြိုကွင်းဆင်းလေ့လာမှု အစီရင်ခံစာ ရှင်းလင်းတင်ပြခဲ့မှုအပေါ် အခမ်းအနားသို့ တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းဆွေးနွေး ဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အဆိုပါ စီမံကိန်းအား သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက ဒေသခံပြည်သူများအတွက် လက်တွေ့ကျကျ ဖော်ဆောင်ပေးနိုင်မည့် အလုပ်အကိုင်အခွင့်အလမ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဖော်ဆောင်ပေးမည့် အခြေအနေများအား အများပြည်သူများ သိရှိစေရေး ရှင်းလင်း ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

## ဇလွန်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များပြိုလဲ

**ဇလွန် ဧပြီ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်းတွင် ဧပြီ ၂၄ ရက် ညနေ ၆ နာရီမှ ၆ နာရီခွဲအတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းတို့ အမိုးလန်ခြင်း၊ ပြိုလဲခြင်းများဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဇလွန်မြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၁၇ အုပ်စု၏ ကျေးရွာပေါင်း ၄၀ မှ အိမ်ခြေ ၃၂၉ လုံး အမိုးလန်ပျက်စီးခြင်း၊ ၆၉ လုံးမှာပြို လဲပျက်စီးခြင်း၊ စာသင်ကျောင်း သုံးကျောင်း အမိုးလန်ခြင်း၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း အမိုးလန်၊ မျက်နှာကြက်ပြိုခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတစ်ရုံး အမိုးလန်ခြင်း၊ စာကြည့်တိုက် တစ်လုံး အမိုးလန်အကာပြိုခြင်း၊ လျှပ်စစ်မီးတိုင် ကိုးတိုင် ကျိုးပြတ်ခြင်း၊ နွားတင်းကုပ် တစ်လုံး ပြိုလဲခြင်းများဖြစ်ပေါ်ခဲ့ပြီး မိသားစုဝင်စုစုပေါင်း ၁၆၆၉ ဦး လေဘေးသင့်ခဲ့ကြောင်း သိရသည်။ **ဝေယံ(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်တွင် မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များအမိုးလန်ပျက်စီးမှုဖြစ်ပွား

**မိုင်းဖြတ် ဧပြီ ၂၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် ဧပြီ ၂၄ ရက် ည ၁၀နာရီခွဲခန့်က မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာအုပ်စု သုံးအုပ်စုရှိ ဘုန်းကြီးကျောင်းနှစ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်း တစ်ကျောင်းနှင့် လူနေအိမ် ၁၂လုံး ပျက်စီးမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ မိုးသက်လေပြင်းတိုက်ခတ်မှုကြောင့် မိုင်းဖြတ်မြို့နယ် နမ့်ယွန်းကျေးရွာတွင် လူနေအိမ်နှစ်လုံး သွပ်အမိုးနှင့် ဒိုင်းမျှားများပျက်စီးခြင်း၊ နမ့်ကုန်းကျေးရွာတွင် ဘုန်းကြီးကျောင်းတစ်ကျောင်း အုတ်ကြွပ်အမိုးလန်ခြင်း၊ သန့်စင်ခန်း ခုနစ်ခန်းတွဲ သွပ်အမိုးလန်ခြင်း၊ လူနေအိမ်တစ်လုံး အုတ်ကြွပ်အမိုးလန်ပျက်စီးခြင်း၊ ပါဆန်းကျေးရွာတွင် ဘုန်းကြီးကျောင်း တစ်ကျောင်း အုတ်ကြွပ် အမိုးလန်ခြင်းနှင့် လူနေအိမ် ကိုးလုံးတို့၏ သွပ်အမိုးလန်ခြင်း၊ ဝါးထရံကာ သက်ငယ်အမိုးလန်ပျက်စီးခြင်း၊ ဟာကြားမုဒိကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်း အမိုးလန်ပျက်စီးမှုများ ဖြစ်ပွားခဲ့ရာ တာဝန်ရှိသူများက သွားရောက်၍ လိုအပ်သည်များ ဆောင်ရွက်နေကြောင်းသိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

## မြန်အောင်တွင် မြေဆီလွှာအာဟာရဓာတ် စမ်းသပ်စစ်ဆေးခြင်းနှင့် မြေဆီလွှာမှတ်တမ်းများ ပေးအပ်

**မြန်အောင် ဧပြီ ၂၅**
ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်နှုန်းတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရန် မြေဆီလွှာ အာဟာရဓာတ် လက်တွေ့ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းနှင့် မြေဆီလွှာမှတ်တမ်းများ ပေးအပ်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၈ နာရီက တောင်ရိုးတိုက်နယ် လက်ပံကွင်းကျေးရွာအုပ်စု၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းဝင်းက မြေဆီလွှာအာဟာရဓာတ် စစ်ဆေးခြင်းရည်ရွယ်ချက်ကို လည်းကောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မော်မော်သန်းက စိုက်ပျိုးရေးနှင့် ပတ်သက်သည့် မြေ၊ မျိုး၊ ပိုးမွှားများ အကြောင်းကိုလည်းကောင်း ကဏ္ဍအလိုက် ရှင်းလင်းပြီးနောက် မြေအမျိုးအစားများ ရယူ၍ လက်တွေ့သရုပ်ပြ ဓာတ်ခွဲစမ်းသပ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက မြေဆီလွှာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှု မှတ်တမ်းများအား တောင်သူများ လက်ဝယ်သို့ ပေးအပ်ခဲ့သည်။

တောင်သူများအား လက်တွေ့သရုပ်ပြ ရှင်းလင်းခြင်းဖြင့်လယ်ယာမြေတွင် ပါဝင်သည့် မြေချဉ်၊ မြေငန်ဓာတ်နှင့် ယူရီးယား၊ တီစူပါပါဝင်မှုအပေါ် မူတည်ပြီး မြေဆီလွှာအတွင်းလိုအပ်သည့် အာဟာရဓာတ်ကို အချိုးကျ ထည့်သွင်းပြုပြင်ပေးခြင်းတို့ဖြင့် သီးနှံများ အထွက်နှုန်း ပိုမိုကောင်းမွန်အောင်မြင်လာမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

## မြစ်သားမြို့ ရေပြတ်လပ်နေသည့်ကျေးရွာသို့ ရေသန့်ဘူးကြီးများလှူဒါန်း

**မြစ်သား ဧပြီ ၂၅**
မြစ်သားမြို့နယ် ရစ်ကန်တိုက်နယ် မယ်ညိုကျေးရွာသည် အိမ်ထောင်စု ၄၈စုရှိပြီး ပြီးခဲ့သည့် မတ်လမှစတင်၍ သောက်ရေ၊ သုံးရေများ ပြတ်လပ်လျက်ရှိရာ အလှူရှင်များက သောက်ရေသန့်ဘူးကြီးများနှင့် သုံးရေများကို လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ဧပြီ ၂၄ ရက် ညနေ ၃နာရီတွင် မြစ်သားမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးသက်စိုး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်မိသားစုများက သောက်ရေသန့်ဘူးကြီး ၂၀ လီတာဝင် ဘူး ၂၀၀ ကို ရွာသူရွာသားများထံ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ရေလာလှူတော့ ရွာသူရွာသားတွေ ရေကုန်နေတဲ့ အချိန်နဲ့ကြုံတော့ သူတို့ဝမ်းသာသွားကြတယ်၊ ကျွန်တော်တို့ကလည်း သူတို့လိုအပ်နေတဲ့အချိန်မှာ လှူလိုက်ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်၊ ကျွန်တော်တို့တပ်ဖွဲ့အနေနဲ့ အပတ်စဉ်တိုင်း လာရောက်လှူဒါန်းသွားမှာဖြစ်ပြီး နောက်တစ်ပတ်မှာ ဒီနေ့လှူတာထက်ပိုပြီး ရေသန့်ဘူးကြီး ၃၀၀ ကို လှူဒါန်းသွားမှာပါ" ဟု ရဲမှူးသက်စိုးက ပြောသည်။

**ရဲဝင်းထွန်း(ပြန်/ဆက်)**



ဈေးများဌာန ဌာနမှူး၏လမ်းညွှန်မှုဖြင့် ရန်ကုန် အနောက်ပိုင်းခရိုင် စည်ပင်သာယာ ဈေးများရုံးမှ ခရိုင်မှူး ဦးမောင်မောင်ဌေးဦးဆောင်၍ ဧပြီ ၂၃ ရက်က ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးတွင် စားသောက်ရုံနှင့် နှစ်ထပ်ရုံ ပတ်လည်ရေမြောင်း ရေစီးရေလာကောင်းမွန်စေရေး အမှိုက်နုန်းများ ဆယ်ယူရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့သည်။ **ကြေးမုံ**

## သက်ငယ်မုဒိမ်းမှု လျော့နည်းပပျောက်ရေး ပညာပေး

**ရန်ကုန် ဧပြီ ၂၅**
ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးညွှန့်လွင်ဦး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးမြင့်လွင်နှင့် နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ်မျိုးကိုကိုတို့သည် ဧပြီ ၂၂ ရက် ညနေ ၆ နာရီက လမ်းမတော်မြို့နယ် အမှတ် (၄) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် သက်ငယ်မုဒိမ်းမှုလျော့နည်း ပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ပြည်သူများအား မှုခင်းအသိပညာပေးဟောပြောခဲ့သည်။

**အောင်ဆွေ(ရွှေတံတား)**

## ပဲခူးခရိုင်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ ပြုပြင်ဆောင်ရွက်ထားမှု ကွင်းဆင်းကြည့်ရှု

**ပဲခူး ဧပြီ ၂၅**
ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ကျော်သည် ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦးနှင့် တာဝန်ရှိသူများ



လိုက်ပါလျက် ဧပြီ ၂၃ ရက်က ပဲခူးခရိုင်အတွင်းရှိ ရေဘေးကာကွယ်ရေးတာများ ပြုပြင်ဆောင်ရွက်ထားမှု အခြေအနေများအပေါ် ကွင်းဆင်းစီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ စစ်တောင်းတာတစ်လျှောက်နှင့် ယင်းတာ၏ တာမိုင် (၂၄/၂ နှင့် ၂၅/၃) အကြား ပြင်ရေကြီးကျေးရွာအနီးတွင် တည်ဆောက်ပြီးဖြစ်သည့် ပန်းတာ၏ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မုက္ခမူတာအား ဆက်လက်ကြည့်ရှုစစ်ဆေးရာ ဒေသတွင်းရေကြီးနစ်မြုပ်မှု လျော့နည်းသက်သာစေရေးအတွက် တူးဖော်ဆောင်ရွက်ထားပြီးဖြစ်သည့် မုက္ခမူချောင်း (ချိန်းချောင်း) အခြေအနေကိုလည်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပဲခူးနယ်အတွင်းရှိ ပဲခူးမြစ်တာနှင့် တည်ဆောက်ထားပြီးဖြစ်သည့် လဂွမ်းပြင် လယ်သမားတာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ယခုနှစ် မိုးရာသီမတိုင်မီ ရေဘေးကာကွယ်ရေးတာတမံများ၏ ကြံ့ခိုင်မှုနှင့် လုံခြုံစိတ်ချစေနိုင်မှုအတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊ အရေးပေါ်သုံးပစ္စည်းများ စုဆောင်းထားရှိမည့်နေရာများကို သေချာစွာ သတ်မှတ်ပြီး စီမံဆောင်ရွက်ထားရန်၊ ပြောင်းလဲလာသည့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများကိုလည်း လိုအပ်သလို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ ဌာနမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် တာတမံ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ထုံးလုပ်နည်းများနှင့် အရေးပေါ်ရေဘေးကာကွယ်ရေးလုပ်ငန်းစဉ်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သူရိန်ထွန်း**

# BTS ၏ တေးသီချင်းသစ်ကို ဘေဘုတ်ဆုပေးပွဲတွင် စတင်ဖျော်ဖြေမည်

တောင်ကိုရီးယားကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့ "BTS"ဟာ အဖွဲ့ရဲ့တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်သွားမှာဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ကို မကြာမီကျင်းပသွားမယ့် "Billboard Music Awards"ဆုပေးပွဲမှာ ပထမဆုံးအကြိမ်အဖြစ် ဖျော်ဖြေသွားဖို့ရာ ရှိနေတာဖြစ်တယ်လို့ အောကေပေ့ါ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုတေးသီချင်းသစ်နဲ့ ဖျော်ဖြေသွားမှာဖြစ်ကြောင်းကိုတော့ ပြီးခဲ့တဲ့ ဧပြီ ၂၄ ရက်မှာ ဘေဘုတ်ရဲ့ တရားဝင်လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်တဲ့ တွစ်တာပေါ်မှာ "BTS"အနေနဲ့ တေးသီချင်းသစ်ကို ပထမဆုံးအကြိမ် ဖျော်ဖြေသွားမှာဖြစ်ကြောင်း ရေးသားဖော်ပြခဲ့တာဖြစ်ပါတယ်။

"BTS"ဟာ ယခုနှစ်ရဲ့ " Billboard Music Awards "ဆုပေးပွဲကြီးမှာ " Top Social Artist "ဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတာ ဖြစ်ပါတယ်။ အဆိုပါဆုအတွက် လျာထားခံခဲ့ရတာဟာ "BTS"အတွက်တော့ ဒုတိယအကြိမ်မြောက်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်း ကျင်းပခဲ့တဲ့ အဆိုပါဆုပေးပွဲမှာလည်း "BTS"ဟာ "Top Social Artist"အတွက် လျာထားခံခဲ့ရပြီး ဆုပေးပွဲနေ့မှာလည်း ယင်းထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ဆုပေးပွဲမှာ "BTS"ဟာ ကမ္ဘာကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဆယ်လီနာဂိုမက်ဇ်၊ အရီရန်နာဂရန်းဒ်နဲ့ ဆွမ်မန်းဒပ်စ်တို့နဲ့အပြိုင် ဆန်ခါတင်စာရင်းဝင်ခဲ့ရာမှ ထူးချွန်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဧပြီ ၁၇ ရက်မှာပြုလုပ်ခဲ့တဲ့ တိုက်ရိုက်ထုတ်လွှင့်မှုအတွင်း ဘေဘုတ်က ယခုနှစ်ရဲ့ ဆုပေးပွဲမှာလည်း "BTS"ဟာ "Top Social Artist"အတွက် ဆန်ခါတင်စာရင်းဝင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အဆိုပါတေးဂီတအဖွဲ့နဲ့အပြိုင် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရတဲ့ တေးသံရှင်တွေကတော့ ဂျက်စတင်ဘီဘာ၊ အရီရန်နာဂရန်းဒ်၊ ဒေမီလိုဗားတိုးနဲ့ ဆွမ်မန်းဒပ်စ် တို့ဖြစ်ကြပါတယ်။

"BTS"ရဲ့ တေးအယ်လ်ဘမ်သစ်ကတော့ "Love Yourself: Tear"ဖြစ်ပြီး လာမယ့်မေလအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပါတယ်။ တေးအယ်လ်ဘမ်တစ်ခုလုံး ထုတ်လွှင့်မှုအပြီးမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေ စတင်သွားမှာဖြစ်ပါတယ်။ အဖွဲ့ရဲ့တေးအယ်လ်ဘ်သစ်အတွက် နယ်လှည့်ဖျော်ဖြေပွဲစတင်မယ့်ရက်ကိုတော့ အတိအကျမသိရပေမယ့် မေလအတွင်းမှာပင် ပြုလုပ်သွားမှာဖြစ်ကြောင်း သိရပါတယ်။ တေးဂီတအဖွဲ့ဝင်တွေနဲ့ အေဂျင်စီဘက်ကတော့ နယ်လှည့်ဖျော်ဖြေပွဲပြုလုပ်သွားမှာဖြစ်ကြောင်း အတည်ပြုပေးခဲ့ပေမယ့် စတင်မယ့်ရက်အတိအကျကိုတော့ ထုတ်ဖော်ပြောကြားခြင်းမရှိသေးတာလည်း ဖြစ်ပါတယ်။

ယခင်က အွန်လိုင်းမီဒီယာတွေပေါ်မှာထွက်ပေါ်လာခဲ့တဲ့ ဓာတ်ပုံမှာတော့ "BTS"ရဲ့ နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်တွေကိုလာမယ့် ဩဂုတ်လ ၂၈ ရက်မှာ စတင်မှာဖြစ်ကြောင်း ဖော်ပြထားတာတွေ့ရပါတယ်။ နောက်ပိုင်းမှာတော့ အဆိုပါဓာတ်ပုံဟာ ကောလာဟလ သက်သက်သာဖြစ်ကြောင်း ပြန်လည်ဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ အဖွဲ့ဝင်တွေက တေးအယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ နယ်လှည့်ဖျော်ဖြေပွဲတွေပြုလုပ်ရာမှာ ယခင်ကထက် နေရာများများသို့ သွားရောက်ပြုလုပ်သွားမှာဖြစ်ကာ ဖျော်ဖြေတင်ဆက်မှုတွေ ပိုမိုထည့်သွင်းဖန်တီးသွားမှာဖြစ်ကြောင်း တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တယ်လို့လည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**



## မကြာမီ ပရိသတ်ရှေ့ အရောက်ပြန်လာမယ့် BLACK PINK

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK"ဟာ လာမယ့် မေလအတွင်း တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့အရောက်ပြန်လာမှာဖြစ်ပါတယ်။ လတ်တလောမှာတော့ အဖွဲ့ရဲ့ လှုပ်ရှားမှုပုံရိပ်အချို့ကို လူမှုကွန်ရက်မီဒီယာပေါ်မှာ ဖော်ပြခဲ့တာကိုလည်း တွေ့ခဲ့ရကြောင်း အောကေပေ့ါ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"BLACK PINK"ဟာ လာမယ့်မေလအတွင်း တေးသီချင်းသစ်ထုတ်လွှင့်သွားမှာဖြစ်ကြောင်း ပြီးခဲ့တဲ့လအတွင်း ပထမဆုံးအကြိမ် ထုတ်ဖော်အသိပေးခဲ့တာဖြစ်ပြီး လတ်တလောမှာတော့ "BLACK PINK"ရဲ့ လှုပ်ရှားမှုပုံရိပ်တွေကို အင်စတာဂရမ်စာမျက်နှာပေါ်မှာ ထုတ်ဖော်ပြသခဲ့တာဖြစ်ပါတယ်။ "BLACK PINK"ရဲ့ ဗီဒီယိုတစ်ခုကို ပြီးခဲ့တဲ့ ဧပြီ ၂၄ ရက်က ဖော်ပြခဲ့ရာမှာတော့ များစွာသောလူအုပ်ကြီးက အဖွဲ့ဝင်တွေကို ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြတာတွေ့ရပါတယ်။ ယင်းဗီဒီယိုရဲ့ အောက်ခြေမှာတော့ "BLACK PINK"ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဝိုင်ဂျီအန်တာတိန်းမန့်က ယခုနှစ်နှစ်ကုန်ပိုင်းအထိ သယ်ဆောင်သွားမှာဖြစ်ကြောင်း ရေးသားဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

အဆိုပါတေးဂီတအဖွဲ့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်းမှာ "Square One"တေးအယ်လ်ဘမ်နဲ့အတူ ပွဲဦးထွက်လာခဲ့တာဖြစ်ပါတယ်။ ပထမဆုံးတေးအယ်လ်ဘမ်နဲ့အတူ အောင်မြင်မှုတွေရလာခဲ့ပြီး နိုင်ငံတကာတေးဂီတဇယားတွေမှာပါ ထိပ်တန်းနေရာတွေ ရခဲ့ပါတယ်။ အဖွဲ့ရဲ့ တေးသီချင်း "Boombayah"ဟာ ဘေဘုတ်ရဲ့ ကမ္ဘာ့ဒစ်ဂျစ်တယ်တေးသီချင်းစာရင်းမှာလည်း နံပါတ်တစ်နေရာမှာ ရပ်တည်နေခဲ့ပါတယ်။ ယင်းတေးသီချင်းဗီဒီယိုဟာ ပွဲဦးထွက်တေးဗီဒီယိုတွေအနက် ကြည့်ရှုသူအများဆုံးဖြစ်ခဲ့တာကြောင့် "BLACK PINK"ဟာ ကေပေ့ါ်သမိုင်းမှာ စံချိန်တစ်ခုကို ချိုးနိုင်ခဲ့ပါတယ်။ တေးဂီတလောကအတွင်း စတင်ဝင်ရောက်ခဲ့ပြီးနောက် ငါးလခန့်အကြာမှာတော့ ထူးချွန်ဆုတွေကို ဆွတ်ခူးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။



ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ "The Star Awards"ဆုပေးပွဲကို စင်ကာပူမှာ ပြုလုပ်ခဲ့ရာ လူငယ်အနုပညာရှင်တွေ တက်ရောက်အားပေးခဲ့သည်ကို တွေ့ရစဉ်။





နယူးယောက်မြို့မှာ ပြီးခဲ့တဲ့ အင်္ဂါနေ့က ကျင်းပခဲ့တဲ့ Time ရဲ့ လွှမ်းမိုးမှုအရှိဆုံးသော လူ ၁၀၀ စာရင်းမှာ ပါဝင်ခဲ့ကြတဲ့ အနုပညာရှင်တွေ တွေ့ဆုံပွဲပြုလုပ်ခဲ့ရာ ယင်းပွဲရဲ့ကော်ဇောနီပေါ် ပါဝင်လျှောက်လှမ်းခဲ့ကြတဲ့ တေးသံရှင် ဂျနီဖာလိုပက်ဇ်(ဒ်) နဲ့ အသက် (၁၄)နှစ်အရွယ် သရုပ်ဆောင် မီလီဘော်ဘီဘရောင်း(ယာ)တို့ကို တွေ့ရစဉ်။




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာ ဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## လူမှန် နေရာမှန် အရည်အချင်းမှန်နှင့် သုတရသစာစုများ




လူ့စွမ်းအားအရင်းအမြစ်များဖော်ထုတ်ရာတွင် ပညာ၊ စာပေ၊ ဗဟုသုတစသည့် အရင်းအမြစ်များကသာဖော်ထုတ်နိုင်ကြောင်း စာရေးဆရာ သချ်ာအောင်သင်း စီစဉ်ရေးသားသည့် လူမှန်နေရာမှန် အရည်အချင်းမှန်နှင့် သုတရသစာစုများ စာအုပ်ထွက်ရှိလာသည်။

နိုင်ငံတော်တွင် ဉာဏ်ပညာရှိပြီး အရည်အချင်းပြည့်ဝသော အစိုးရ၊ လွှတ်တော်အမတ်များ၊ တရားသူကြီးများ၊ တပ်မတော်သားများ၊ ရဲနှင့် ပြည်သူ့ဝန်ထမ်းများပေါ်ထွက်လာစေရန် နိုင်ငံတော်ကာကွယ်ရေးစစ်တက္ကသိုလ်များထားရှိသကဲ့သို့ အုပ်ချုပ်ရေးအတွက် အုပ်ချုပ်ရေးတက္ကသိုလ်၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေးအတွက် ရဲတက္ကသိုလ်များ နိုင်ငံတော်တွင် ဖွင့်လှစ်ထားရှိစေလိုကြောင်း၊ သက်ဆိုင်ရာ တက္ကသိုလ်များနှင့် စာသင်ကျောင်းများမှ နိုင်ငံ့သားကောင်းရတနာများ အသီးသီးပေါ်ထွက်လာစေရန် မြော်တွေး၍ ရေးသားထားသည်။

စာအုပ်ကို ရွှေတိုင်းယဉ်စာပေ၊ အမှတ် – ၈၄၊ မြေညီထပ်၊ ၃၈ – လမ်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း – ၀၁ – ၃၈၇၆၃၁နှင့် ၀၁ – ၂၅၄၀၀၃တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။

## သူ၊ ကျွန်တော်နှင့်မြန်မာနိုင်ငံ့အရေး




မျက်မှောက်ကာလ မြန်မာနိုင်ငံ့အရေးကိုသိလိုသူများအတွက် သူရဦးရွှေမန်းရေးသားသည့် "သူ၊ ကျွန်တော်နှင့် မြန်မာနိုင်ငံ့အရေး" စာအုပ်ထွက်ရှိလာသည်။

ယခုစာအုပ်တွင် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည့် သူရဦးရွှေမန်းက သူဟူသော (နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်) ဒေါ်အောင်ဆန်းစုကြည်နှင့်စတင်တွေ့ဆုံရပုံမှအစ မြန်မာနိုင်ငံ့အရေးအခင်းအကျင်းတွင် ပါဝင်လှုပ်ရှားခဲ့ရပုံများကို အကွက်စုံအောင် ရှင်းလင်းတင်ပြထားသည်။ စာအုပ်မှာ ငယ်ပင်ငယ်သော်လည်း မြန်မာ့နိုင်ငံရေးအပြောင်းအလဲကာလအတွင်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ရ၊ ဆောင်ရွက်ခဲ့ရသည်များ ပြည့်ပြည့်စုံစုံ ရှင်းလင်းတင်ပြထားသည်။ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၊ မည်သည့် အဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးပုံကို ရှင်းလင်းတင်ပြထားပြီး လောဘ၊ ဒေါသ၊ မာနများကြောင့် ဖြစ်ပေါ်ခဲ့ရသည်များ၊ မည်သူတရားပျက်ပျက် ကိုယ်မပျက်ရန် ဂရုပြုနေထိုင်ရန် လိုအပ်ပုံများ၊ အမျိုးသားရင်ကြားစေ့ရေး၊ လွှတ်တော်နှင့်အစိုးရအဖွဲ့မှအစ မျက်မှောက်ကာလ နိုင်ငံအကျိုးအတွက် ဆောင်ရွက်မှုများ စသည်ဖြင့် မြန်မာနိုင်ငံ့အရေးများကို ရှင်းလင်းတင်ပြထားသည်။

အဆိုပါစာအုပ်ကို Myanmar Heritage Publications ဖုန်း – ၀၉ – ၉၆၄၂၄၃၈၉၃ က တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## အံ့ဖွယ်ထူးခြား စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများ




ထူးခြားသောအာရုံခံစားမှုဆိုသည့်အသုံးအနှုန်းမှာ စိတ်အကြောင်းကို လေ့လာသုတေသနပြုနေကြသူများ သုံးစွဲသောဝေါဟာရကို မြန်မာလို ဘာသာပြန်ဆိုထားခြင်းဖြစ်ကြောင်း စာရေးသူတိုးထက် စီစဉ်ရေးသားသည့် အံ့ဖွယ်ထူးခြား စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများ စာအုပ်ထွက်ရှိလာသည်။

လူ့စိတ်သည် အာကာသလဟာပြင်ထဲ၌ ကျက်စားနိုင်မည်လော၊ ရောဂါကို ကုသနိုင်ပါမည်လော၊ အနာဂတ်ကိုကြည့်၍ပြောနိုင်ပါမည်လော ဟူသော ပြဿနာများကို တင်ပြဆွေးနွေးထားသည်။ စိတ်ချင်းဆက်သွယ်ခြင်း၊ အမြင်ပေါက်ခြင်း၊ နိမိတ်ထင်ခြင်း၊ မနောမယိဒ္ဓိတို့ကို ရှင်းလင်းတင်ပြထားပြီး အချို့သောသုတေသနနယ်ပယ်တို့တွင် သိပ္ပံပညာရှင်တို့သည် သဘောချင်းတိုက်ဆိုင်မှု နည်းပါးသေးသည်ဟုဆိုထားသည်။ အဆိုပါစာအုပ် ကျမ်းကြီးလေးကျမ်းမဟုတ်သော်လည်း အပျင်းပြေဖတ်လျှင်လည်းရ၊ ဗဟုသုတရှာလိုလျှင်လည်းဖြစ်၊ စဉ်းစားဉာဏ်ရင့်သန်လိုလျှင် သင့်လျော်သောကြောင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ရန်အောင်စာပေ၊ အမှတ် – H၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့ ၁၂ – လုံးတန်း မှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ဖုန်း – ၀၉ – ၅၁၇၉၃၉၈နှင့် ၀၉ – ၇၃၂၄၃၈၅၁တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။

## အိမ်ပြန်ချင်တဲ့သူကို တံခါးဖွင့်ပေးတာ ဥပုသ်မစောင့်ဘဲ ကုသိုလ်ရတယ်





ကဗျာစာပေကို လေ့လာလိုသူများအတွက် စာရေးသူ မောင်မောင်ငြိမ်းအေး စီစဉ်သည့် အိမ်ပြန်ချင်တဲ့သူကို တံခါးဖွင့်ပေးတာ ဥပုသ်မစောင့်ဘဲ ကုသိုလ်ရတယ် စာအုပ်ထွက်ရှိလာသည်။

လူသားတိုင်းသည် ကိုယ့်အတွေးနှင့်ကိုယ်၊ ကိုယ့်ယုံကြည်ချက်နှင့် ကိုယ်၊ ကိုယ့်ရပ်တည်ချက်နှင့်ကိုယ်၊ ကိုယ့်သမိုင်းနှင့်ကိုယ်ရပ်တည်နေကြပြီး တစ်ခါတစ်ရံ ရန်ဖြစ်သည့်အခါလည်း သတ်ကြ၊ ပုတ်ကြ၊ အော်ကြဟစ်ကြ၊ ဆဲကြဆိုကြ၊ ငယ်ကျိုးငယ်နာတွေလည်းဖော်ချင်ဖော်ကြမှာပဲ၊ ပြီးတော့လည်း ပြန်ချစ်ကြရစမြဲဖြစ်သည်။ ထို့ကြောင့် အိမ်၏ပြည့်စုံမှု အဓိပ္ပာယ်ကို ဖော်ကျူးထားသည့်အပြင် အဆိုပါစာအုပ်တွင် ဘယ်လောက် အနုပညာမြောက်စွာရေးသားထားသည်ကို ဖတ်ပြီးသွားသည့်အခါ ဝေဖန်၊ ဆုံးဖြတ်ပေးနိုင်ရန် ကဗျာပုဒ်ပေါင်း ၇၀ကျော် ရေးသားထားသောကြောင့် ကဗျာရသခံစားလိုသူများ လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို အမှတ် – ၂၉၆၊ ၁/အနော်မာ(၇)လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း – ၀၉ – ၇၉၈၁၈၉၁၄၈ က တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ဝါကျ(၁၀၀)တည်းဖြင့် လက်တွေ့အသုံးချ တရုတ်စကားပြော




ဘာသာစကားတစ်ခုကို အဆိုပါစာအုပ်တွင်တင်ပြထားသည့်အတိုင်း လွယ်ကူစွာလေ့လာ၍ ရနိုင်ကြောင်းစာရေးသူဦးထွန်းဥက္ကာ စီစဉ်ရေးသားထားသည့် လက်တွေ့အသုံးချ တရုတ်စကားပြောစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်ကို လေ့လာပြီးနောက် စာဖတ်သူများအနေဖြင့် အဘိဓာန်စာအုပ်များကို စတင်ဖတ်ရှုပြီး နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသနစကားလုံးများကို ခွဲခြားကျက်မှတ်ပြီး ယင်းစာအုပ်တွင်ပါရှိသော စကားလုံးများကို သိမြင်နားလည်နိုင်စေရန်နှင့် စာရေးသူရှင်းပြထားသည်များကို သေချာစွာလေ့လာပြီး စကားလုံး၊ စကားစုများနေရာတွင် အစားထိုးပြီး မိမိလိုအပ်ရာစကားအသွားအလာကို ကောက်ယူပြောဆိုနိုင်သည်။ ဆရာ မပါဘဲ အလွတ်အနေဖြင့်ဖြစ်စေ၊ ဆရာကသင်ကြားနေသည်ဖြစ်စေ ယင်းစာအုပ်သည် သင့်ကို လွယ်ကူလျင်မြန်စွာ တတ်မြောက်စေမည်ဖြစ်သောကြောင့် တရုတ်စကားပြောလေ့လာလိုသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် – ၂၁၇၊၁၉ – လမ်း(ပထမထပ် – ဝဲ)အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း – ၀၁ – ၈၁၉၂၈၁၅နှင့် ၀၉ – ၇၇၁၇၇၄၇၁၁တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။

## အိုလံပစ်သချ်ာ(နိုင်ငံတကာ ဉာဏ်စမ်းမေးခွန်းများ)





သချ်ာစွမ်းရည်များ ပေါ်ထွက်လာစေရန် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် စာရေးသူ စာအိတ်ကလေး စီစဉ်ရေးသားသည့် အိုလံပစ်သချ်ာ (နိုင်ငံတကာ ဉာဏ်စမ်းမေးခွန်းများ) စာအုပ်ထွက်ရှိလာသည်။

သချ်ာပုစ္ဆာများလေ့လာရာတွင် အစိမ်းသက်သက်လေ့လာမည်ဆိုလျှင် အခက်အခဲများဖြစ်ပေါ်နိုင်သောကြောင့် သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အခန်းများအစတွင် ဥပမာများဖြင့်ဦးစွာပထမ ရှင်းပြထားသည်။ မူလတန်းကျောင်းသား ကျောင်းသူများအတွက် စိတ်ရွှင်လန်းကာ ပျော်ရွှင်စရာများနှင့် ဉာဏ်ရည်ထက်မြက်စေမည့် ဉာဏ်စမ်းပုစ္ဆာများကို ဖော်ပြထားသည်။ အခန်းကဏ္ဍပေါင်း ၂၀ ပါဝင်ပြီး အခန်းတစ်ခန်းချင်းစီတွင် ဥပမာများပြီးဆုံးပါက ကျောင်းသား ကျောင်းသူများလေ့ကျင့်နိုင်စေရန် လေ့ကျင့်ခန်းများကို ထည့်သွင်းပေးထားသည်။ ထိုလေ့ကျင့်ခန်းများကို မိမိတို့ကိုယ်တိုင်တွက်၍ စွမ်းရည်များကိုတိုးတက်လာစေရန် လေ့ကျင့်လိုသည်။ လေ့ကျင့်ခန်းများတွက်ပြီးပါက မိမိ၏အဖြေကို မှန်၊ မမှန်ကြည့်ရှုနိုင်စေရန် ထည့်သွင်းပေးထားသည်။

စာအုပ်ကိုမဇ္ဈိမစာပေ၊ အမှတ် – ၂၁၇၊ ပထမထပ် – ဝဲ၊ ၁၉ – လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း – ၀၁ ၈၁၉၂၈၁၅ နှင့် ၀၉ ၇၇၁၇၇၄၇၁၁တို့မှ တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ဖြန့်ချိသည်။

## ထင်ကျန်နေဆဲ ပုံရိပ်များ




ရှေးဟောင်းအမှတ်သညာများသည် ယနေ့တိုင် ကျန်ရှိနေသောအကြောင်းကို စာရေးဆရာ မောင်လှ(ကွမ်းမြို့တော်)စီစဉ်ရေးသားသည့် ထင်ကျန်နေဆဲ ပုံရိပ်များ စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လုပ်ငန်းအစလမ်းပိုင်းက၊ ရေကျော်နှင့် ဆူးကုန်းတံတား၊ ပျူမြို့ဟောင်းက ချောင်းသဲဖြူ၊ ကန်ပေါက်သို့ခရီး၊ သီလဝါ၊ စလင်းမြေလွတ်များအကြောင်း၊ ငွေဆောင်၊ ဝန်ထမ်းအိမ်ရာ၊ ဂိုးပရောဂျက်၊ ဖန်ခါးမြေမှ ခြေရာများ၊ ကျောက်ထု၊ မြောက်ပိုင်းကပြန်ခဲ့တယ်၊ လှည်းတန်းစင်တာ၊ သိုက်ရှာကြသူများ၊ မိုင်တွမ်းစသည့် စိတ်ဝင်စားဖွယ်အကြောင်းအရာများ၊ စာရေးသူကိုယ်တိုင်တွေ့ကြုံခဲ့ရသည်များကို ရေးသားထားသောကြောင့် ဗဟုသုတရှာမှီးလိုသူများ ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို ခုနစ်စင်ကြယ်စာပေ၊ အမှတ် – ၂၀၁၊ လမ်း (၃၀)အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ဖုန်း – ၀၉ – ၇၉၁၆၄၀၉၀၈က တန်ဖိုးငွေကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိသည်။

## ဦးရဲမင်းပိုင်(သင်္ချာ)

၅-တန်းမှ ၁၀-တန်းအထိ(အင်္ဂလိပ်စာ-သင်္ချာ)

၉-တန်း၊ ၁၀-တန်းဘာသာစုံ(၁၀)ဦးမိုင်း

မေ(၇)ရက်ဖွင့်ပြီ၊ လစဉ်ကြေး-၉၀၀၀ိ/-

၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။

Tel: 09 73161140

## ဒေါ်စုမွန်အောင် (M.Sc Physics)

(၉)တန်း (၁၀)တန်းအတွက် ဘာသာစုံသင်ကြားပေးသည်၊ ရူပဗေဒဘာသာရပ်ကို အထူးသီးသန့်သင်ချင်သူများ၊ တစ်ဦးချင်း(သို့)ငါးယောက်ဝိုင်း လက်ခံသည်၊ မေးခွန်းဟောင်းနှင့်တကွ ဘာသာရပ်တိုင်းကို လေ့ကျင့်ပြီးစနစ်တကျသင်ကြားပေးသည်၊ 09-448001848, 09-976111824

## မင်္ဂလာဗျူဟာအသင်းချုပ်

### အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်သင်တန်း

ရွှေတိဂုံစေတီတော်၊ အာဇာနည်လမ်း၊ ဗဟန်း၊ မင်္ဂလာဗျူဟာအသင်းချုပ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၌ နှစ်စဉ်ဖွင့်လှစ်ပို့ချပေးသော အဘိဓမ္မာ၊ ဋီကာကျော်၊ ဝိသုဒ္ဓိမဂ်ဓမ္မစာပေသင်တန်းများကို သင်တန်းမှူးဆရာတော်များ၊ ဦးဆောင်၍ သင်တန်းနည်းပြဆရာ၊ ဆရာမများက ၁-၅-၂၀၁၈ ရက်မှစတင်၍ အပတ်စဉ် စနေနေ့၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂:၀၀ နာရီမှ ၄:၃၀ နာရီအထိ ဓမ္မဒါန သင်ကြားပို့ချမည်ဖြစ်ပါသဖြင့် မည်သူမဆို ကုသိုလ်ယူတက်ရောက်သင်ယူနိုင်ကြပါသည်။

(သင်တန်းဖွင့်ပွဲကို(၁.၅.၂၀၁၈)ရက် နေ့လယ် ၁၂:၀၀နာရီတွင်ကျင်းပပါမည်။

အမှုဆောင်အဖွဲ့၊ ဖုန်း-၀၁-၃၇၀၉၅၈

## Asia Dragon (အာရှနဂါး)

ချောင်းသာ ◆ ငွေဆောင်
ကျိုက်ထီးရိုး ◆ မြ၀တီ

09 300 300 30 . 09 300 300 90

## ထိပ်တန်း

အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း

မြို့တွင်း / နယ်ဝေး

09-254256969
09-971322259

## တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသည့် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ သီရိမင်္ဂလာအိမ်ရာစီမံကိန်း (၂၆×၂၇)လမ်းနှင့် (၇၃×၇၄)လမ်းကြား ကွန်ဒို (၄၊ ၅၊ ၆)ရှိ Commercial တိုက်ခန်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် မျက်မြင်အခြေအနေအတိုင်း ပွင့်လင်းမြင်သာစွာ ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါအဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ရောင်းချမည့်လူနေတိုက်ခန်းပေါင်း - ၆ယူနစ် (၁-ယူနစ် ၃ လွှာ)
(ခ) တင်ဒါအဆိုပြုလွှာရောင်းချမည့်ရက် - ၂၆-၄-၂၀၁၈
(ဂ) တင်ဒါအဆိုပြုလွှာတင်သွင်းပြီး တင်ဒါဖွင့်လှစ်မည့်ရက် - ၂၅-၅-၂၀၁၈
(ဃ) တင်ဒါအဆိုပြုလွှာရောင်းချမည့်နေရာ - ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၄၀)၊ နေပြည်တော်။

၂။ တိုက်ခန်း (၁)ခန်း၏ ကြမ်းခင်းဈေးနှုန်းမှာ (၁)စတုရန်းပေလျှင်(၇၀၀၀၀ိ/-)ငွေ(ကျပ်ခုနစ်သောင်း) နှုန်းဖြစ်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တယ်လီဖုန်းအမှတ် ၀၆၇-၃၄၀၇၅၇၂သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်ရေးလုပ်ငန်းကော်မတီ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ
# ကြေညာချက်
## (ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီ လ ၂၆ ရက်)

၂၀၁၈ ခုနှစ်၊ မေ လ (၁) ရက်နေ့တွင် ကျင်းပမည့်(၁၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ခွဲဝေချီးမြှင့်ပေးမည့် ဆုမဲစာရင်း

| | | | |
|---|---|---|---|
| (၁) | ကျပ်သိန်းတစ်သောင်း | = | (၁) ဆု |
| (၂) | ကျပ်သိန်းငါးထောင် | = | (၂) ဆု |
| (၃) | ကျပ်သိန်းသုံးထောင် | = | (၂) ဆု |
| (၄) | ကျပ်သိန်းတစ်ထောင် | = | (၃) ဆု |
| (၅) | ကျပ်သိန်းငါးရာ | = | (၅) ဆု |
| (၆) | ကျပ်သိန်းသုံးရာ | = | (၇) ဆု |
| (၇) | ကျပ်သိန်းတစ်ရာ | = | (၈) ဆု |
| (၈) | ကျပ်သိန်းငါးဆယ် | = | (၉) ဆု |
| (၉) | ကျပ်သိန်းသုံးဆယ် | = | (၉) ဆု |
| (၁၀) | ကျပ်ဆယ်သိန်း | = | (၁၂) ဆု |
| (၁၁) | ကျပ် သုံးသိန်း | = | (၁၀၀) ဆု |
| (၁၂) | ကျပ် နှစ်သိန်း | = | (၁၀၀၀) ဆု |
| (၁၃) | ကျပ် တစ်သိန်း | = | (၁၃၀၀၀) ဆု |
| (၁၄) | ကျပ် ငါးသောင်း | = | (၁၁၀၀၀၀) ဆု |
| | စုစုပေါင်း | = | (၁၂၄၁၅၈) ဆု |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

## "မဟော်သဓာအခမဲ့ကိုယ်ပိုင်အထက်တန်းကျောင်း"
## တောင်ကုတ်မြို့
## ကျောင်းသားသစ်များခေါ်ယူခြင်း

**ရည်ရွယ်ချက်** - ပညာထူးချွန်သော်လည်း ဆင်းရဲနွမ်းပါးသဖြင့် ပညာသင်ကြားရေးတွင် အခက်အခဲကြုံတွေ့နေရသော ကျောင်းသား/သူများ ပညာဆက်လက်သင်ကြားနိုင်ရန်။ ထူးချွန်ထက်မြက်သည့် သားကောင်း၊ သမီးကောင်းရတနာများ ပေါ်ထွန်းရန်။ အနာဂတ်နိုင်ငံတော်အတွက် အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွန်းရေးအတွက် ပြုစုပျိုးထောင်၊ မြေတောင်မြှောက်ပေးရန်။

**တာဝန်ယူမှု** - ပညာသင်ကြားရေး၊ စားသောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးကို ဤကျောင်းမှ တာဝန်ယူသည်။

**စည်းကမ်းချက်များ** - (၁) ရခိုင်ပြည်နယ် (၁၇) မြို့နယ်မှ အခြေခံပညာ အလယ်တန်း(၈) တန်းအောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည်။ (၂) ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် နဝမတန်း၌ သိပ္ပံတွဲနှင့် ဝိပ္ပံတွဲ(၂)မျိုး သင်ကြားပေးမည်။ (၃)ကျောင်းသား/သူ(၁၀၀)ဦး အထိသာ လက်ခံမည်။ (၄) ပညာထူးချွန်သူချင်းတူနေလျှင် မိဘဆင်းရဲသူကို ဦးစားပေးမည်။ (၅) မိဘဆင်းရဲသူချင်းတူနေလျှင် မိဘမစုံသူကို ဦးစားပေးမည်။ (၆) မိဘမစုံသူချင်းတူနေလျှင် ဖခင် ကွယ်လွန်သူကို ဦးစားပေးမည်။ (၇) ကျန်းမာ၍ ကိုယ်လက်အင်္ဂါပြည့်စုံပြီး ကူးစက်ရောဂါကင်းရှင်းသူ ဖြစ်ရမည်။ (၈) အခြေခံပညာအလယ်တန်း (၈)တန်းအောင်မြင်ကြောင်း ထောက်ခံချက်တင်ပြရမည်။ (၉) လျှောက်ထားသူ (၁၀၀)ထက် ကျော်လွန်နေပါက အခြေခံပညာအလယ်တန်း (၈)တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာနှစ်ဘာသာဖြေဆိုသည့် ရမှတ် အနည်းအများအလိုက် ရွေးချယ်မည်။ ၁၉-၅-၂၀၁၈ ရက် အင်္ဂလိပ်စာ၊ ၂၀-၅-၂၀၁၈ရက် သင်္ချာမေးခွန်းများ ဖြေဆိုရမည်။ (၁၀) အပြီးသတ်ရွေးချယ်မှုကို လူတွေ့စစ်ဆေးခြင်း (Personal Interview) မေးမြန်းပြီးမှ အတည်ပြုမည်။ (၁၁)လျှောက်လွှာများကို "မဟော်သဓာ" ကိုယ်ပိုင်အထက်တန်းကျောင်း ရုံးခန်းတွင် အခမဲ့ ရယူနိုင်ပါသည်။ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများသို့လည်း ဖြန့်ဝေထားပြီး ဖြစ်ပါသည်။ (၁၂) လျှောက်လွှာများကို ၁၅-၅-၂၀၁၈ ရက် နောက်ဆုံးထား၍ တင်ရမည်ဖြစ်ပါသည်။ (၁၃) အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းများကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၄၅၀၉၉၉၀၈၁၊ ၀၉-၄၅၀၄၃၀၁၁၀၊ ၀၉-၄၂၀၇၂၄၆၆၄၊ ၀၉-၄၅၀၁၈၄၅၁၅၊ ၀၉-၂၆၂၈၀၁၁၉၉

**အလုပ်အမှုဆောင်အဖွဲ့**
**"မဟော်သဓာ" အခမဲ့ကိုယ်ပိုင်အထက်တန်းကျောင်း**
**တောင်ကုတ်မြို့**

## တွီ တွံ တွာ

ဒဂုံမြို့သစ်
အရှေ့ပိုင်း တောင်ပိုင်း၊
ဆိပ်ကမ်း မြေကွက်များ
ဈေးမှန် (ပေါက်ဈေး)
ဝယ်ပါသည်။

ဖုန်း-၀၉၅၃၂၂၂၅၈၊ ၀၉၉၆၀၂၃၄၄၃၄

## မော် SEVEN စုံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

အိမ်အရောက်ငွေပေးချေသည်၊

"ပွဲခ လုံးဝ မယူပါ"

09-33 333 511
09-33 333 514
09-33 333 644

## မြေကွက်များဈေးကောင်းပေးဝယ်လိုသည်

ဒဂုံမြို့သစ်၊ (အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း) တို့တွင် မြေကွက်များဝယ်လိုသည်

✷အိမ်အရောက် ငွေချေစနစ်၊ ပွဲခပေးရန်မလို✷

မညွန့် Ph: 01-2339310, 01-2339355, 01-578044-01570721

## ဒလမြေ၊ မြေကွက်ကျယ်ရောင်းမည်

ကိုရီးယား-မြန်မာချစ်ကြည်ရေးတံတား၊ ဒလဘက်ဆင်းမည့် အနီးဆုံးနေရာ၊ မိန်းလမ်းမကြီးပေါ်မေးတင် အချက်အချာကျသောနေရာ၊ ပုံစံ(၇)၊ ပုံစံ(၁၀၅) ကိုယ်တိုင်အမည်ပေါက်၊ လယ်မြေအမျိုးအစား၊ မြေ(၇)ဧက၊ ပိုင်ရှင်ကိုယ်တိုင် (ညှိနှိုင်းဈေး) ဖြင့် ရောင်းရန်ရှိပါသည်။ (အမှန်တကယ် ဝယ်ယူလိုသူများသာဆက်သွယ်ပါရန်နှင့် ဈေးနှုန်းစုံစမ်းရုံသက်သက် မေးမြန်းခြင်းသည်းခံပါရန်။)

**ဆက်သွယ်ရန်ဖုန်း ၀၉-၇၆၂၉၈၉၆၀၉၊ ၀၉-၇၉၇၄၄၉၂၂၉ (viber)**

HITACHI

Thingyan Promotion

20% off
Clearance Sale Up To

25th March to 15th May 2018
All Items Free Gift, Speical Discount and Many More . . .



SHOWROOM ADDRESS :
အရောင်းပြခန်း (၁) - SA-7 အောင်ဇေယျအိမ်ယာ ၊ အလုံလမ်း နှင့် ကမ်းနားလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၃၀၁၂၆၇ ၊ ၀၉-၄၃၁၅၃၄၂၃
အရောင်းပြခန်း (၂) - ၃၂၂ ၊ မဟာဝန္ဓုလပန်းခြံလမ်း (ဘားလမ်းအပေါ်) ၊ ကျောက်တံတားမြို့နယ် ၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၃၀၀၈၈၀၀၊ ၀၉-၇၈၅၇၅၇၇၃၃၉
အရောင်းပြခန်း (၃) - No 192, Room 23, ဒုတိယထပ်၊ Life Square ၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၇၉၀၉၈၈၈၉၁
အရောင်းပြခန်း (၄) - G-6 မြေညီထပ်၊ Sinma Living Mall သီရိရတနာလမ်း ၊ စီးပွားရေးဇုံ ၊ ဥတ္တရသီရိမြို့နယ် ၊ နေပြည်တော်မြို့။ ဖုန်း ၀၉-၉၇၇၉၃၁၉၃၇
အရောင်းပြခန်း (၅) - No.G-29/ 30/ 31, ၈၂ လမ်း၊ ၂၆လမ်း နှင့် ၂၇လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၂-၆၄၆၅၈ ၊ ၀၉-၄၂၁၀၅၀၃၇၉
အရောင်းပြခန်း (၆) - No.195, ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အင်းဝဘဏ် နှင့် CB ဘဏ် ကြား၊ လမ်းမတော်မြို့နယ်၊ တောင်ကြီးမြို့။ ဖုန်း ၀၉-၇၆၂၉၃၈၄၇၃

17th SINCE 2010
YANGON INTERNATIONAL LIFESTYLE FURNITURE FAIR
YLFF
၂၀၁၈-ဧပြီလ (၂၆ ) ရက်နေ့ မှ ( ၃၀) ရက်နေ့ အထိ ( ၅ )ရက်တိုင်တိုင် ကျင်းပသွားပါမည်

နှစ်သစ်ကူး အထူး ပရိဘောဂပြပွဲကြီး
LUCKY DRAW

Platinum Sponsored by
Casabella Luxury Home Furnishing Centre
Presented by NatRay Co.,Ltd.

တပ်မတော်ခန်းမ



Gold Sponsored by
SWEETY HOME
INHOUSE
NEWLOOK
NEW WORLD MART

စုစုပေါင်း ကျပ် (၁၀) သိန်းဖိုး ဝယ်ယူသူတိုင်း ကံစမ်းမဲတစ်စောင် ရရှိနိုင်မည့်အခွင့်အရေး
Organized by : Thousand Islands Business Group



MDIS Management Development Institute of Singapore
YIUS | Since 2005 Yangon Institute for University Studies

"ပညာရေးဆွေးနွေးပွဲ"

Get a Bachelor's degree from UK / USA within 2 to 3 years
Study in Singapore with MDIS

Date : 28. 4. 2018 (Saturday)
Time : 2:00pm to 5:00pm
Place : Meliá Hotel (Function Room 6)
(Myanmar Plaza အနီး)

01- 652 311, 652 297, 09- 26 222 5151

Think Success. Think MDIS. (+65) 6796 7060 ib@mdis.edu.sg www.mdis.edu.sg

MDIS Management Development Institute of Singapore
Where lifelong learning begins

"ထူးချွန် ပြောင်မြောက်သူတို့၏ အောင်မြေအမွန်"
ဂုဏ်ထူးဦးသိန်းနိုင် ကိုယ်ပိုင်အထက်တန်းကျောင်း
(KG မှ တက္ကသိုလ်ဝင်တန်းအထိ)
ပညာရေး အဆင့်မြင့် ဘော်ဒါ နှင့် နေ့တက် ဘော်ဒါ
"ရွှေပင်နားမှ ရွှေကျေး"



"အတုမရှိ၊ အတူမရှိ ပညာရေးအင်အား"
- ဂုဏ်ထူးဦးသိန်းနိုင်
- ဆရာနေအုပ်(စိန်ပေါလ်)
- ဂုဏ်ထူးဦးအောင်ခိုင်
- ဒေါက်တာညီညီ(Ph.D)
- ပါမောက္ခ ဒေါက်တာထွန်းခင်
- ဆရာမကြီး ဒေါ်ဆွေညွန့်လွင်
- ဆရာ ဇော်လင်းအောင်
- ဒေါက်တာ ဇီဝ (Dr. ညီညီနိုင်)
- စိုင်းစိန်မြင့်အောင်

အထွေထွေအုပ်ချုပ်ရေးမှူး
ဆရာမကြီး ဒေါ်ကြည်ကြည်တင်
M.Sc.(Final)

ဒီကျောင်းကိုမှ
တကူးတကန့် ရွေးတက်ကြတာ
ဒီဆရာတွေ အပြောင်းအလဲ မရှိ
နှစ်စ နှစ်ဆုံး သင်နေကြလို့ပါပဲ။

ကျောင်းလိပ်စာ
ခြံအမှတ် ၂၀ (A)+၂၀ (B)၊ဝေဇယန္တာလမ်းမကြီး၊ ဗုဒ္ဓစိုက်တဲအိမ်ရာ၊ (ORANGE SUPER MART ညာဖက်)
သင်္ဃန်းကျွန်းမြို့နယ်၊ ဖုန်း ၀၁ ၅၇၀၀၂၂၊ ၀၉ ၄၀၀၄၅၂၄၁၉၊ ၀၉၄၂၀၁၃၀၇၂၇၊ ၀၉ ၉၆၇၇၆၇၅၁၉

"အထူးသတင်း"
ဝေဇယန္တာ လမ်းမကြီးတလျှောက်
Air-Con YBS(၉၃)ကားကြီးတွေ
ပြေးဆွဲနေပြီ။ သတင်းထူးပါပဲ။
အစစ အလွန် အဆင်ပြေလှပါတယ်။

နေ့တက် ဘော်ဒါကျောင်းသား
လူဦးရေ ကန့်သတ် ထားသည်၊
လူပြည့်တော့မည်။

အမြန် အလိုရှိသည်။
တစ်ဘာသာခြင်း ထူးချွန်သော ဝါရင့် GUIDEများနှင့်
အမျိုးသား၊ အဆောင်မှူး ဆရာများ
အမြန် အလိုရှိသည်။

မေ ၃၀ ရက် ဖွင့်ပြီ

WSD Group နှင့်အတူ မြန်မာနိုင်ငံသူ၊နိုင်ငံသားများအားလုံး နှစ်သစ်နှင့်အတူ ရွှင်လန်းချမ်းမြေ့ကြပါစေ။

အောင်နိုင်သူ မဟာစိန် ကုမ္ပဏီလီမိတက်
W.S.D Group
Winner Super Diamond Pile Co., Ltd.



# W.S.D Pile

Licence No.PL-12
လူကြီးမင်းတို့၏ အဆောက်အဦးများနှင့် စက်ရုံများတွင်
ပိုင်ရိုက်ခြင်း၊Bored Pile,လုပ်ငန်းများ ဆောင်ရွက်လိုပါက
ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။



Add: အမှတ်(၅၆)၊ မြေညီထပ်၊၄၄လမ်း၊ ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
Ph : 01-381964, 09-73131288, 09-73150482, 09-250499988
Off : Ph- 09-250 288811, Email: wsdmyanmar@gmail.com

Add: အမှတ်(ဘီ-၁၀)၊(၃၃)လမ်း၊(၈၁-၈၂)လမ်းကြား၊မန္တလေး။
Ph: 09-265820507

PUN HLAING SILOAM HOSPITALS
မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု အစီအစဉ်
Only JCIA Hospital In Myanmar

ခွဲစိတ်ရန်လိုအပ်သော အမျိုးသမီးများ၏ မီးယပ်ရောဂါများအတွက် အတွေ့အကြုံများစွာရှိသော
မလေးရှားနိုင်ငံမှ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ကိုယ်တိုင်
မှန်ပြောင်းအသုံးပြု၍ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်၊



သင့်ရဲ့မီးယပ်ဆိုင်ရာ ရောဂါများကို
ခွဲစိတ်ဖို့ စိုးရိမ်ပူပန် နေပါသလား ?

ဧပြီလ (၂၉) ရက် မှ မေလ (၁) ရက်

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ ၃၆၈ ၃၀၁၅၊ ၃၆၈ ၃၀၆၀၊ (၀၉) ၄၂၀၀၄၂၆၇၉
facebook Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com

YIUS | Since 2005
Yangon Institute for University Studies

B.H.M.S. INFORMATION DAY
Study and Get Work Experience in Switzerland



# လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီး အပြီးသတ်ငြိမ်းသတ်ရန် တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်



**ရန်ကုန် မေ ၂၅**

လှိုင်သာယာမြို့နယ်အတွင်းရှိ ထိန်ပင်အမှိုက်ပုံ မီးလောင်နေမှုကို အပြီးသတ်ငြိမ်းသတ်နိုင်ရန် တာဝန်ရှိသူများ ပူးပေါင်းကာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဝင်းက "ရန်ကုန်တိုင်းဒေသကြီး လက်ရှိငြိမ်းသတ်မှုအခြေအနေကတော့ အပြီးသတ်အပိုင်းရောက်နေပါပြီ။ တကယ်မီးလောင်နေတဲ့ အနေအထားကတော့ ပြီးသွားပါပြီ။ အမှိုက်ပုံ အမြင့် ၁၀၊ ၁၅ ပေရှိတဲ့နေရာမှာ အပေါ်ပိုင်း မီးတောက်တွေကတော့ ပြတ်သွားပါပြီ။ အောက်ပိုင်းမှာလှိုက်ပြီးလောင်နေတဲ့ မီးကြွင်းမီးကျန်တွေနဲ့ မီးခိုးတွေပဲကျန်တော့တာပါ။ အဲဒါတွေကို ဆက်လက်ပြီး အပြီးသတ်ငြိမ်းသတ်နေတာဖြစ်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "မီးငြိမ်းသတ်မှု အပိုင်းအနေနဲ့တော့ အမှိုက်ပုံတွေအပေါ်ကို တက်ပြီး ငြိမ်းရတာဖြစ်တဲ့အတွက် ကာဗွန်မိုနောက်ဆိုက်တွေရဲ့ အန္တရာယ်တွေအပြင် အမှိုက်ပုံအတွင်းထဲမှာ လှိုက်ပြီးလောင်နေတာတွေရှိတဲ့အတွက် တပ်ဖွဲ့ဝင်တွေအတွက် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**

## ဆောင်းခိုငှက်မျိုးစိတ်သစ်ဖြစ်လာမည့် ဒေါင်းလန်းခြေထောက်ငှက် ခြောက်ကောင် တွေ့ရှိ

**နေပြည်တော် မေ ၂၅**

မြန်မာနိုင်ငံအတွက် ဆောင်းခိုငှက်မျိုးစိတ်အသစ်ဖြစ်လာမည့် ဒေါင်းလန်းခြေထောက်ငှက်မျိုးစိတ်ကို နှစ်နှစ်အတွင်း ခြောက်ကောင်တွေ့ရှိ မှတ်တမ်းတင်ထားနိုင်ခဲ့သည်။

"ဒီငှက်က မြန်မာနိုင်ငံကို ဆောင်းခိုငှက်အနေနဲ့ ရောက်လေ့ရောက်ထမရှိတဲ့ ဆောင်းခိုငှက်မျိုးစိတ်သစ်ပါ။ မနှစ်က အင်းလေးကန်မှာ ပထမဆုံးအကြိမ်အနေနဲ့ မှတ်တမ်းရတယ်။ ဒုတိယအကြိမ်အနေနဲ့ မနှစ်ကပဲ တောင်သမန်အင်းမှာ တွေ့တယ်။ ဒီနှစ်ထဲမှာတော့ တောင်သမန်အင်းမှာ တတိယအကြိမ် ထပ်တွေ့ပြန်တယ်။ အခု မိုးယွန်းကြီးအင်းမှာ တွေ့တာနဲ့ဆို နှစ်နှစ်တာကာလအတွင်း စတုတ္ထအကြိမ်မြောက် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တာဆိုတော့ လာမယ့်နှစ်ဆောင်းရာသီမှာ ထပ်တွေ့မယ်ဆိုရင် ဆောင်းခိုငှက်မျိုးစိတ်အဖြစ် အတည်ပြုနိုင်မှာပါ"ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့(မြန်မာနိုင်ငံအစီအစဉ်)မှ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❂**



## အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲ မြန်မာအသင်း ယှဉ်ပြိုင်မည်

**ရန်ကုန် မေ ၂၅**

အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ မေ ၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲကို မြန်မာအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်း ယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် အသင်းကိုးသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က)တွင် ဗီယက်နမ်၊ မြန်မာ၊ ဖိလစ်ပိုင်၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု (ခ)တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ လာအိုနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်နေသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၁ ရက်တွင် ဗီယက်နမ်၊ မေ ၅ ရက်တွင် မလေးရှား၊ မေ ၇ ရက်တွင် စင်ကာပူ၊ မေ ၉ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များမှာ မေ ၉ ရက်တွင် ပြီးဆုံးမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများကို မေ ၁၁ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို မေ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဒေါက်တာအောင်ကျော်ဦး၊ နည်းပြချုပ်-ဒေါ်စန်းစန်းသိန်း၊ နည်းစနစ်အကြံပေး-ဒေါ်သက်သက်ဝင်း၊ လက်ထောက်နည်းပြ-ဒေါ်နွယ်နွယ်တိုး၊ ဂိုးနည်းပြ-ဒေါ်မေခင်ယမင်း၊ ဂိုး-ပိုးဦ၊ စိမ်းလဲ့လဲ့ဦး၊ ခင်မြတ်နိုး၊ နောက်တန်း-မေသက်မွန်မြင့်၊ ပိုးပိုးဇင်ဇော်၊ မိုးစက်ခ၊ ဝင်းဝင်းလဲ့၊ နော်လာအိဝါ၊ ခိုင်သဇင်ဦး၊ အလယ်တန်း-ပုံ့ပုံ့ပြည့်မောင်၊ ဇင်မာထွေး၊ ဝေဖူးအိမ်၊ ဖြူဖြူဝင်း၊ မေသွေးကို၊ မေသူခိုင်၊ ကေကေဝင်းဝင်း၊ ဆောင်းနှင်းဖွေး၊ ရှေ့တန်း-မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်၊ ဂျူလိုင်ချာ၊ ထက်ထက်ဝင်းတို့ ပါဝင်နေသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်**


မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း လေ့ကျင့်နေစဉ်။



ကြေးမုံ
အထူးကဏ္ဍ
မေ ၂၆၊ ၂၀၁၈ (ကြာသပတေးနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကျရာအခန်းကဏ္ဍ၌

# အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် တပ်မတော်

**လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ သန္ဓေတည်ပေါ်ပေါက်လာခဲ့သည့် မြန်မာ့တပ်မတော်သည် ခေတ်အဆက်ဆက်တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ဦးလည်မသုန် စွမ်းစွမ်းတမံ ကြိုးပမ်းထမ်းရွက်ခဲ့သည့်နည်းတူ လက်ရှိအစိုးရလက်ထက်တွင်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍ၌ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပြည်သူကို အပြည့်အဝကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသည့် ခေတ်မီမျိုးချစ်တပ်မတော်တစ်ရပ်ဖြစ်ရေးကို အစဉ်အမြဲကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

### အမြင်ချင်းဖလှယ်

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတနိုင်ငံ ကလာ့ခ်မြို့တွင် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့သော (၁၁)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (11th ADMM)၊ (၄)ကြိမ်မြောက် အာဆီယံ-အပေါင်း ကာကွယ်ရေးဝန်ကြီးများအစည်းအဝေး (4th ADMM-Plus) နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် နိုင်ငံတကာနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးများကို အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ပါသည်။

အလားတူ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်မှ ၇ ရက်အထိ စင်ကာပူသမ္မတနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သော အာဆီယံကာကွယ်ရေးဝန်ကြီးများ သီးသန့်အစည်းအဝေး (ADMM Retreat)နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့် ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးကို ခြိမ်းခြောက်လျက်ရှိသော အကြမ်းဖက်ဝါဒ ပျံ့နှံ့လာမှုနှင့်စပ်လျဉ်း၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပါသည်။



**ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း**


### စဉ်ဆက်မပြတ်ကူညီ

မြန်မာ့တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၇) ပုဒ်မ-၃၄၁ ၌ နိုင်ငံတော်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ဘေးအန္တရာယ်များကျရောက်လာလျှင် တပ်မတော်က ကူညီဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာသည့်အခါ ဆုံးရှုံးမှုများလျော့နည်းစေရေးအတွက် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ကူညီဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဘာဝဘေးအန္တရာယ်ဖြစ်ပွားသည်နှင့် အမိန့်တစ်စုံတစ်ရာစောင့်ဆိုင်းခြင်းမပြုဘဲ အလျင်မြန်ဆုံး သွားရောက်ကူညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် နိုင်ငံတကာတပ်မတော်များနည်းတူ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာမည့် သဘာဝဘေးအန္တရာယ်များ အပါအဝင် ဘေးအန္တရာယ်အမျိုးမျိုးကို အချိန်တိုအတွင်း တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းရှိအောင် အမြဲတမ်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အလေးအနက်ညွှန်ကြားထားရှိပြီး ဖြစ်ပါသည်။

### ထောက်ပံ့ပေးနိုင်

နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်းဖြစ်ပွားခဲ့သည့် မီးလောင်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်းနှင့် ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်သည့်အချိန်တိုင်းတွင် တပ်မတော်မှ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တပ်မတော်မိသားစုဝင်များကလည်း ငွေကြေး၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ပါသည်။ ဆောင်ရွက်ပေးခဲ့မှုများမှာ တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတွင် မီးလောင်ကျွမ်းမှုများဖြစ်ပွားခဲ့ရာ တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၁၈၅ စုကို ကူညီရွှေ့ပြောင်းပေးခြင်းနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၇၈ သိန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ယခုချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် ဖြစ်ပွားခဲ့သည့် မီးဘေးသင့် ပြည်သူများကို တပ်မတော်မှ လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စု ၇၆၅ စုကို ကူညီရွှေ့ပြောင်းပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတွင် လေပြင်းတိုက်ခတ်မှုကြောင့် စေတီပုထိုးများနှင့် နေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့၍ ဘုရားစေတီ ခြောက်ဆူ၊ ဘုန်းကြီးကျောင်း ၃၆ ကျောင်း၊ အိမ်ခြေ ၇၁၄ လုံး၊ စာသင်ကျောင်း ၃၆ ကျောင်း၊ ဆေးရုံ သုံးရုံတို့ကို ရှင်းလင်းပြုပြင်ပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး တပ်မတော်ပိုင်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကုန်တန်ချိန်



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က မီးဖွားလူနာတစ်ဦးအား ခွဲစိတ်မီးဖွားပေးစဉ်။

အထူးကဏ္ဍ [ ခ ] သို့ »»

»»» အထူးကဏ္ဍ [ က ] မှ

၁၉ ဒသမ ၅၀ တန်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ယခုချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုတွင် လေဘေးသင့်ခဲ့ရာ တပ်မတော်က ပျက်စီးဆုံးရှုံးခဲ့သည့် ဘုရားစေတီအဆူ ၉၅၀၊ ဘုန်းတော်ကြီးကျောင်း ၉၄ ကျောင်း၊ အိမ်ခြေ ၅၄၀၁ လုံး၊ စာသင်ကျောင်း ၁၀၀၊ ဆေးရုံ ရှစ်ရုံတို့ကို ရှင်းလင်းပြုပြင်ပေးခြင်း၊ တပ်မတော်ပိုင်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကုန်တန်ချိန် ၁၉ ဒသမ ၅၀ တန်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးငွေကျပ် ၁၅၂ သန်းကျော် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေကြီးမှုများဖြစ်ပွားခဲ့ရာ တပ်မတော်က အိမ်ထောင်စု ၄၀၇၄ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၈ သန်းကျော် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှ ယခုချိန်အထိ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုတွင် ရေဘေးသင့် အိမ်ထောင်စု ၁၁၈၅၁ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ တပ်မတော်ပိုင်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကုန်တန်ချိန် ၁၂၇ တန်၊ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၁၃၇ သန်းကျော် ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

### လှူဒါန်းခဲ့ပြီးဖြစ်

၂၀၁၆ ခုနှစ် ဩဂုတ်လ၌ ဖြစ်ပွားခဲ့သော ပုဂံငလျင်တွင် ပျက်စီးသွားသော စေတီပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက ၂၀၁၇ ခုနှစ် ဧပြီလတွင် ဒုတိယအကြိမ် အလှူငွေကျပ် ၉၄ သန်းကျော် ပေးအပ်လှူဒါန်းနိုင်ခဲ့ပြီး ယခုအချိန်ထိ စုစုပေါင်း အလှူငွေကျပ် ၈၉၂ သန်းကျော် လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။

ထို့ပြင် မြန်မာ့တပ်မတော်(ရေ)မှ ပင်လယ်ပြင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွင် စစ်ရေယာဉ် ခြောက်စင်းဖြင့် သဘာဝဘေးအန္တရာယ်ကြုံတွေ့ခဲ့ရသူ ၄၂ ဦးကို ကယ်ဆယ်မှုပြုလုပ်နိုင်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှု အကူအညီများအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုရာ)ဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် တပ်မတော်(ရေ)မှ စစ်ရေယာဉ် နှစ်စင်းဖြင့် ကုန်ပစ္စည်းတန်ချိန် ၁၆၅ ဒသမ ၆၄၆ တန်ကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁) နှစ်တာကာလအတွင်း သဘာဝဘေးအန္တရာယ်ကျရောက်စဉ် တပ်မတော်က ကူညီကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးဆောင်ရွက်ခဲ့ရာတွင် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၉ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း အာဆီယံကာကွယ်ရေးဝန်ကြီးများနှင့်အတူ (၁၁)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး($11^{th}$ ADMM)တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

မြန်မာ့တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် အရည်အချင်းပြည့်ဝသည့် တပ်သားသစ်များ ပိုမိုစုဆောင်းရရှိရေးဆောင်ရွက်လျက်ရှိရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းနိုင်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (United Nation Country Task Force on Monitoring and Reporting-UNCTFMR)တို့ကြား သဘောတူညီမှုစာချုပ်ဖြစ်သည့် အရွယ်မရောက်သေးသူ ကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစီမံချက်အရ ပူးတွဲဆောင်ရွက်ချက်များလုပ်ဆောင်လျက်ရှိပါသည်။

**မြန်မာ့တပ်မတော်သည် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် အရည်အချင်းပြည့်ဝသည့် တပ်သားသစ်များ ပိုမိုစုဆောင်းရရှိရေးဆောင်ရွက်လျက်ရှိရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များစစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းနိုင်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိ**

### ပြင်ဆင်ဖွဲ့စည်းခဲ့

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် နိုင်ငံတော်သမ္မတရုံး၏ ၁၁-၅-၂၀၁၆ ရက်စွဲပါ စာအမှတ်၊ ၁၁၂/၂/၈/ သမ္မတရုံးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂ မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့(UNCTFMR)တို့ပူးပေါင်း၍ အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်-

(က) တွေ့ဆုံဆွေးနွေးမှုများအနေဖြင့် ကာကွယ်ရေးဝန်ကြီးရုံးတွင် သုံးကြိမ် ပြုလုပ်နိုင်ခဲ့မှုအပါအဝင် စုစုပေါင်း တွေ့ဆုံဆွေးနွေးမှု ၄၉ ကြိမ် ပြုလုပ်နိုင်ခဲ့ပါသည်။

(ခ) Monitoring Visit အနေဖြင့် ခြေလျင်/ခြေမြန်တပ်ရင်း သုံးရင်း၊ လက်ရုံး/ဝန်ထမ်း ၁၅ တပ်၊ စုစုပေါင်း တပ်ရင်း/တပ်ဖွဲ့ ၁၈ တပ်ကို သွားရောက်ခဲ့မှုအပါအဝင် စုစုပေါင်း တပ်ရင်း/တပ်ဖွဲ့ ၈၅ တပ်ကို သွားရောက်နိုင်ခဲ့ပြီး တပ်မတော်မှ အကြီးတန်းဆက်ဆံရေးအရာရှိတစ်ဦး လိုက်ပါဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(ဂ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်ကုလသမဂ္ဂ မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့(UNCTFMR)တို့ ပူးပေါင်းပြီး တပ်မတော်သို့ဝင်ရောက်စဉ် အသက် ၁၈ နှစ်ပြည့်မြောက်ခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိသည့် စစ်သည် ၆၇ ဦးကို ၂၃-၆-၂၀၁၇ ရက်တွင် တပ်မတော်မှ လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ယခုအချိန်အထိ မိဘ/အုပ်ထိန်းသူများထံ တရားဝင် လွှဲပြောင်းပေးအပ်ခဲ့သည့် စစ်သည်အရေအတွက်မှာ ၈၇၇ ဦးရှိပြီး ဖြစ်ပါသည်။

(ဃ) အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ဆင့်ပွားသင်တန်းများအား တိုင်းစစ်ဌာနချုပ်များအစီအစဉ်ဖြင့် နှစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ အရာရှိ ၆၂၂၁ ဦး၊ အခြားအဆင့် ၂၃၃၅၉ ဦး စုစုပေါင်း ၂၉၅၈၀ တို့အား သင်တန်းပေးနိုင်ခဲ့ပါသည်။ တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ် မပြည့်သေးသည့် စစ်သည်များကို နည်းလမ်းမမှန်ဘဲ မှားယွင်းစွာစုဆောင်းခဲ့သည့် အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၁၇ ဦး စုစုပေါင်း ၂၇ ဦးကို စစ်စည်းကမ်းအရ အရေးယူဆောင်ရွက်နိုင်ခဲ့မှုအပါအဝင် ယခုအချိန်အထိ အရာရှိ ၁၈ ဦး၊ အခြားအဆင့် ၂၉ ဦး စုစုပေါင်း ၄၇ ဦးကို အရေးယူဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

(င) တပ်မတော်သို့ ဝင်ရောက်စဉ် အသက် ၁၈ နှစ်မပြည့်သေးသူများ မပါရှိစေရေးအတွက် အရိုးဓာတ်မှန်ရိုက်ခြင်းနှင့် အသက်အရွယ်ပိုင်းခြားသည့်စနစ်ကို အသုံး

အထူးကဏ္ဍ [ ဂ ] သို့ »»»


အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ရန်ကုန်-အမ်း-စစ်တွေသွားကားလမ်း မိုင်တိုင် ၂၈ အနီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းပခုံးမြေသားပြိုကျပြီး လမ်းကြောင်းပိတ်ဆို့နေမှုကို ရှင်းလင်းဖယ်ရှားပေးစဉ်။


ဆိုင်ကလုန်းမုန်တိုင်း(မိုရာ)ကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့ လေဘေးကူညီကယ်ဆယ်ရေးအတွက် တပ်မတော်(လေ)မှ Y-8 လေယာဉ်ဖြင့် ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ပြုကာ တပ်သားလောင်း ၂၀၉၇ ဦးကို စစ်ဆေးပေးနိုင်ခဲ့ပါသည်။ ယခုအချိန်အထိ အရိုးဓာတ်မှန်ရိုက်ခြင်းနှင့် အသက်အရွယ်ပိုင်းခြားသည့်စနစ်ကို အသုံးပြု၍ တပ်သားလောင်း ၄၃၁၅ ဦးကို စစ်ဆေးပေးခဲ့ပြီးဖြစ်ပါသည်။

မြန်မာ့တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် ကုလသမဂ္ဂ မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (UNCTFMR)နှင့်ပူးပေါင်းပြီး လုပ်ငန်းစီမံချက်စာချုပ်ပါအတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (CTFMR) မှ National Campaign Materials တစ်ရပ် နောက်တစ်ကြိမ်ဆောင်ရွက်နိုင်ရေးအဆိုပြုလာခြင်းကို ခွင့်ပြုပေးခဲ့ပြီး ၂၀၁၇ ခုနှစ် မေ ၉ ရက်မှစပြီး နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ ထုတ်လွှင့်ပေးခြင်း၊ သတင်းစာများတွင် ပညာပေးကြော်ငြာထည့်သွင်းခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် မှားယွင်းစွာ စုဆောင်းခဲ့ရသူများ စစ်မှုထမ်းဆောင်နေခြင်း လုံးဝမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိပြီး မြန်မာ့တပ်မတော်ကို ကလေးစစ်သား အသုံးပြုသည့်စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေး မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့ (CTFMR)နှင့် အပြည့်အဝ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်**

မြန်မာ့တပ်မတော်သည် တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်ကြီး သုံးရပ်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို အစဉ်အမြဲသယ်ပိုးထမ်းရွက်လျက်ရှိရာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကိုလည်း အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်နိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အခမဲ့ကျန်းမာရေးဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသော်လည်း ဝေးလံခေါင်းပါး၍ ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိသော ကျေးလက်ဒေသများသို့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့်




ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း ပထမအကြိမ်အာဆီယံစစ်ဘက်ဆေးပညာညီလာခံဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။



ရခိုင်ပြည်နယ်အတွင်း တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် ဒေသခံပြည်သူများအား တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးစဉ်။

အထူးဆေးကုသမှုအဖွဲ့များ စေလွှတ်၍လည်းကောင်း၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များ အစီအစဉ်ဖြင့်လည်းကောင်း ဒေသခံပြည်သူလူထုများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်အတွင်း ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်ပေးနိုင်သည့် အကြိမ်အရေအတွက် ၁၂၇၇ ကြိမ်၊ ဆေးဝါးကုသမှုခံယူသည့် ဒေသခံပြည်သူ ၅၃၅၄၇၀ ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ ၃၃၆၃ ဦးကို တပ်မတော်ဆေးရုံများသို့ ပြောင်းရွှေ့တက်ရောက် ဆေးကုသစေခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ ရွှေ့လျားခွဲစိတ်ယာဉ်၊ ဓာတ်ခွဲယာဉ်နှင့် ဓာတ်မှန်ရိုက်ယာဉ်များ ပါဝင်သည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့များ၊ တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)၊ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်ပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး**

ရွှေ့လျားခွဲစိတ်၊ ဓာတ်ခွဲနှင့် ဓာတ်မှန်ရိုက်ယာဉ်များဖြင့် ပြည်သူလူထုအတွင်း အဖြစ်များသည့် တီဘီရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ကင်ဆာရောဂါ၊ နာတာရှည်အဆစ်ရောင်ရောဂါ၊ ထိခိုက်အရိုးကျိုးဒဏ်ရာများနှင့် ရင်သားကင်ဆာရောဂါများကိုလည်း ရှာဖွေဖော်ထုတ်ကုသပေးခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်း၊ အသေးစားခွဲစိတ်ကုသမှုများ၊ အကြီးစားခွဲစိတ်ကုသမှုများ၊ အရေးပေါ်ခွဲစိတ်ကုသမှုများနှင့် မျက်စိခွဲကုသမှုများ ပြုလုပ်ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု နှစ်ကြိမ်၊ အထွေထွေရောဂါ၊ ခွဲစိတ်မှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွား၊ မီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၁၇၂၁၀ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

မြို့ရွာနှင့်အလှမ်းဝေးကာ လမ်းပန်းဆက်သွယ်မှုခက်ခဲပြီး ကျန်းမာရေးဝန်ထမ်းများ လက်လှမ်းမမီသည့် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူများထံသို့ တပ်မတော်မှ အထူးကုပါရဂူကြီးများ၊ ဆေးမှူးများ၊ သူနာပြု(အရာရှိ)များ လိုက်ပါပြီး CT Scan Room၊ Minor Eye Operation Room၊ Minor Operation Theatre၊ အထူးကြပ်မတ်ကုသဆောင်၊ ECG နှင့် နှလုံးရောဂါ ရှာဖွေစစ်ဆေးသည့် Echo စက်၊ တယ်လီဗေးရှင်းဓာတ်မှန်ရိုက်စက်၊ သွေးအတွင်းရောဂါရှာဖွေရေးစက်များ၊ မျက်စိ၊ နား၊ နှာခေါင်း စမ်းသပ်စက်များနှင့် သားဖွား၊ မီးယပ်လူနာများကို ကုသပေးနိုင်သည့် သားဖွားခန်းတစ်ခန်းပါရှိပြီး ၂၅ ခုတင်ဆံ့ အဆင့်မြင့်ဆေးရုံတစ်ရုံနှင့် ညီမျှသည့် တပ်မတော် ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၇ ခုနှစ် မတ် ၂၉ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အတွင်း ရန်ကုန်မှ ကိုကိုးကျွန်း၊ ဟိုင်းကြီးကျွန်းမြို့နယ်တို့သို့ သွားရောက်ကြည့်ရှုကုသပေးနိုင်ခဲ့ပါသည်။ အထွေထွေရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၁၆၃၁၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကိုလည်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဧပြီ ၂၄ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၁၀ ရက်အထိ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာ ရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် တိုင်းရင်းသားပြည်သူ ၁၁၄၃၁ ဦးကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အလားတူ မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ဖြင့် ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ ရန်ကုန်မှ လပွတ္တာမြို့နှင့် မအူပင်မြို့တို့သို့ သွားရောက်ကာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်သူလူထု စုစုပေါင်း ၁၈၆၇၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ခဲ့ပြီး ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကိုလည်း ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်းတွင် အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့ပါသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



ဒေသခံပြည်သူများအား ရွှေ့လျားခွဲစိတ်ကုသယာဉ်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် တာဝန်ရှိသူများ၊ တပ်မတော်တွင်းမှ ပြန်လည်နုတ်ထွက်ခွင့်ပြုသည့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**မျက်မှောက်ကာလ ဘက်စုံစစ်ပွဲ ဆင်နွှဲနေသော အချိန်တွင် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်ထမ်းဆောင်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့ လက်တွဲ၍ ပြည်သူ့စစ် မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည် ဖော်ရမည်**

»» အထူးကဏ္ဍ [ ၁ ] မှ

ချင်းပြည်နယ်နှင့် နာဂဒေသရှိ မြို့နယ် ၂၂ မြို့နယ်တွင် တပ်မတော်မှ ပါရဂူ/ဆေးမှူး အရာရှိများဖြင့် ဆေးကုသမှုလုပ်ငန်းများနှင့် ကျန်းမာရေးမြှင့်တင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျောင်းသားလူငယ်များ၏ အတန်းပညာသင်ကြားရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးလိုအပ်ချက်များကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့များ၏ သုံးနှစ်တာသက်တမ်း ပူးတွဲဥက္ကဋ္ဌတာဝန်ကို တပ်မတော်ဆေးတပ်ဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံ ဆေးတပ်ဖွဲ့တို့က တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအပေါင်း တပ်မတော်ဆေးဘက်ဆိုင်ရာ လုပ်ငန်းကျွမ်းကျင်အဖွဲ့က ပထမအကြိမ် အာဆီယံစစ်ဘက်ဆေးပညာညီလာခံ (1st ASEAN Military Medicine Conference -1st AMMC) ကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ Melia ဟိုတယ်၌ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပါသည်။

### လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေး

မြန်မာ့တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်နိုင်စွမ်းရှိသော တိုက်စွမ်းရည်၊ တိုက်စွမ်းအားရှိသည့်တပ်များဖြစ်အောင် Standard Army အဖြစ် တည်ဆောက်ရာတွင် တပ်မတော်သားတိုင်း စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်ပြည့်စုံမှုသည် အဓိကကျသော အခန်းကဏ္ဍတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်သားတိုင်း စွမ်းရည် သုံးရပ် ပြည့်စုံနိုင်ရေးအတွက် တပ်မတော်လေ့ကျင့်ရေးတပ်၊ ကျောင်း၊ သိပ္ပံနှင့် တက္ကသိုလ်များတွင် လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် အိန္ဒိယတပ်မတော် Mobile Training Team ဖြင့် မြန်မာ့တပ်မတော်မှ အရာရှိ/အခြားအဆင့်များအား ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဘာသာရပ်ကို စာတွေ့/လက်တွေ့ ပို့ချပေးလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း အထူးသဖြင့် အမျိုးသမီးစစ်မှုထမ်းကဏ္ဍဖွံ့ဖြိုးစေရန် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်း နှစ်ကြိမ်၊ ဆေးပညာဘွဲ့ရဆရာဝန်(အမျိုးသမီး)နှင့် သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရဆရာဝန် (အမျိုးသမီး) သင်တန်း နှစ်ကြိမ်၊ အထူးတာဝန်တပ်ဖွဲ့ (အမျိုးသမီး) မွမ်းမံသင်တန်း တစ်ကြိမ်တို့ကို အသီးသီးဖွင့်လှစ်သင်ကြားခဲ့ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံများရှိ တက္ကသိုလ်များသို့စေလွှတ်၍ မဟာဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများသို့ တက်ရောက်စေလျက်ရှိပါသည်။ ယခုအချိန်တွင် မြန်မာ့တပ်မတော်မှ အရာရှိများကို တောင်ဆူဒန်နိုင်ငံနှင့် လိုက်ဘေးရီးယားနိုင်ငံများရှိ ကုလသမဂ္ဂ ငြိမ်းချမ်းမှုထိန်းသိမ်းရေးမစ်ရှင်သို့ သွားရောက်တာဝန်ထမ်းဆောင်စေလျက်ရှိပါသည်။ မျက်မှောက်ကာလ ဘက်စုံစစ်ပွဲဆင်နွှဲနေသောအချိန်တွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့လက်တွဲ၍ ပြည်သူ့စစ်မဟာဗျူဟာကို ထိရောက်စွာ အကောင်အထည်ဖော်ရမည်ဖြစ်ပါသည်။ ယနေ့ခေတ် လုံခြုံရေးသည် စစ်မှုရေးရာတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် အားလုံး ပတ်သက်ဆက်နွှယ်နေကြောင်း ကမ္ဘာ့နိုင်ငံများမှ ဖြစ်စဉ်ဖြစ်ရပ်များအရ နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့ဘဝလုံခြုံရေးအတွက် ပြည်သူများကိုယ်တိုင် ပူးပေါင်းပါဝင်မှုလိုအပ်ကြောင်း ဖော်ပြနေပါသည်။ ထို့ကြောင့် တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် လေ့ကျင့်ရေးသင်တန်းများ ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်မှုအခြေအနေများကို ဖော်ပြအပ်ပါသည်။



တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စခန်းချလေ့ကျင့်ရေးပြုလုပ်စဉ်။

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိစေရန်နှင့် နိုင်ငံတော်တွင် အရေးပေါ်အခြေအနေကြုံတွေ့လာပါက လေ့ကျင့်သားပြည့်ဝသည့် အရန်အင်အားစုတစ်ခု တည်ဆောက်ထားရှိပြီးဖြစ်ရန် တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ခုနှစ် တက္ကသိုလ်ပညာသင်နှစ်တွင် ၁၃-၂-၂၀၁၈ ရက်မှ ၂၉-၈-၂၀၁၈ ရက်အထိ အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၁၈၉၅ ဦး၊ အမှတ်(၂)တက္ကသိုလ် လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၁၀၂၈ ဦး၊ အမှတ်(၃) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၃၉၄ ဦး၊ အမှတ်(၄) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၆၀၈ ဦးနှင့်အမှတ်(၆) တက္ကသိုလ်လေ့ကျင့်ရေးတပ်တွင် တပ်ဖွဲ့ဝင် ၃၄၅ ဦး စုစုပေါင်း ၄၂၇၀ ဦး လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ သက်ဆိုင်ရာ တက္ကသိုလ်များမှ ဆရာ ဆရာမများကို ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်နိုင်ရေးအတွက် အကြံပေးအဖွဲ့မှ စိစစ်ရွေးချယ်၍ ကျောင်းသား ကျောင်းသူအရေအတွက်နှင့် ကိုက်ညီပြီး သင့်လျော်သည့် ဆရာ ဆရာမများကို သက်ဆိုင်ရာ တပ်များမှ ဂုဏ်ထူးဆောင်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပါသည်။

### နိုင်ငံ့သားကောင်းများ မွေးထုတ်ပေး

၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ တပ်ဖွဲ့ဝင်ကျောင်းဆရာ ၁၇ ဦး၊ ဆရာမ ၅ ဦး စုစုပေါင်းအရာရှိ ၂၂ ဦး ခန့်အပ်ပေးနိုင်ခဲ့ပါသည်။ တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအား သင်တန်းတက်ရောက်လေ့ကျင့်စေခြင်းဖြင့် နိုင်ငံတော်၏မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ထိန်းလိုသောစိတ်ဓာတ်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာနိုင်စေမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ နိုင်ငံတော်အတွက် အားထားရသော နိုင်ငံ့သားကောင်းများ မွေးထုတ်ပေးနိုင်မည်ဖြစ်ပါသည်။

မြန်မာ့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားလျက် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို တစ်တပ်တစ်အား ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ ဒုတိယ (၁)နှစ်တာကာလအတွင်း ကာကွယ်ရေးဝန်ကြီးဌာန၏ဆောင်ရွက်ချက်များကို မှတ်တမ်းပြုတင်ဆက်လိုက်ရပါသည်။ ။



တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စခန်းချလေ့ကျင့်ရေးပြုလုပ်စဉ်။

ကြေးမုံ အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် ဒုတိယ (၁) နှစ်တာ



# ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး မူဝါဒ သုံးရပ် ချမှတ် အကောင်အထည်ဖော်လျက်ရှိသည့်

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

■ သတင်းဆောင်းပါး - ရှင်မင်း

**စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားများ တိုးတက်ကောင်းမွန်ရရှိရန်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဟူသည့် မူဝါဒသုံးရပ်ကို ခိုင်ခိုင်မာမာ ချမှတ်ကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြည်သူ့အတွက် ဒုတိယ (၁)နှစ်တာကာလအတွင်း ဦးတည် လုပ်ဆောင်ခဲ့သည်။**

စစ်ကိုင်းတိုင်းဒေသကြီး၏ မူဝါဒတစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် မြေယာမဲ့ ပြည်သူများအတွက် လယ်ယာမြေဧက ၁၆၀၀ ကျော်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည့်အပြင် အဆင့်မြင့်လယ်ယာမြေများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍမှာဆိုရင် အဆင့်မြင့်လယ်ယာမြေတွေ ဖော်ထုတ်ပေးခဲ့တာ ဧက တစ်ထောင်ကျော်ရှိသွားပြီဖြစ်တယ်၊ လယ်မဲ့ယာမဲ့ ပြည်သူတွေအတွက် လယ်ယာမြေဧက ၁၆၀၀ ကျော်ကို အကောင်အထည်ဖော်ပေးခဲ့ပါတယ်၊ ဒါကလည်း ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အခြေခံပြီး တိုးတက်ဖွံ့ဖြိုးအောင် လုပ်မယ်လို့ ပြောထားတဲ့အတွက်ကြောင့် ဖြစ်တယ်၊ ဒါ့ကြောင့် ဒါတွေလုပ်နေပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ပြောကြားသည်။

"အစိုးရအဖွဲ့က တောင်သူတွေကိုလည်း လုပ်ငန်းအဆင်ပြေအောင် ကူညီပေးပါတယ်၊ တောင်သူတွေအတွက် အစိုးရအဖွဲ့ဆီကို အကြံပြုပြောချင်တာက တောင်သူတွေအတွက် သီးနှံဈေးကွက်ကို တည်ငြိမ်အောင် လုပ်ပေးပါလို့ ပြောလိုပါတယ်" ဟု ချောင်းဦးမြို့နယ် ကြာပိုင်ကျေးရွာမှ တောင်သူ ဦးဘိုရီက ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် မူဝါဒသုံးရပ်ချမှတ်ကာ ပြည်သူ့အတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်က "ကျွန်တော်တို့ အစိုးရတာဝန်ယူချိန်ဟာ အခုဆိုရင် နှစ်နှစ်တာကာလအတွင်း ရောက်ခဲ့ပြီ၊ ပြည်သူတွေရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးမူဝါဒသုံးရပ်ကို ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီမူဝါဒတွေကတော့ စိုက်ပျိုးရေးနဲ့ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရဲ့ လူမှုစီးပွားဘဝ မြင့်တက်လာစေရန်၊ အခြေခံအအောက်အအုံတွေဖြစ်တဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန်နဲ့ လျှပ်စစ်ဓာတ်အားတွေ တိုးတက်ရရှိစေရန်၊ ခရီးသွားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရန်တို့ ဖြစ်တယ်။ အဲဒီမူတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်တော်တို့အနေနဲ့ ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်"ဟု ပြောကြားသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးအတွင်း လမ်း၊ တံတားများ တိုးတက်ကောင်းမွန်ရေးကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ နှစ်နှစ်တာအတွင်း အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအနေနဲ့ ကျေးလက်လမ်းမိုင်ပေါင်း ၁၂၁၀၊ ကျေးလက်တံတား ၉၆၆ စင်း၊ လမ်းဦးစီးဌာနက ဆောင်ရွက်တဲ့ လမ်းမိုင်ပေါင်း ၃၃၆ မိုင်၊ တံတားပေါင်း ၂၆၇ စင်းကို တည်ဆောက်ပေးနိုင်ခဲ့တယ်။ အထူးသဖြင့် ချင်းတွင်းမြစ်ကူးတံတားဖြစ်တဲ့ ချင်းတွင်းတံတား(ကလေး)၊ ချင်းတွင်းတံတား(ဟုမ္မလင်း)၊ ချင်းတွင်းတံတား(ခန္တီး) သုံးစင်းကို တည်ဆောက်ပေးနိုင်ခဲ့တယ်" ဟု တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားသည်။

အထူးကဏ္ဍ [ စ ] သို့ »»



နာဂဒေသဝင်ပေါက် ချင်းတွင်းတံတား(ခန္တီး)အား တွေ့ရစဉ်။



နှစ်(၅၀)ပြည့် ရွှေရတု ကနန်းတိုင်းရင်းသားရိုးရာပွဲတော်တွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် တိုင်းရင်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

»»» အထူးကဏ္ဍ [ င ] မှ

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းမှ ကျေးရွာ ၄၉၉၀ ကို လျှပ်စစ်မီးရရှိစေရန် ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်ဓာတ်အားလိုင်းများနှင့် လျှပ်စစ်ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးဟာ ရှမ်းပြည်နယ်ပြီးရင် ဒုတိယအကြီးဆုံးပါ၊ ပြီးတော့ တိုင်းဒေသကြီးတွေမှာ အကျယ်ဆုံးပါ၊ ကျွန်တော်တို့ တိုင်းဒေသကြီးထဲက တချို့နေရာတွေမှာ လမ်းပန်းဆက်သွယ်ရေး အင်မတန် ခက်ခဲတယ်။

"ဒါ့ကြောင့် အစိုးရအဖွဲ့အနေနဲ့ ကြိုးစားဆောင်ရွက်ခဲ့ပါတယ်၊ သိသာထင်ရှားတဲ့ တိုးတက်မှုကတော့ မြစ်ကူးတံတားတွေ တည်ဆောက်ပေးနိုင်တယ်၊ ပြည်ထောင်စုလမ်းမကြီးနဲ့ ကျေးလက်လမ်းတွေ တိုးတက်ဖောက်လုပ်ပေးနိုင်တယ်၊ တိုင်းဒေသကြီးအတွင်းက ကျေးရွာ စုစုပေါင်းရဲ့ ၈၉ ဒသမ ၀၃ ရာခိုင်နှုန်းအထိ ကျေးလက် မီးလင်းရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့တယ်၊ လျှပ်စစ်ဓာတ်အားလိုင်းနဲ့ လျှပ်စစ်ဓာတ်အားခွဲရုံတွေ တိုးချဲ့တာ၊ အဆင်မြှင့်တာတွေကို ဆောင်ရွက်ပေးနိုင်ခဲ့တယ်။

"နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လဟယ်မြို့နဲ့ နန်းယွန်းမြို့တို့မှာ အသေးစား ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု တည်ဆောက်ပြီး အခုဆိုရင် လျှပ်စစ်မီးဖြန့်ဝေပေးနိုင်ခဲ့ပါပြီ၊ အိုးအိမ်အဆောက်အအုံအနေနဲ့ ဝင်ငွေနည်း ပြည်သူတွေအတွက် အခန်းပေါင်း ၂၄၀ ပါတဲ့ ၁၂ ခန်းတွဲ၊ လေးထပ်တိုက် ငါးလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်"ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

> "နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လဟယ်မြို့နဲ့ နန်းယွန်းမြို့တို့မှာ အသေးစား ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု တည်ဆောက်ပြီး အခုဆိုရင် လျှပ်စစ်မီး ဖြန့်ဝေပေးနိုင်ခဲ့ပါပြီ၊ အိုးအိမ်အဆောက်အအုံအနေနဲ့ ဝင်ငွေနည်း ပြည်သူတွေအတွက် အခန်းပေါင်း ၂၄၀ ပါတဲ့ ၁၂ ခန်းတွဲ၊ လေးထပ်တိုက် ငါးလုံးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့"

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မူဝါဒတစ်ခုဖြစ်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့ ခြောက်မြို့ကို အခြေခံပြီး ခရီးသွားဇုန် ခြောက်ဇုန် သတ်မှတ်လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ထိုသို့ သတ်မှတ်လုပ်ဆောင်ခဲ့သည့်အတွက် တိုင်းဒေသကြီးအတွင်း ပြည်တွင်းခရီးသွား နှစ်ဆကျော် တိုးတက်ဝင်ရောက်ခဲ့ပြီး ပြည်ပခရီးသွား ဝင်ရောက်မှုလည်း တိုးတက်ခဲ့ကြောင်း သိရသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က "ကျွန်တော်ကိုယ်တိုင် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတယ်၊ ကျွန်တော်တို့ တိုင်းဒေသကြီးထဲမှာ မပျက်စီးတဲ့ သဘာဝတောတောင်တွေရှိတယ်၊ တချို့နေရာတွေ ပျက်စီးနေတာတွေလည်းရှိတယ်၊ ဒီပျက်စီးတဲ့နေရာမှာ ဝါးစိုက်ပျိုးဖို့ လုပ်နေတာရှိတယ်၊ ပြီးတော့ အထင်ကရ သမိုင်းအမွေအနှစ်တွေရှိတယ်၊ အခုဆိုရင် ကမ္ဘာ့အကြီးဆုံး ကျွန်းပင်ကြီးကို တွေ့ရှိခဲ့ပြီးပြီ၊ ဝန်းသိုမြို့ မိုင်းသိုရွာမှာလည်း ရှေးဟောင်းပျူခေတ် အဆောက်အအုံတွေ တွေ့ထားတယ်၊ ဆက်လက်ပြီးတော့ သမိုင်းအမွေအနှစ်တွေကို ရှာဖွေထိန်းသိမ်းသွားမယ်။

"ကျွန်တော်တို့ ဒေသမှာ ဒေသခံ လူမျိုးစုတွေလည်းရှိတယ်၊ ဒီလူမျိုးစုတွေရဲ့ ရိုးရာယဉ်ကျေးမှုတွေ ရှိနေတာကြောင့် ကျွန်တော်တို့ တိုင်းဒေသကြီးကို ပြည်တွင်းပြည်ပ ခရီးသွားတွေ စိတ်ဝင်စားတဲ့ တိုင်းဒေသကြီးတစ်ခုဖြစ်တယ်၊ ခရီးသွားတွေအတွက် ဝင်ပေါက်ဖြစ်တဲ့ စစ်ကိုင်းမြို့မှာ ခရီးသွားတွေ စိတ်ဝင်စားတဲ့ ကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်၊ မင်းဝံဒေသခရီးစဉ်အပြင် နေရာသစ်ဖြစ်တဲ့ အင်္ဂလိပ်ခေတ်က အစေခံခံတပ်၊ ကနောင်မင်းသားကြီးရဲ့ ဖန်ချက်စက်ရုံနဲ့ သမိုင်းဝင် လေ့လာစရာ နေရာအများကြီးကို ဖော်ထုတ်ခဲ့ပါတယ်။

"ပြီးတော့ ချောင်းဦးမြို့နယ်က ဒုတိယပုဂံလို့တောင် တင်စားလို့ရတယ်။ ဒါကို ပြန်လည်ထိန်းသိမ်းဖို့ လုပ်နေတယ်၊ အင်းတော်မှာ မာန်လည်ဆရာတော်ကြီးရဲ့ နေရာဟာ အင်မတန် လေ့လာစရာကောင်းတဲ့အတွက် ဆောင်ရွက်နေတာတွေရှိပါတယ်၊ ဗန်းမောက်မှာရှိတဲ့ ဇလုံတောင်ဟာ သာယာလှပတယ်၊ ခရီးသွားတွေလည်း လာကြတဲ့အတွက် စနစ်တကျဖြစ်အောင် ဆောင်ရွက်နေတယ်။

"သဘာဝအပန်းဖြေနေရာနဲ့ ပတ်သက်ပြီး တွင်းမတောင်တွင်းကြီးနေရာက လှပတယ်၊ လင်းနို့တွေရှိတဲ့ ဇင်းတောင်ကိုလည်း ဆောင်ရွက်နေတယ်၊ ဒီလိုဆောင်ရွက်တဲ့ နေရာမှာ ကျောင်းသား ကျောင်းသူတွေကို သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးတတ်အောင်လို့ Camp တွေနဲ့ လေ့လာနိုင်အောင် ဆောင်ရွက်နေတယ်။ ကန့်ဘလူက ချပ်သင်းရွှေသမင်ဘေးမဲ့တောဟာဆိုရင် အရင်က

အထူးကဏ္ဍ [ ဆ ] သို့ »»»



ချောင်းဦးမြို့နယ် ပေါက်အင်းစိုက်ကွင်းတွင် ဆောင်းသီးနှံ တောင်သူနည်းပညာပေးသရုပ်ပြပွဲ ပြုလုပ်စဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံမှုဖြင့် တန်ဖိုးနည်း ပြည်သူ့အငှားအိမ်ရာကို တွေ့ရစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ စ ] မှ

အကောင် ၃၀၀ ကျော်ကနေ အခု အကောင် ၇၀၀ ကျော်ရှိသွားပါပြီ၊ သဘာဝတောရိုင်း တိရစ္ဆာန် ထိန်းသိမ်းတဲ့လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်၊ ခရီးသွားတွေအတွက် သန့်ရှင်းတဲ့ သန့်စင်ခန်းတွေ အသုံးပြုနိုင်အောင်လည်း စက်သုံးဆီအရောင်းဆိုင်တွေမှာ သန့်စင်ခန်းတွေ ဆောင်ရွက်ခဲ့တယ်။ ဒါ့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီးက သန့်စင်ခန်းတွေ ဆောင်ရွက်ခဲ့တဲ့အတွက် ဆုလည်း ရရှိခဲ့တယ်။

"ခရီးသွားတွေ များများလာလေ တိုင်းဒေသကြီးထဲက ဒေသခံတွေအတွက် အလုပ်အကိုင် အခွင့်အလမ်းများလေ ဖြစ်ပါတယ်၊ လူမှုစီးပွားဘဝလည်း တိုးတက်လေ ဖြစ်ပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီးက ခရီးစဉ်တော်တော်များများကိုတော့ သိကုန်ကြပါပြီ၊ စာရင်းဇယား ကောက်လိုက်တော့ ပြည်တွင်းခရီးသွားက နှစ်ဆကျော်တိုးတက်လာတယ်။ ပြည်ပခရီးသွားက ၄၃ ရာခိုင်နှုန်းအထိ တိုးတက်လာတယ်၊ ဒီလို တိုးတက်နေတာကို ရောင့်ရဲမနေဘူး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ဒီထက်တိုးတက်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထိုသို့ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် တိုင်းပြည်ဘဏ္ဍာကို အလေးထားကာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝဘေး တားဆီးကာကွယ်ရေး၊ လျှပ်စစ်မီးလင်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ရေးစသည့် လုပ်ငန်းများအတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်းရှိ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်လျက်ရှိပြီး သိမ်းဆည်းလယ်ယာမြေနှင့် ပတ်သက်သည့် အမှုတွဲ ၁၆၁ တွဲကို စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"သိမ်းဆည်းခံ လယ်ယာမြေတွေကို ပြန်လည်စိစစ်ရေးကော်မတီ ဖွဲ့စည်းပြီးတော့ အမှုတွဲပေါင်း ၁၆၁ တွဲကို စိစစ်ပြီး သိမ်းဆည်းလယ်ယာမြေ ဧရိယာပေါင်း ၄၈၀၀၀ ကျော်ကို စွန့်လွှတ်ပေးနိုင်ရန် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်၊ ကျန်ရှိတာကတော့ နည်းနည်းပဲရှိတော့တယ်လို့ သိရပါတယ်၊ ပြီးတော့ အဲလိုလုပ်တဲ့နေရာမှာ လယ်ယာမြေကို ပြန်လည်မစွန့်လွှတ်နိုင်တာနဲ့ ပတ်သက်ပြီး လျော်ကြေးငွေပေးအပ်တာကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ဝန်ကြီးချုပ်က ဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာစက်မှုဇုန်၊ စစ်ကိုင်းစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန်နှင့် ကလေးစက်မှုဇုန် စသည့် စက်မှုဇုန်လေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

"မုံရွာစက်မှုဇုန်ကတော့ အဓိကပေါ့၊ ဒီစက်မှုဇုန်လေးဇုန် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံအဆောက်အအုံ လိုအပ်ချက်တွေကို ဖြည့်ဆည်းဆောင်ရွက်ပေးနေတယ်၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ ဒေသဆိုင်ရာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေ တိုးတက်ရေးအေဂျင်စီကို ဖွဲ့စည်းခဲ့ပြီး စီးပွားရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုအပ်တဲ့ နည်းပညာ၊ အရင်းအနှီးနဲ့ လျှပ်စစ်ဓာတ်အားရရှိရေးနဲ့ ထွက်လာတဲ့ ကုန်ပစ္စည်းတွေ ဈေးကွက်ရရှိရေးကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီကို ဖွဲ့စည်းပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတွေ တိုးတက်လာအောင် ကြိုးပမ်းလျက်ရှိတယ်၊ ပြည်ပကတော့ အခု ရင်းနှီးမြှုပ်နှံသူ နည်းနည်းတော့ လာနေပါပြီ" ဟု ဝန်ကြီးချုပ်က ပြောကြားသည်။

တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေးကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကာ ပြည်သူများ၏ တိုင်ကြားစာများကိုလည်း စနစ်တကျ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ထံမှ တိုင်ကြားစာ ၃၈၁၈ စောင်အနက် ၁၇၀၀ ကို ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုအပေါ်

အထူးကဏ္ဍ [ ဇ ] သို့ »»»



နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့ တိုင်းခမ်းချောင်းရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

"ခရီးသွားတွေ များများလာလေ တိုင်းဒေသကြီးထဲက ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများလေ ဖြစ်ပါတယ်၊ လူမှုစီးပွားဘဝလည်း တိုးတက်လေ ဖြစ်ပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီးက ခရီးစဉ်တော်တော်များများကိုတော့ သိကုန်ကြပါပြီ၊ စာရင်းဇယား ကောက်လိုက်တော့ ပြည်တွင်းခရီးသွားက နှစ်ဆကျော် တိုးတက်လာတယ်"

»»» အထူးကဏ္ဍ [ ဆ ] မှ

ဒေသခံတစ်ဦးဖြစ်သည့် မုံရွာမြို့ အောင်မင်္ဂလာရပ်မှ ဦးလှဟန်က "မြို့မိ မြို့ဖတွေကိုလည်း လက်တွဲခေါ်ယူပြီး အတူတကွ ဆောင်ရွက်တာကို တွေ့ရပါတယ်၊ ပွင့်လင်းမြင်သာစွာ ပြောဆိုဆောင်ရွက်တာကိုလည်း တွေ့ရှိရပါတယ်၊ ကဏ္ဍတိုင်းမှာ အဆင်ပြေလာတာ တွေ့ရပါတယ်၊ မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အနေနဲ့ အများကြီး လုပ်ဆောင်ပေးတာကို တွေ့ရပါတယ်။ တချို့ဌာနတွေမှာ ကြန့်ကြာနေတာတွေလည်း ရှိသေးတယ်၊ ပြောင်းလဲပြီး ပြည်သူအတွက် ဆောင်ရွက်ပေးတဲ့ ဌာနတွေက များပါတယ်" ဟု ပြောသည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အပေါ် ဝန်ကြီးချုပ်က "ကျွန်တော်က အလုပ်လုပ်ရင် နည်းနည်းလေး ဖောက်ထွက်ပြီးတော့ လုပ်ချင်တဲ့အကျင့်က ရှိနေတယ်၊ ရှေ့ဆက်လုပ်ငန်းအနေနဲ့ပြောရရင် တိုင်းဒေသကြီး ဘတ်ဂျက် ၅ ဒသမ ၆ ဘီလီယံနဲ့ မြို့နယ် ၃၇ မြို့နယ်အတွက် မြေထိုးစက်၊ မြေကြိတ်စက်၊ မြေသယ်ယာဉ် တစ်စီးစီ စုစုပေါင်း သုံးစီး ထောက်ပံ့ပေးခဲ့တယ်၊ အဲဒီလို ထောက်ပံ့ပေးတာလည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်နဲ့ ဌာနဆိုင်ရာ ပူးပေါင်းပြီး ကိုယ့်ဒေသရဲ့ လိုအပ်တဲ့နေရာတွေမှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမြန်ဆုံးလုပ်နိုင်ဖို့၊ နောက်ပြီး အထက်ချင်းတွင်းဒေသအတွက် ဟုမ္မလင်းမြို့နယ် နမ့်ပန်ခါးချောင်းမှာ ၃ မဂ္ဂါဝပ် ထွက်မယ့် အသေးစားရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။

"စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ခန္တီးခရိုင် ကျောက်မျက်ရတနာဒေသမှာ ဒေသခံပြည်သူတွေ အလုပ်အကိုင်ရရှိရေးအတွက် ရေမဆေးကျောက်ရှာဖွေသူတွေအား ဝင်ခွင့်ကတ်ပြားကို သုံးရောင်ခွဲပြီး ပေးခဲ့တယ်။ အဲဒီ ကတ်ပြားပဲ ဝင်လို့ရမယ်။ နောက်ကုမ္ပဏီတွေကိုလည်း ရေမဆေးကျောက်တွေကို တစ်နေရာတည်းမှာ သက်သက်ပုံပြီးတော့၊ အဲဒီမှာ ဒေသခံနဲ့ ရေမဆေးကျောက် ရှာဖွေသူတို့ အလုပ်အကိုင် ရှေ့ဆက်လုပ်နိုင်ဖို့၊ ကျောက်စိမ်းလုပ်ကွက်နဲ့ ပယင်းလုပ်ကွက်တွေ လက်လုပ်လက်စား ချထားပေးနိုင်ဖို့ လုပ်ကွက်တွေ တိုင်းတာသတ်မှတ်ပေးလျက်ရှိတယ်၊

"ရေမဆေးကျောက်တွေကို တစ်နေရာတည်းမှာ သက်သက်ပုံပြီးတော့၊ အဲဒီမှာ ဒေသခံနဲ့ ရေမဆေးကျောက် ရှာဖွေသူတို့ အလုပ်အကိုင် ရှေ့ဆက်လုပ်နိုင်ဖို့၊ ကျောက်စိမ်းလုပ်ကွက်နဲ့ ပယင်းလုပ်ကွက်တွေ လက်လုပ်လက်စား ချထားပေးနိုင်ဖို့ လုပ်ကွက်တွေ တိုင်းတာသတ်မှတ်ပေးလျက် ရှိတယ်"

"နောက်ပြီး ခန္တီးဒေသမှာပဲ ကျောက်စိမ်းဈေးကြီး ပေါ်ပေါက်လာဖို့ကိုလည်း စီမံဆောင်ရွက်လျက်ရှိတယ်။ ထို့အတူပဲ ဟုမ္မလင်းမြို့နယ် ရွှေထွက်ရာဒေသတွေမှာလည်း အသေးစားနှင့် အလတ်စား လုပ်ကွက်တွေကို မကြာခင် ဒေသခံတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ချထားပေးသွားမှာဖြစ်ပါတယ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ရွှေတွေ ထွက်တယ်၊ ထွက်တော့ ဗန်းမောက်မြို့နယ်အတွင်းမှာလည်း အဲဒီလိုချထားဖို့ လုပ်နိုင်ဖို့အတွက် တင်ပြထားတယ်။

"ပြီးတော့ သဖန်းဆိပ်ဆည်ဟာ အရှေ့တောင်အာရှမှာ အကြီးမားဆုံးဆည်၊ ရွှေဘိုတစ်နယ်လုံး သဖန်းဆိပ်ဆည်ကြီးကို အားကိုးနေရတယ်၊ အဲဒီမှာလည်း ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်နိုင်တယ်၊ အဲဒီ သဖန်းဆိပ်ဆည်ရဲ့ ရေမြောင်းတွေအစ သပ်ရပ်အောင် ရှေ့ဆက်ပြီးတော့ JICA ပေါင်းပြီး လုပ်ဆောင်ဖို့ရှိတယ်၊ ရွှေဘို ပေါ်ဆန်းမွှေးကိုလည်း ပို့ကုန်အဖြစ် ဆောင်ရွက်သွားချင်တယ်" ဟု ပြောကြားသည်။

ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မူဝါဒသုံးရပ်ကို ချမှတ်ထားပြီး ချမှတ်ထားသည့်အတိုင်းပင် ပြည်သူ့အကျိုးစီးပွားအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။



စစ်ကိုင်းမြို့ အမှတ်(၃)ဆေးဝါးထုတ်စက်ရုံ ဖွန်ဆေးဝါးလုပ်ငန်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုစဉ်။



တစ်နေ့လျှင် ရေဂါလန် လေးသိန်းပေးဝေနိုင်မည့် မြစ်ရေတင် မြို့ရေပေးဝေရေးစီမံကိန်းကို တွေ့ရစဉ်။



ကန့်ဘလူမြို့နယ် လင်းနို့ဂူ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးစခန်း သစ်တောပြတိုက်တွင် ပြသမည့် တိရစ္ဆာန်ရုပ်များကို တွေ့ရစဉ်။



စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စစ်ကိုင်းစက်မှုဇုန်အတွင်းရှိ ဟုန်ပန်းစက်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။